# ဘုရားသခင်၏ ဖွင့်ပြခြင်း

## ဂျက်ဖာဆွန်ဘေးလီး၊ အင်ဒီယားနား၊ အမေရိကန်။
## ၆၄ - ၀၆၁၄ အမ်မ်

1 ၁။ ကျွန်တော်တို့ဆုတောင်းရန်အတွက် ခေါင်းငုံ့နေကြစဉ် မတ်တပ်ရပ်နေကြပါစို့။

ကျေးဇူးတော်ကြီးမားလှသည့် ကျွန်ုပ်တို့၏အဖ ကိုယ်တော်ရှင်ကြွလာတော် မမူမီ ကျွန်ုပ်တို့အားလုံး စုဝေးလျှက် ယနေ့ဤရရှိသော အခွင့်အရေးအတွက် ကျွန်ုပ်တို့အမှန်တစ်ကယ်ပင် ဂုဏ်ယူမိပါသည်။ ကိုယ်တော်ရှင်၏နှုတ်ကပတ်တော်အားဖြင့် ကျွန်တော်တို့၏စိတ်နှလုံးကို စစ်ဆေးခွင့်ပြုပါ။ ယုံကြည်ခြင်းရှိမရှိ စစ်ဆေးပါ။ ကျွန်တော်တို့အဆင်သင့် ဖြစ်စေရန်ဖြစ် ပါသည်။ ကိုယ်တော်ရှင်ကြွလာတော်မူမည့်အချိန်တွင် အဆင့်သင့်ဖြစ်စေရန် ဖြစ်ပါသည်။ ကျမ်းစာဆိုထားသည့်အတိုင်း ကျွန်တော်တို့ဖြစ်သင့်ပါသည်။ “အိပ်ပျော်သူများနှင့် အတူတကွ ချီဆောင်ခြင်းခံရ၍ ကိုယ်တော်ရှင်နှင့်အတူ ထာဝရနေ ထိုင်ရန် လေထဲတွင် အတူတကွဆုံတွေ့ကြရပါမည်။”

ကမ္ဘာလောကကြီးပေါ်တွင် စစ်မှန်သောခရစ်တော်ဝိညာဉ် ရှိနေသေးသည့်အတွက် ကိုယ်တော်ကို ကျွန်တော်တို့ကျေးဇူးတင် ပါသည်။ ကိုယ်တော်ကို ယုံကြည် နေဆဲရှိသူများနှင့် နှုတ်ကပတ်တော်ကို ယုံကြည်နေဆဲရှိသူများ အကြားတွင် ဝိညာဉ်တော် ရှိနေဆဲ ဖြစ်ပါသည်။ ယနေ့ ကျွန်တော်တို့အပေါ်သို့ကိုယ်တော်၏ ကောင်းကြီးများ သက်ရောက်စေရန် ကျွန်တော် တို့ဆုတောင်းပါသည်။ ကိုယ်တော်ရှင်၏ နှုတ်ကပတ်တော်အားဖြင့် ရေလောင်းခြင်းခံရပြီး ဤနောက်ဆုံး သောကာလတွင် ကိုယ်တော်၏လက်တော်ဖြင့် အသုံးပြုသော တန်ဆာပလာများ ဖြစ်လာစေရန်အတွက် ဖြစ်ပါသည်။ သခင်ယေရှုတည်း ဟူသော ကြီးမြတ်တော်မူသည့် သိုးထိန်းကြီးအားဖြင့် မစတော်မူပါမည်အကြောင်း နာမတော်မြတ်ကိုအမှီပြုလျက် ဆုတောင်း ကြပါသည်။ အာမင်။ ထိုင်နိုင်ပါပြီ။

2 ၂။ တဖန်ဤနေရာသို့ကျွန်တော်ပြန်ရောက်လာသည့်အတွက် အလွန် ကြီးမားသော အခွင့်အရေးတစ်ရပ်ဖြစ်သည်ဟု ကျွန်တော်ပြောလိုပါသည်။ နေရာထိုင်ခင်း အလုံအလောက်မရှိသည့်အတွက် တောင်းပန်ပါသည်။ ယနေ့ည လူနာများကို ဆုတောင်းပေးခြင်း အစီအစဉ်ရှိပါသည်။ ယနေ့မနက် အစီအစဉ်မှာ အနည်းငယ်ခက်ခဲမှု ရှိပါသည်။

ယနေ့ဤသတင်းစကားကို ကျွန်တော်တိတ်ခွေထဲတွင် ထည့်သွင်းထားလိုပါသည်။ လွန်ခဲ့သောနှစ်လခန့်ကပင် ကိုယ်တော် ရှင်ကကျွန်တော့်ကို ထိုသို့ပြုလုပ် စေလိုခြင်း ဖြစ်ပါသည်။ ဝတ်ပြုကိုးကွယ်သည့်အချိန် မိနစ်သုံးဆယ်၊ လေးဆယ်ခန့် ကျွန်တော်တို့ အချိန်ရပါသည်။ အလုပ်သွားမည့်သူများရှိသဖြင့် အချိန်ကန့်သတ်ရခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်၏ တရားဟောချက်များကို တိုစေလိုခြင်း ဖြစ်ပါသည်။ မှတ်တမ်းပြုစုရန် သူတို့မှာအချိန်မရှိပါ။ ဘုရား ကျောင်းရောက်သည်အထိ ကျွန်တော် စောင့်နေပါသည်။ ထိုနေရာမှာပင် အသံ သွင်းပါသည်။ အနည်းငယ်ရှည်ပါသည်။ ကျွန်တော်လည်း စောင့်ဆိုင်း နေရပါသည်။ ခင်းဗျားတို့လည်း မတ်တတ်ရပ်နေရပါသည်။ အတတ်နိုင်ဆုံးအမြန် ဆုံးတရားဟောပါမည်။ ခင်းဗျားတို့ထိုင် နေသည့် နေရာမှာပင် ခလုပ်ဖွင့်နားထောင်နိုင်ပါသည်။ ဘာဘဲဖြစ်ဖြစ် နေ့ထူးဖြစ်သဖြင့် အသံသွင်းခွင့်ရပါသည်။ အလွန် ကောင်းပါသည်။

ကိုယ်တော်ရှင်သည် လုပ်ကွင်းထဲမည်သို့အမှုပြုကြောင်း ကျွန်တော်တို့သိရပါ သည်။ သို့သော်လည်း ယနေ့ညပို၍သိရပါမည်။ အချိန်ပိုပေးပါက ပို၍သိရပါ မည်။ အချိန်ပိုပေးကြပါ။

3 ၃။ သင်တိုတစ်ဦးစီကို ဘုရားသခင်ကောင်းကြီးပေးမည်ဖြစ်ကြောင်း ကျွန်တော်သိ ပါသည်။ သင်တို့၏စိတ်နှလုံးများမှာ ပျော်ရွှင်မှုများဖြင့် ပြည့်လျက်ရှိကြောင်း ကျွန်တော်သိပါသည်။ ကိုယ်တော်ရှင် ကြွလာတော်မူမည့်အကြောင်း မျှော်လင့်လျှက် ရှိပါသည်။ ကျွန်တော်လည်း ထိုနည်းအတိုင်းပင် ဖြစ်ပါသည်။ အဖြစ်အပျက်များကိုအရှိအတိုင်း ဖြစ်ပျက်နေသည်ကို တွေ့ရပါသည်။ တစ်နိုင်ငံလုံးအ ခက်အခဲတွေ့နေရခြင်း ဖြစ်ပါသည်။ အသင်းတော်မှာလည်း ထိုအခြေအနေမျိုးတွင်ပင် ရှိနေပါသည်။ ကိုယ်တော်ရှင်ကြွလာတော်မူမည့် နမိတ်လက္ခဏာကို ရုပ်ပိုင်းနှင့်ဝိညာဉ်ပိုင်း နှစ်မျိုးစလုံး တွေ့ရပါသည်။ ကိုယ်တော်ရှင်ကြွလာတော် မူမည့်အချိန်မှာလည်း အလွန်နီးကပ်လျက် ရှိနေပါသည်။ ဤနေ့ရက်များအတွင်း ပြောင်းလဲ ရမည်ကိုသိသဖြင့် ကျွန်ုပ်တို့၏စိတ်နှလုံးများမှာ ပျော်ရွှင်မြူးတူး လျက်ရှိပါသည်။ ယခုကျွန်တော်တို့ရှိသောအဖြစ်မှာ ကျွန်တော်တို့ပြောင်းလဲ သွားကြမည်ဖြစ်ပါသည်။

4 ၄။ သူတို့ထံတွင်တစ်နေရာ၌ တယ်လီဖုန်းချိတ်ရှိပါသည်။ ဤသတင်းစကားမှာ (Phoenix) ထဲသို့ ဝင်၍တယ်လီဖုန်း အားဖြင့် နေရာတိုင်းသို့ရောက်သွားပါသည်။ အပြင်ဖက်တွင်ရှိသောလူများအားလုံး အမှန်တကယ်ပင် ကျန်းမာနေကြပါ သည်။ သူတို့အပေါ်သို့ ဘုရားသခင်၏ဘုန်းတော် ကျရောက်ပါသည်။

5 ၅။ ယခုအခါတွင် ကျွန်တော်တို့ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ဖွင့်ပြပါတော့မည်။ ယနေ့ဤနေရာသို့ကျွန်တော် တို့ ရောက်လာကြခြင်းမှာ အကြောင်းမဲ့ သက်သက်ရောက်လာကြခြင်း မဟုတ်ပါ။ အတူတဲအတွင်း၌ ထိုင်နေကြရမည် ဟုလည်း မည်သူကမှ မျှော်လင့်မထားကြပါ။ တစ်ခုတည်းသော ရည်ရွယ်ချက်ဖြင့်သာရောက် နေကြခြင်း ဖြစ်ပါသည်။ “ဘုရားနှင့်နီးကပ်စွာ လျှောက်လှမ်းနိုင်ရန် အတွက်ပင် ဖြစ်ပါသည်။” သခင်ယေရှုသည် ကျွန်ုပ်တို့နှင့်အတူရှိကြောင်း ယုံကြည်ခြင်းကိုသာ ကျွန်တော်တို့တတ်နိုင်ကြပါသည်။ ဤနေရာမှာ ရောက်နေကြခြင်းမှာ ကိုယ်တော်ရှင်နှင့်နီးကပ်စွာ လျှောက်လှမ်းရန်ပင် ဖြစ်ပါသည်။

6 ၆။ ဤအပူအချိန်မှာ ကျွန်တော့်အတွက် အနည်းငယ် ပြင်းထန်ပါသည်။ (Tuecson) တွင် တွေ့ကြုံရလေ့ရှိသော ခြောက်သွေ့သည့်အပူချိန်မျိုး ဖြစ်ပါသည်။ ဤနေရာမှာ အနည်းငယ် စိုထိုင်းမှု ရှိပါသည်။ ကျွန်တော်တို့နေသော နေရာမှာ ဤနေရာ ထက်ပိုပူပါသည်။ သို့သော်လည်း ခြောက်သွေ့ပါသည်။ အောက်စီဂျင် ထဲတွင် နေရသကဲ့သို့စိုထိုင်းမှုမှာ ၁%၊ နှစ်ဆယ်ပုံတစ်ပုံသာ ဖြစ်ပါသည်။ ရေခိုးရေငွေ့များပါသဖြင့် ကျွန်တော်တို့ပြောသကဲ့သို့အားလုံးခြေကုန်လက်ပန်း ကျသကဲ့သို့ခံစားရပါသည်။ ခင်ဗျားအတွက် ခံရခက်ပါသည်။ မိခင်များနှင့်က လေးငယ်များ၊ လူကြီး၊ လူငယ်အားလုံးအပြင် ဖက်တွင် ရပ်နေသူများမှာလည်း အနေရ ခက်ပေသည်။

သင်၏ပူဇော်သော ဆက်ကပ်မှုကြောင့် ဘုရားသခင် ကသင့်ကို ကြွယ်ဝစွာ ကောင်းချီးပေးမည် ဖြစ်ပါသည်။

7 ၇။ ဤနေရာတစ်နေရာမှာ Bro. Roy Borders ရှိမည်ဟု ကျွန်တော်ထင်ပါသည်။ ကြေငြာသည်ကို ကြားရပါသည်။ သူအထဲဝင်၍ မရသောကြောင့် ဖြစ်မည်ထင်ပါသည်။ သူသည်စည်းဝေးပွဲများ၏ မန်နေဂျာဖြစ်ပါသည်။

ကျွန်တော်တို့နှင့်အတူတကွ ရှိခဲ့သောသူတစ်ဦး ယနေ့မနက်ပိုင်းမှာပင် ကိုယ်တော်နှင့်အတူ အိပ်ပျော်သွားပြီဖြစ်ပါတယ်။ မီရှီဂန်ပြည်နယ် Sturgis မှ Bro. Jackson ဆိုသူဖြစ်ပါသည်။ သူဘာကြောင့် သေဆုံးရသည်ကို မည်သူမှ မသိပါ။ သူနေထိုင် ကောင်းနေပါသည်။ ကျန်းကျန်းမာမာပင် ဖြစ်ပါသည်။ သူ့အားသေဆုံးလျှက် တွေ့ရပါသည်။ အသေးစိတ်ကို ကျွန်တော်တို့မသိရပါ။ Bro. Jackson မှာခရစ်ယာန်ဖြစ်ကြောင်း သိရသဖြင့် ဘုရားသခင်ကိုကျွန် တော်များစွာ ကျေးဇူးတင်မိပါသည်။ နှစ်ပေါင်းများစွာ သူ့ကိုကျွန်တော်မတွေ့ ခဲ့ရပါ။ သို့သော်လည်း သူသည်ကျွန်တော်တို့နှင့်အတူ ရှိတော်မူပါသည်။ (သူ့ဝိ ညာဉ်ကို ကိုယ်တော်နှင့်အနားပေးပြီ ဖြစ်ပါသည်။) သူက ဘုရားသခင်ထံ သွားရမည့်အချိန်ရောက်သောကြောင့် ဤနည်း အားဖြင့် သွားရခြင်းဖြစ်သည်ဟု ကျွန်တော်တို့ယုံကြည်ပါသည်။ ဘုရားသခင်က ကြိုတင်၍သတိမပေးပါ။ သူအချိန်တန်၍ သူသွားရခြင်းဖြစ်ပါသည်။ သူ၏ဇနီးသည်ကိုခေါ်ပြီး ဝမ်းနည်းကြေကွဲကြောင်း ပြောပြလိုပါသည်။ သူ၏ခရစ်ယာန်အသက် တာအတွက် ကျေးဇူးတော် ချီးမွမ်းလိုပါသည်။ ဤလောကတွင် အသက်ရှင်စဉ်အခါ သူမည်ကဲ့သို့ အဓိပ္ပါယ်ရှိခဲ့ကြောင်း အထူးသဖြင့် ဤအသင်းတော်အတွက် ဖြစ်ပါသည်။

8 ၈။ ယနေ့ည လူနာများအတွက် ဆုတောင်းခြင်းအစီအစဉ်ရှိမည်ဟု ပြောပြလို ပါသည်။ လူနာများနှင့်ပတ်သက်၍လည်း ကျွန်တော် ယနေ့ညပို၍ ပြောပြစရာများလည်း ရှိပါသည်။

သို့သော်လည်း ဤတစ်ကြိမ်တွင်မူ နှုတ်ကပတ်တော်အကြောင်းကိုသာ တည့်တည့်မတ်မတ် ဆွေးနွေးလိုပါသည်။ အကြောင်း မှာ ရာသီဥတုပူပြင်းခြောက် သွေ့သောကြောင့် ဖြစ်ပါသည်။ နှုတ်ကပတ်တော်ကိုသာ တည့်တည့်မတ်မတ် ဦးတည်ပါသည်။ ကျွန်တော် ပြောလိုသော နောက်ခံသမိုင်းကြောင်း ရရှိစေရန်အတွက် ကျွန်တော်ကနှုတ်ကပတ်တော် ကျမ်းပိုဒ်နှစ်ပိုင်းစီ ကိုတော့ ပြောပြလိုပါသည်။ အနည်းငယ်ရှည်ပါသည်။

တိတ်ခွေကို ကိုင်ထားစေလိုပါသည်။ Bro. Soth Mann နှင့်အခြားသူများ ဖြစ်နိုင်လျှင် တိတ်ခွေများ မရောင်းမီ အများအ တွက် မဖြန့်ဖြူးမီ ကျွန်တော် နားထောင်လိုပါသည်။

9 ၉။ (ဖိလိပ္ပိ ၂း၁-၈) အထိနှင့် (၂ကော ၃း၆)မှ (အခန်းကြီး ၄) အထိ နောက်ခံ သမိုင်းကြောင်းရစေရန်အတွက် ဖတ်ပြလိုပါသည်။ ပထမဆုံး (ဖိလိပ္ပိ ၂)ကို ကျွန်တော်ဖတ်ပြပါမည်။ ကျမ်းစာမဖတ်မီ ဆုတောင်းလိုပါသည်။

10 ၁၀။ သခင်ယေရှု ကိုယ်တော်ရှင်၏နှုတ်ကပတ်တော်သည် သမ္မာတရားဖြစ်ပါသည်။ ကောင်းကင်သို့မဟုတ် မြေကြီးပေါ်တွင် ဤစာစောင်ကိုခတ်ထားသော တံဆိပ်များကို မည်သူမျှမဖွင့်နိုင်ပါ။ မည်သူမျှ ကြည့်ပင်မကြည့်နိုင်ပါ။ စာစောင်ကို လာရောက်၍ ယူဆောင်သူတစ်ဦးတည်းသာ ရှိပါသည်။ ထိုသူမှာအ သေသတ်ခြင်းကို ခံရသောသိုးသူငယ်တော် ဖြစ်ပါသည်။ သွေးလွှမ်းလျှက်ရှိ သော သိုးသူငယ်ဖြစ်၍ ထိုသူတစ်ပါးတည်းသာ ဖွင့်ပိုင်ခွင့်ရှိပါသည်။ ဘုရားသခင်၏ သိုးငယ်တော်မြတ် ယနေ့ကျွန်ုပ်တို့ကို နှစ်သိမ့်ရန်အတွက် ကိုယ်တော် ၏နှုတ်ကပတ်တော်မြတ်ကို ကျွန်ုပ်တို့၏နှလုံးသားများထဲသို့ဖွင့်တော်မူပါ။ ကျွန်ုပ်တို့သည် ကိုယ်တော်၏အစေခံများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ အပြစ်များကို ဖြေလွှတ်တော်မူပါ။ ကိုယ်တော် ကျွန်တော်တို့၏အသက်တာအပေါ်သို့ကြီးမားစွာသောတန်ခိုးနှင့် ဩဇာသက်ရောက်မှုအတွက် အတားအဆီးဖြစ်စေ မည့်အ ရာများကို ဖယ်ရှားတော်မူပါ။ ကိုယ်တော်ရှင်၏နှုတ်ကပတ်တော်အားဖြင့် ရရှိမည့်ကောင်းချီးများကို ကျွန်ုပ်တို့အား အပြည့်အ ၀ စံစားစေပါ။ သခင် ယေရှုနာမတော်မြတ်၌ ဆုတောင်းပါသည်အဖ၊ အာမင်။

11 ၁၁။ (ဖိလိပ္ပိ ၂)

ထို့ကြောင့် ခရစ်တော်၌သက်သာခြင်း မေတ္တာနှင့်စပ်ဆိုင်သော ချမ်းသာခြင်း၊ ဝိညာဉ်တော်နှင့်မိဿဟာရဖွဲ့ခြင်း၊ သနားစုံမက်ခြင်းတည်းဟူသောအရာ တစ်စုံတစ်ခုရှိလျှင် သင်တို့သည် အချင်းချင်းချစ်ကြ၍ စိတ်မကွဲပြားဘဲ တစ်လုံးတစ်ဝ တည်း ကြံစည်ခြင်းနှင့်တကွ သဘောတစ်ညီတညွတ်တည်းရှိသောအားဖြင့်၊ ငါ၀မ်းမြောက်စရာအကြောင်းကို စုံလင်စေကြ လော့။

ရန်တွေ့လိုသောစိတ်၊ အချည်းနှီးကျော်စောကတ္တိကို တပ်မက်သောစိတ်ရှိ၍ အဘယ်အမှုကိုမျှ မပြုကြနှင့်။ သူတပါးသည် ကိုယ့်ထက်သာ၍ကောင်းမြတ် သည်ဟု နှိမ့်ချသောစိတ်ရှိ၍ တစ်ယောက်ကိုတစ်ယောက် ထင်မှတ်ကြလော့။

ကိုယ့်အမှုအရာကိုသာ မရှုမမှတ်ဘဲ သူ့အမှုအရာကို အချင်းချင်းရှုမှတ်ကြ လော့။ ယေရှုခရစ်၌ရှိသော ထိုစိတ်သဘောကို သင်တို့၌လည်း ရှိစေကြလော့။

ထိုသခင်သည် ဘုရားသခင်၏သဏ္ဍာန်တော်နှင့် ပြည့်စုံတော်မူသည်ဖြစ်၍ ဘုရားသခင်နှင့်ပြိုင်သောအမှုကို လုယူတော်မူခြင်း အမှုဟူ၍ မထင်မမှတ်လျှက်ပင် မိမိအသရေကိုစွန့်၍၊ အစေခံကျွန်၏သဏ္ဍာန်ကို ယူဆောင်လျှက် လူကဲ့သို့သော အဖြစ်၌ ဖွားမြင်ခြင်းကို ခံတော်မူ၏။

ထိုသို့လူသည် ဂုဏ်အင်္ဂါလက္ခဏာနှင့် ပြည့်စုံလျှက် အသေခံခြင်းသာမဟုတ်၊ လက်ဝါးကပ်တိုင်မှာ အသေခံခြင်းတိုင်အောင် အစေကျွန်ခံ၍ ကိုယ်ကိုကိုယ် နှိမ့်ချတော်မူ၏။

12 ၁၂။ ကောရိန္တုဩဝါဒစာ (အခန်းကြီး ၃)ကိုဖွင့်၍ ကြည့်လိုက်သောအခါ အခန်းငယ်(၆)တွင် စတင်၍ အငယ်(၁၈) အထိတွေ့ရပါသည်။ (အခန်းကြီး ၄)၏အ စိတ်အပိုင်းအချို့ကို တွေ့ရပါသည်။

ပဋိညာဉ်တရားသစ်၏ အရာဖြစ်နိုင်သော အစွမ်းသတ္တိကို ဘုရားသခင်သည် ငါတို့အားပေးတော်မူ၏။ ထိုသို့ဆိုသော် ကျမ်းဟောင်းတရားကို မဆိုလို။ ဝိညာဉ်တော်တရားကို ဆိုလို၏။ ကျမ်းဟောင်းတရားသည် အသက်ကိုသတ်တတ်၏။ ဝိညာဉ် တော်တရားမူကား ရှင်စေတတ်၏။

ထိုမှတစ်ပါး ပျောက်တတ်သော ရောင်ခြည်တည်းဟူသော မောရှေ၏မျက်နှာမှ ထွက်သော ရောင်ခြည်ကြောင့် ဣသရေလ အမျိုးသားတို့သည် သူ၏မျက်နှာကို စေ့စေ့မကြည့်ရှုနိုင်သည်တိုင်အောင် ကျောက်ပြားပေါ်၌ အက္ခရာတင်၍ရေး ထားသော သေခြင်းတရားသည် ဘုန်းအာနုဘော်နှင့် ပြည့်စုံသည်မှန်လျှင် -

ထိုမျှမက ဝိညာဉ်တော်တရားသည် ဘုန်းအာနုဘော်နှင့်သာ၍ ကြွယ်ဝပြည့်စုံလိမ့်မည်။ နောက်ဖြစ်သောဘုန်းသည် အလွန်မြတ်သောကြောင့် ဘုန်းရှိဘူး သောအရာသည် ဘုန်းကွယ်လျှက်ရှိ၏။

ပယ်ရှင်းရသောအရာသည် ဘုန်းရှိလျှင် တည်နေသောအရာသည် သာ၍ဘုန်းရှိလိမ့်မည်။

ထိုသို့သော ယုံကြည်မျှော်လင့်ခြင်းရှိသည်ဖြစ်၍ ငါတို့သည်ထိမ်ဝှက်ခြင်းအ လျင်းမရှိ။ အတည့်အလင်းဟောပြောကြ၏။

ပယ်ရှင်းသောအရာ၏အဆုံးကို ဣသရေလအမျိုးသားတို့သည် စေ့စေ့မကြည့် ရှုစေခြင်းငှာ မောရှေသည်မိမိမျက်နှာကို ဖုံးအုပ်သကဲ့သို့ ငါတို့သည်မပြုကြ။

သူတို့စိတ်နှလုံးသည် မိုက်မဲလျှက်ရှိကြ၍ ယခုတိုင်အောင် ဓမ္မဟောင်းကျမ်းစာကို ဘတ်ကြသောအခါ သူတို့၏စိတ်နှလုံးသည် ဖုံးအုပ်လျှက်ရှိသေး၏။

သို့သော်လည်း သခင်ဘုရားထံတော်သို့ပြောင်းလဲသောအခါ ထိုဖုံးအုပ်ခြင်း အကြောင်းကို ပယ်ရှင်းလိမ့်မည်။

သခင်ဘုရားဟုဆိုသော် ဝိညာဉ်တော်တရားကို ဆိုလိုသတည်း။ သခင်ဘုရား၏ ဝိညာဉ်တော်တရားသည် လွတ်ခြင်းချမ်းသာ ကို ပေးတတ်၏။

ငါတို့ရှိသမျှသည် မျက်နှာဖုံးကိုဖွင့်လျှက် မှန်ကိုကြည့်သကဲ့သို့သခင်ဘုရား၏ ဘုန်းအသရေတော်ကို ကြည့်မြင်၍ ဝိညာဉ် တော်တရား၏အရှင်သည် ရောင်ခြည်တော်ကို လွတ်တော်မူသည့်အတိုင်း ငါတို့သည် ဘုန်းအသရေတိုးပွား၍ ပုံသဏ္ဍာန် တော်နှင့်အညီ ပြောင်းလဲခြင်းရှိရကြ၏။

13 ၁၃။ ကိုယ်တော်ရှင်၏ နှုတ်ကပတ်တော်ကို ဖတ်ရှုခြင်းအားဖြင့် သူ၏ကောင်းချီး များကို ကိုယ်တော်ကပေးပါစေ။

ယနေ့မနက် ကျွန်တော်အဓိကပြောရမည့်အကြောင်းအရာကို ဘုရားသခင် ဖေါ်ပြမည်ဟု ကျွန်တော်ယုံကြည်စိတ်ချပါသည်။ တိတ်ခွေများကို ယူ၍နားထောင်သည့်အခါတိုင်း ဘုရားသခင်က အသင်းတော်ကို ဘာပြောလိုကြောင်း ကို ဝိညာဉ်ရေးရာအရ သင်နားလည်မည်ဟု ကျွန်တော်မျှော်လင့်မိပါသည်။ အရာများကို နည်းပါးသွားစေရန် ကျွန်တော်တို့ပြောဆိုရပါသည်။ အချို့ကိုလည်း အပြင်သို့ထွက်သွားစေရန်၊ ထွက်ခွာသွားစေရန်ပြောဆိုရပါမည်။ သို့သော်လည်း ၎င်းကိုရည်ရွယ်ချက်ဖြင့် ပြုလုပ်ရပါသည်။ ထိုနည်းအတိုင်း ပြုလုပ်ရပါမည်။

14 ၁၄။ အချို့သူများပြောသကဲ့သို့ဖြစ်ပေမည်။ ဘုရားသခင်က ထိုအရာကို တမင်ရည်ရွယ်၍ ပြုလုပ်သည်ဟု သင်ဆို လိုပါသလား။? သူတစ်ကယ်ဘဲ ပြုလုပ်ခဲ့ ခြင်း ဖြစ်ပါသည်။ သူပြုလုပ်ဆဲလည်း ဖြစ်ပါသည်။

တစ်နေ့သောအခါ လူထောင်ပေါင်းများစွာ သူ့ကိုဝန်းရံနေစဉ်တွင် သူကဆိုပါသည်။ ဘုရားသခင်သားတော်၏ အသားကိုစား ၍ အသွေးတော်ကိုသောက်သုံး ခြင်းမရှိပါက သင့်အထဲတွင် အသက်ရှိမည်မဟုတ်ဟု ကိုယ်တော်ကဆိုပါသည်။

ဆရာဝန်ဖြစ်စေ။ သူနာပြုဆရာမဖြစ်စေ။ ပညာတတ်ပုဂ္ဂိုလ်တစ်ဦးက ထိုကဲ့သို့ပြောဆိုမှုကို မည်ကဲ့သို့ထင်မြင် ယူဆပါ သနည်း။? "အသားကိုစားပါဟု ဆိုသည်။ လူသားစားခြင်း ဖြစ်သည်။ အသွေးကိုသောက်သုံးရမည်ဆိုပါက သွေးစုပ်ဖုတ် ကောင် ဖြစ်နေပါပြီ။ တနည်းဆိုသော် ကိုယ်တော်ရှင်က ကျွန်တော်တို့အား လူသားစားသူနှင့် ဖုတ်တစ္ဆေကဲ့သို့ဖြစ်နေပါ သလား? ပရိသတ် အများစု ကိုယ်တော်ရှင်မှ ထွက်၍သွားကြပါသည်။

15 ၁၅။ ကိုယ်တော်ရှင်နှင့် အတူလက်တွဲ၍ အမှုတော်ဆောင်သောသူ အယောက် (၇၀)ခန့်ရှိပါသည်။ ရွေးချယ်ထား တော်မူခြင်းခံရသူများဖြစ်ပါသည်။ သူတို့ထံသို့ကိုယ်တော်ရှင်က လှည့်၍ပြောပါသည်။ "ကိုယ်တော်ရှင် ကြွလာတော်မူသော နေရာသို့ တက်ကြွသွားသောအခါ သင်မည်ကဲ့သို့ထင်မြင်ယူဆပါမည်နည်း? ကိုယ်တော်ရှင်က ထိုအကြောင်းအရာကို ရှင်းမပြပါ။ မည်သို့ဖြစ်သည်ကိုလည်း ဘယ်တော့မှ ရှင်းမပြပါ။ (ပေါလုက နောက်ပိုင်းတွင် ရှင်းပြပါသည်။) ကိုယ်တော်ရှင် ကြွလာတော်မူသောနေရာသို့ တက်ကြွတော်မူသောအခါ ဤအမှုတော်ဆောင်များကို သင်ဘာပြောမည်နည်း။? ဟု ကိုယ်တော်ကဆိုပါသည်။

သူတို့ပြောကြမည်မှာ သံသယဖြစ်ဘွယ် မရှိတော့ပါ။ "ခဏနေပါဦး" ကိုယ်တော်နှင့်အတူ ကျွန်တော်တို့စားသောက်ကြသည်။ ငါးဖမ်းကြသည်။ သူနှင့်အတူ အိပ်ကြသည်။ သူဘယ်မှာ ဖွားမြင်ကြောင်း သိကြပါသည်။ သူငယ်စဉ်ကလွှဲ၍ အိပ်ခဲ့သော ပခက်ကိုပင် ကျွန်တော်တို့တွေ့ခဲ့ကြပါသည်။ ဤသူသည် မည်သို့ဖြစ်နိုင်သနည်း။ … ပြောရန်ခက်လှပါသည်။

သမ္မာကျမ်းစာဆိုထားပါသည်။ "သူတို့ကိုယ်တော်နှင့်တွဲ၍ မလျှောက်ကြတော့ပါ။" ကိုယ်တော်ကို စွန့်ပစ်ခဲ့ကြပါသည်။

16 ၁၆။ ကိုယ်တော်ရှင်ထံတော်တွင် ဆယ့်နှစ်ဦးကျန်ပါသည်။ သူကဆယ့်နှစ်ဦး ရွေးချယ်၍ တစ်ဦးမှာနတ်ဆိုး ဖြစ်ပါသည်။ သူကကြိုတင်၍ ပြောထားပြီး ဖြစ်သည်။ သူတို့ဖက်သို့လှည့်၍ ဆိုပါသည်။ သူတို့ပြောခဲ့သည့်အရာကို ရှင်းပြနိုင်မည့်သူ တစ်ယောက်မှ မရှိပါ။ "သူ၏အသားကိုစားပြီး အသွေးကိုသူတို့မည်သို့သောက် ပါမည်နည်း။? ဤလောကကြီးပေါ်တွင် ဖွားမြင်ခြင်းကိုခံပြီး မည်ကဲ့သို့ကိုယ်တော်က ကောင်းကင်မှ ဆင်းသက်ပါမည်နည်း။? သူတို့နားမလည်နိုင်အောင် ဖြစ်ရပါ သည်။ ၎င်းနောက် ကိုယ်တော်က တပည့်တော်များဖက်သို့ လှည့်၍ပြော ဆိုပါသည်။ "မင်းတို့လည်း ရောက်ချင်တယ် မဟုတ်လား။?"

တမန်တော်ကြီး ရှင်ပေတရုက ကြီးမြတ်လှသော မိန့်တော်မှုချက်တစ်ခု ပြုလုပ်ခဲ့ဘူးပါသည်။ "ကိုယ်တော်ရှင် ကျွန်တော် တို့မည်သူ့ထံ သွားရပါမည်နည်း?" အကြောင်းမှာ ကျွန်တော်တို့ကြေနပ်ကြပြီ ဖြစ်သောကြောင့် ဖြစ်ပါသည်။ ကိုယ်တော် တစ်ပါးတည်းသာလျှင် ဤအချိန်ကာလ၏ အသက်တာ နှုတ်ကပတ်တော်မြတ်ဖြစ်ပါသည်။ ထိုအတွက် ကျွန်တော်တို့ကြေနပ်ပါသည်ဟုဆို ကြသည်။ သူတို့နှုတ်ကပတ်တော်ကို ရှင်းမပြတတ်ကြပါ။ ယုံကြည်ခြင်းကိုလည်း သင်တို့ရှင်းမပြ တတ်ကြပါ။ သင်တို့ယုံကြည်သော အရာတစ်စုံတစ်ခုပင် ဖြစ်ပါသည်။ ခိုင်မာလွန်းသဖြင့် မည်သည့်အရာကမှ သူ၏နေရာတွင် အစားထိုးနိုင် မည်မဟုတ်ပါ။ ထိုခေတ်ကာလအတွက် ရေးသားထားသော နှုတ်ကပတ်တော်မြတ်မှာ သူတို့အသက်ရှင် နေထိုင်လျှက်ရှိသော မေရှိယခေတ်ကာလပင် ဖြစ်ပါသည်။ ထိုကာလနှင့် ကိုယ်တော်ရှင်မှာ အံဝင်ဂွင်ကျ ကိုက်ညီလျှက် ရှိပါသည်။ အေးတိအေးစက်နိုင်လှပြီး ပုံစံဖြင့် ဂွင်ကျနေသော အသင်းတော်များသို့ပြန်သွားပြီး ဘာလုပ်ပါတော့ မည်နည်း။? ကျွန်တော်တို့ဘယ်နေရာသို့သွားရပါမည်နည်း? ကိုယ်တော်ရှင်ထံတော်တွင် အသက်နှုတ်ကပတ်တော်မြတ်ရှိကြောင်း ကျွန်တော် တို့အပြည့်အဝ ခံယူရရှိထားပြီ ဖြစ်သည်။ သူတို့ရှင်းမပြတတ်ကြပါ။ သို့သော်လည်း သူတို့ယုံကြည်ကြပါသည်။

17 ၁၇။ သခင်ယေရှုက သူ၏လူထုကြီးကို လျှော့ပါးသွားစေရန် ပြောပါသည်။ နောက်ဆုံး သူ၏အဖွဲ့ကလေးကို တစ်စုတစ် ဝေးတည်း ဖြစ်စေပါမည်။ ထိုသူများထဲမှ (၁၁)ဦးသာလျှင် သူသည်မည်သူဖြစ်ကြောင်း အတိအကျနားလည် သဘော ပေါက်လာကြပါသည်။ ကိုယ်တော်ရှင်သည် ဘုရားဖြစ်ကြောင်း၊ ကိုယ်တော် တစ်ပါးတည်းသာလျှင် ဘုရားဖြစ်ကြောင်း သူတို့သိကြပါသည်။

ယနေ့မနက် ကျွန်တော်ပြောလိုသောအရာမှာ ထိုဘုရားသခင်ကို ဖော်ပြရန် သို့မဟုတ် ဖွင့်ပြရန်ပင် ဖြစ်ပါသည်။

ဘုရားသခင်မှာ ခေတ်အဆက်ဆက် ကန့်လန့်ကာနောက်ကွယ်တွင်သာ နေခဲ့ပါသည်။ သို့သော်လည်း ကိုယ်တော်ရှင်မှာ တချိန်လုံးဘုရားသခင်ပင် ဖြစ်ပါသည်။ သို့သော်လည်း ကိုယ်တော်ရှင်သည် လောကကြီးမှမိမိကိုယ်ကို ကွယ်ဝှက် ထားသည်။ မိမိရွေးချယ်သူများကိုသာ မိမိကိုယ်ကိုဖော်ပြသည်။ ထိုခေတ်ကာလက တမန်တော်များကဲ့သို့ပင် ဖြစ်ပါသည်။ ထိုအရာမှာ ဘုရားသခင်က ခရစ်တော်၌ ပြောဆိုနေခြင်းပင် ဖြစ်ပါသည်။

လူ၏သဘာဝမှာ ဘုရားကိုရုပ်ပိုင်းဆိုင်ရာအရ တွေ့ရစေရန်ရှာဖွေပါသည်။ သူကအမြဲတမ်းတွေ့မြင်လိုသော ဆန္ဒရှိပါသည်။ လူသားသည် မိမိနှင့်တူသော သတ္တဝါများကို အမြဲတမ်းပြုလုပ်လေ့ရှိပါသည်။ အန္ဒိယနား လူနီများက နေကိုကိုး ကွယ်ကြ သည်။ အာဖရိကတွင် တိရိစ္ဆာန်ပုံစံအမျိုးမျိုးကို ကိုးကွယ်ကြသည်။ အလာစကာပြည်နယ်တွင် ပုံစံအမျိုးမျိုးပြုလုပ်ထားသော မျိုးရိုးအလိုက်ကိုး ကွယ်သောတိုင်များ Totem Polesများ ရှိသည်။ ဤဘုရားသခင် ကိန်းဝပ်နေသော ပုံစံအမျိုးမျိုးဟု ဆိုလို ခြင်း ဖြစ်ပါသည်။ တမန်တော်ကြီး ရှင်ပေါလုက မားစ် တောင်ကုန်းပေါ်တွင် အေသင်မြို့၌သူတို့သည် အယူသီးကြကြောင်း ပြောဆိုခဲ့သည်။ ထိုမသိသေးသော ဘုရားနှင့်ပတ်သက်၍ ကိုယ်တော်ရှင်ထိုနေရာတွင် ရှိကြောင်း သိပါလျှက်နှင့်မသိဘဲ ဖြစ်ခဲ့ရသည် ဟုဆိုထားပါသည်။

18 ၁၈။ ယောဘနှင့်ပတ်သက်သည့်အကြောင်းကို ကျွန်တော်တို့ပြန်လည်၍ စဉ်းစားမိ ကြပါသည်။ ယောဘသည် ဘုရားရှိ ကြောင်း သိတော်မူပါသည်။ ကိုယ်တော်ရှင် သိတော်မူပါသည်။ သူတို့၏မှန်ကန်သော စိတ်နှလုံးထဲတွင် လူသားတစ်ဦး မရှိပါ။ သို့သော်လည်း တနေရာတွင် တစ်စုံတစ်ခုရှိနေရပါမည်။ ယောဘက ကိုယ်တော်ကို စကားပြောလိုပါသည်။ ယောဘကို ဘုရားသခင်က စကားပြောသော ပုံစံမျိုးကို သင်တို့အား ကျွန်တော် သတိပြုမိစေလိုပါသည်။ ယောဘကိုစကားပြောသော အခါ ဘုရားသခင်မှာ ဖုန်းကွယ်ထားခြင်း ခံရပါသည်။ ဘုရားသခင်က မိမိကိုယ်ကိုဖွင့်ပြသည့်အခါ လေတိုက်ခြင်းအားဖြင့် ဖော်ပြသည်ဟု သင်ယုံကြည်ပါသလား?

19 ၁၉။ ကိုယ်တော်ရှင် လေတိုက်သည့်အခါ ကြွလာတော်မူစဉ်က ကျွန်ုပ်တို့နှင့်အတူရှိ သောသူများစွာတို့ဤနေရာမှာ ထိုင်လျှက်ရှိပါသည်။ ထိုနေ့မတိုင်မှီက ကျွန်ုပ်တို့အား ပြောပြပါသည်။ Bro. Banks Wood က ပြောခြင်း ဖြစ်ပါသည်။ "ဤ ကျောက်ကို ကောက်ယူပါ။ လေထဲသို့မြောက်၍ ပစ်လိုက်ပါ။ ၎င်းနောက် ကိုယ်တော်ရှင် မိန့်တော်မူသည်ဟု ဆိုပါသည်။ သင်တွေ့မြင်ရပါမည်။" ကျွန်တော်က ကျောက်ကိုကောက်ယူ၍ တောင်ထိပ်ပေါ်သို့တက်ပါသည်။ လေထဲသို့ပစ်လိုက်ပါ သည်။ ဆင်းလာသောအခါ လေတိုက်သံကို စတင်၍ ကြားရပါသည်။ ၎င်း၏ တစိတ်တပိုင်းပင် ဖြစ်ပါသည်။

၎င်းနောက်သို့တစ်စုံတစ်ခုက လိုက်ရန်အတွက် သင်ကတစ်စုံတစ်ခုဖြစ်လာ စေပါသည်။ သခင်ယေရှုက မုန့်ကိုချိုးဖဲ့ပြီးလျှင် ထိုမုန့်ကိုချိုးဖဲ့၍ ဆပ္ပွားစေပါ သည်။ သူကရေကိုယူ၍ ရေချိုင့်ထဲသို့ထည့်သည်။ ဧလိယကဆားကိုယူ၍ အိုး ထဲထည့်သည်။ တုတ်ချောင်းတစ်ချောင်းကို ဖြတ်၍ရေထဲပစ်ထည့်လိုက်ပါ။ တစ်စုံတစ်ခုကို ပုံစံပြရန်ပင် ဖြစ်ပါသည်။ ဤကျောက်ခဲကို ကောက်ယူ၍ လေထဲသို့မြောက်၍ ပစ်လိုက်ပါသည်။ ပြန်ကျလာသောအခါ လေပွေကဲ့သို့ဖြစ်ပါသည်။

20 ၂၀။ အမဲလိုက်ထွက်သည့်အခါ သာသနာပြုဆရာတစ်ဦး ကျွန်တော်တို့နှင့်အတူပါ လာပါသည်။ သူက ကျွန်တော့်အနား တွင် ကပ်၍ရပ်နေပြီး ပြောပါသည်။ "ဘရာသာဘရမ်ဟမ် ကိုယ်တော်ရှင်က ဒီလိုဘဲရူပါရုံတွေ ပေးတတ်သလား?

ကျွန်တော်ကလည်း ဆိုပါသည်။ "ဟုတ်ပါတယ်" ဒါပေမဲ့ ကျွန်တော်ဒီကိုထွက် လာတာကတော့ အနားယူဘို့ပါဘဲ" ထိုစဉ်မှာပင် ရူပါရုံပေါ်ထွက်လာပါသည်။

ထိုစဉ် Bro. Borders လည်းရောက်လာပါသည်။ (ယခုအခါတွင် သူအပြင် ရောက်နေသည်ဟု ကျွန်တော်ထင်ပါသည်။) Bro. Banks Wood နှင့်အခြားသူ (၈)ယောက် သို့မဟုတ် (၁၀)ယောက်ခန့် ရှိပါသည်။ Bro. Banks Wood မှာလည်း ဤအခွင့်အရေးအတွက် တောင်ပေါ်တွင် မျှော်ကြည့်နေပါသည်။ တစ်ဖက်ကမ်းတွင် ကောင်းကင်တမန်(၇)ပါး ပေါ်ထွက်လာ သည့် နေရာနှင့်တစ်မိုင် ခွဲခန့်အကွာအဝေးတွင် တံဆိပ်(၇)ခုအကြောင်း ပြောပြထားပါသည်။ ထိုနေရာမှ မိုင်ဝက်ခန့်အကွာ တွင် ဖြစ်ပါသည်။

21 ၂၁။ နောက်တစ်နေ့တွင် ဤအရာဖြစ်ပျက်နေစဉ်အခါ ကျွန်တော်က ထိုညီအစ်ကိုကို ပြောမိပါသည်။ ကျွန်တော်က ပြောမိပါသည်။ “သင်၏ပြဿနာမှာ ဘယ်သို့သော ပြဿနာမျိုးဖြစ်ပါသနည်း? သင်မျက်လုံးနာနေပါသည်။ ဆရာဝန်များ ကနှစ်နှစ်ခန့်ကြိုးစား၍ ကုသပေးသော်လည်း သူတို့မတတ်နိုင်ပါ။ မျက်လုံးလုံးဝပျက်စီးသွားမည်ဟု ဆိုကြပါသည်။ ထိုအခါ ကျွန်တော်က ဆိုပါသည်။ ”မပူပါနှင့် သခင်ယေရှုက သင်၏ယုံကြည်ခြင်းကို ချီးမြောက်ပြီးဖြစ်သည်။ ထိုအခါ သူက သူ၏သေနတ်ကို ချလိုက်ပါသည်။ ကျွန်တော်ကလည်း “ခင်ဗျားရဲ့အမေ ဘာဖြစ်ပါသလဲ? ဘာဖြစ်နေခဲ့ပါသလဲ? ဟုပြော သောအခါ သူက ”အဲဒါအမှန်ပါဘဲ“ ဟုပြန်ဖြေသည်။

22 ၄၂။ အသင်းတော်မှ Bro. Roy Roberson ယခုရှိနေပါသည်။ ခင်ဗျားတို့အားလုံး သိမည်ဟု ကျွန်တော်ထင်ပါသည်။ သူသည်စစ်မှုထမ်းဟောင်းတစ်ဦးဖြစ် ကြောင်းသိသဖြင့် ဘာဖြစ်တော့မည်ကို သိနေသောကြောင့် ကျွန်တော်က သူ့ပုခုံးပေါ် သို့လက်တင်၍ Bro. Roberson သတိထားကြည့်ပါ။ တစ်ခုခုဖြစ်တော့မယ် ဟုဆိုသည်။

ကျွန်တော်ရပ်နေခဲ့သော နေရာသို့ကျွန်တော် ပြန်လျှောက်လာပါသည်။ လေထဲမှ လေပွေပေါ် ထွက်လာပါသည်။ (တောင်ကုန်းအောက်ဖက် တောက်လျှောက် ဖြစ်သည်။) အထက်မှနေ၍ အလွန်ပြင်းထန်လှသဖြင့် ကျောက်ကိုရှစ်လက်မ သို့မဟုတ် ကိုးလက်မခန့်ခွဲလိုက်ပါသည်။ တောင်ထိပ်မှနေ၍ ၎င်းတို့ကို ကိုက် (၂၀၀)ခန့် ပစ်ချလိုက်သကဲ့သို့ဖြစ်သည်။ (၃)ကြိမ်တိုင်တိုင် ရိုက်ခတ်၍အသံ ထွက်ပေါ်လာပါသည်။

၎င်းတို့အားလုံး ထိုနေရာတွင် ရပ်နေပါသည်။ Bro. Banks လည်းရှိပါသည်။ သူကတက်လာပြီး ခင်ဗျားမနေ့က ကျွန်တော့်ကို ပြောတာမဟုတ်လား?“ ဟုမေးသည်။

ကျွန်တော်က “ဟုတ်ပါတယ်၊ အဲဒါပါဘဲ” ဟုဖြေသည်။

သူက “ဘာပြောသလဲ?” ဟုမေးပြန်ပါသည်။

ကျွန်တော်က “ကျွန်တော် သိဘို့ပါဘဲ Bro. Banks ဘာကြောင့်လဲဆိုတော့ လူတွေကို သတိပေးဘို့ဘဲ ဖြစ်ပါတယ်။” ဟုဆိုလိုက်သည်။

23 ၂၃။ သို့သော်လည်း ဆက်၍ရွေ့တိုးသွားပါသည်။ မြောက်ဖက်စူးစူးသို့တိုးသွားပါ သည်။ ရက်အနည်းငယ်ကြာသောအခါ သမုဒ္ဒရာကို ထိခိုက်မိပါသည်။ Fair Banks အနီးတဝိုက်တွင် ဘာဖြစ်သည်ကို သင်တွေ့သည့်အတိုင်းပင် ဖြစ်ပါသည်။ တရားစီရင်ခြင်း၏ နိမိတ်လက္ခဏာပင် ဖြစ်ပါသည်။ လူတို့ဒုက္ခရောက်သည်ကို တွေ့ရပါသည်။ ဖြစ်ကိုဖြစ်လာရပါမည်။ ဖြစ်လာရမည့်အရာမှာ ဘယ်လိုနည်းနှင့်ဘဲဖြစ်ဖြစ် လာရပါမည်။ ဘယ်လိုဘဲဖြစ်ဖြစ် ဖြစ်ကိုဖြစ်လာရပါမည်။

24 ၂၄။ တချိန်က မောရှေသည်ဘုရားသခင်ကိုတွေ့လိုသော ဆန္ဒရှိလာပါသည်။ ဘုရားသခင်က သူ့အားတောင်ပေါ်တွင် ရပ်နေစေပါသည်။ ထိုအခါမောရှေ တောင်ပေါ်တွင် ရပ်နေသည်။ ဘုရားသခင်ဖြတ်သွားသည်ကို တွေ့ရပါသည်။ ဘုရား သခင်၏နောက်ကြောဖက်မှာ လူ၏နောက်ကြောနှင့် တူနေပါသည်။ ဘုရားသခင်သည် လေပွေထဲတွင်ရှိသည်။ ထိုစဉ်အခါ တွင် မောရှေမှာ တောင်ပေါ်တွင် ရပ်နေပါသည်။

တနေ့က အပြင်ဖက်တွင် ခင်ဗျားတို့အားလုံး ရုပ်ပုံကိုတွေ့ကြမည်ဟု ကျွန် တော်မျှော်လင့်ပါသည်။ ကျွန်တော်တို့အလားတူ တောင်ပေါ်တွင် ရပ်နေခြင်း ဖြစ်ပါသည်။ ထိုအလင်းမှာ ဤနေရာတွင် ရှိပါသည်။ ဘုရားသခင်၏ကောင်းကင်တမန်မှာ ထိုနေရာမှာပင် တွေ့ရပါသည်။ မတ်တပ်ရပ် နေပါသည်။ သ တင်းကြေငြာသည့် ဘုတ်ပြားပေါ်တွင် တွေ့ရပါသည်။

25 ၂၅။ ဓမ္မဟောင်း၏ ယေဟောဝါဘုရားသည် ဓမ္မသစ်၏ ယေရှုဘုရားပင် ဖြစ်ကြောင်း သတိပြုပါ။ သူသည် အလားတူ ဘုရားပင်ဖြစ်၍ သူ၏ပုံသဏ္ဍာန်တော်ကို ပြောင်းလဲထားခြင်း ဖြစ်ပါသည်။

Tueson မြို့မှနှစ်ခြင်းဓမ္မဆရာတစ်ဦးက တနေ့ကပြောပါသည်။ “ယေရှုနှင့် ဘုရားသခင်သည် တစ်ဦးတည်းသာဖြစ်ကြောင်း သင်မည်သို့ပြောနိုင်မည် နည်း? ဟူ၍ ဖြစ်ပါသည်။

ကျွန်တော်ကဆိုပါသည်။ “သင့်အတွေးအခေါ်ကိုဖယ်ရှား၍ သမ္မာကျမ်း စာဆိုလိုသည်အတိုင်း စဉ်းစားကြည့်သင့်ပါသည်။ ၎င်းတို့မှာ ပင်ကိုယ်အားဖြင့် တူညီသောဘုရားပင် ဖြစ်ပါသည်။ ဘုရားသခင်မှာ ဝိညာဉ်ဖြစ်ပါသည်။ သခင်ယေရှုမှာ ကိုယ်တော်ရှင် ဖုန်းကွယ်တော်မူနေရာပင် ဖြစ်ပါသည်။” “ငါ၏ အိမ်မှာကဲ့သို့ပင် ဖြစ်ပါသည်။” ဟုကျွန်တော်က ပြောပါသည်။ ကျွန်တော်၏ ဇနီးသည်အတွက် ကျွန်တော်မှာ ခင်ပွန်းတစ်ဦးပင် ဖြစ်ပါသည်။ ကျွန်တော်မှာ သမီးငယ်တစ်ဦး ရှိပါသည်။ ရေဘက်ခါဖြစ်၍ သူမ၏ဖခင်မှာ ကျွန်တော်ပင် ဖြစ်ပါသည်။ ကျွန်တော့်မှာ မြေးတစ်ဦးရှိ၍ ထိုမြေးကလေးမှာ ပေါလုဖြစ်သည်။ ကျွန်တော်သည် သူ၏အဖိုးဖြစ်ပါသည်။ ကျွန်တော်သည် ခင်ပွန်း ဖခင်နှင့်အဖိုး ဖြစ်ပါသည်။ ကျွန်တော် ၏ဇနီးသည်မှာ ဖခင်သို့မဟုတ် အဖိုးအဖြစ် ပြောပိုင် ခွင့်မရှိပါ။ ခင်ပွန်းအဖြစ်သာ ပြောဆိုပိုင်ခွင့်ရှိပါသည်။ ကျွန်တော်၏ သမီးမှာ ကျွန်တော်အပေါ်တွင် ခင်ပွန်းသို့မဟုတ် အဖိုးအဖြစ်ပြောပိုင်ခွင့်မရှိပါ။ သူမသည် ကျွန်တော်၏သမီးသာ ဖြစ်ပါသည်။ သို့တိုင် ဤသုံးမျိုးစလုံးမှာ လူတစ်ဦးတည်းပင် ဖြစ်ပါသည်။ ဘုရားသခင်မှာလည်း ခမည်းတော်၊ သားတော်၊ သန့် ရှင်းသော ဝိညာဉ်တော်ပင် ဖြစ်ပါသည်။ ခေတ်ကာလနှင့်ပတ်သက်၍ ပြောဆိုပိုင်ခွင့်ပင် ဖြစ်ပါသည်။ ဘုရားသခင်မှာ အတူတူ ပင်ဖြစ်ပါသည်။ တူညီသော ဘုရားပင် ဖြစ်ပါသည်။

26 ၂၆။ ဘုရားသခင်က မိမိကိုယ်မိမိ ပြောင်းလဲစေနိုင်ပါသည်။ မိမိပုံသဏ္ဍာန်ကို ပြောင်းလဲနိုင်ပါသည်။ ဖိလိပ္ပိသြဝါဒစာစောင် တွင် သင်သတိပြုမိပါက ကိုယ်တော်ရှင်ဖော်ပြထားသည်မှာ “လူသား၏ပုံသဏ္ဍာန်ကို ယူဆောင်သည်။” ဟုဆိုထားပါသည်။ ထိုစကားလုံးနှင့်ပတ်သက်၍ ဂရိစကားလုံးမှာ မည်သို့ဖြစ်ကြောင်း ကျွန်တော် မနေ့ကတစ်နေ့လုံး ရှာဖွေနေမိပါသည်။ ကျွန်တော်ရှာဖွေ၍ တွေ့ရှိရပါသည်။ “ en morphe ” ဆိုသောစကားလုံးဖြစ်ပါသည်။ စာလုံးပေါင်းလိုက်သောအခါ e-n m-o-r-p-h-e ပင်ဖြစ်ပါသည်။ ဂရိစကားလုံးထဲတွင် ရှာဖွေလိုက်သောအခါ en morphe ဘာဖြစ်သည်ကို သိလိုသောကြောင့် ရှာဖွေခြင်း ဖြစ်ပါသည်။ ကျွန်တော်၏အသံထွက် မှားကောင်းမှားပေလိမ့်မည်။ သို့သော်လည်း ကျမ်းတတ် ပုဂ္ဂိုလ်များက ကျွန်တော်ဘာကိုဆိုလိုကြောင်း သိပါလိမ့်မည်။ ကိုယ်တော်ရှင် သည် မိမိကိုယ်ကိုပြောင်းလဲစေသည် ဟုဆိုခြင်း ဖြစ်ပါသည်။ ကိုယ်တော်ရှင်ကြွ ဆင်းလာပါသည်။ ဂရိစကားလုံး၏အဓိပ္ပါယ်မှာ “မတွေ့နိုင်သောအရာတစ်စုံ တစ်ခုဖြစ်၍ ထိုနေရာတွင်ရှိပြီး ပြောင်းလဲသွားနိုင်ပါသည်။ မျက်စိဖြင့်လည်း မြင်နိုင်ပါသည်။” ဟူ၍ ဖြစ်သည်။

27 ၂၇။ ဒေါသန်တွင်ရှိခဲ့သော ဧလိယကဲ့သို့ပင် ဖြစ်ပါသည်။ သူ၏အစေခံကျွန်က ကောင်းကင်တမန်များ ဝန်းရံလျှက်ရှိ သည်ကို တွေ့ရခြင်းမရှိပါ။ ဘုရားသခင်၏ အစေခံကျွန်၏အမြင်ကို ပြောင်းလိုက်ပါသည်။ ကောင်းကင်တမန်များကို အောက် သို့ဆင်းစေခြင်းမဟုတ်ပါ။ အစေခံကျွန်၏အမြင်ကို ပြောင်းလဲစေခြင်း ဖြစ်ပါသည်။ ကောင်းကင်တမန်များ၊ မီးနှင့်မြင်းမီးများ၊ မီးမြင်းလှည်းများက ပရောဖက်ပတ်ပတ်လည်တွင် ဝိုင်းရံလျှက်ရှိကြောင်း တွေ့ရပါသည်။ ကိုယ်တော်ရှင်က အမြင်ကို ပြောင်းလဲစေခြင်း ဖြစ်ပါသည်။ ထိုအရာမှာ ရှိနှင့်ပြီးဖြစ်သည့် အရာပင် ဖြစ်ပါသည်။

ကျွန်တော်ပြောရန် ကြိုးစားသည့်အရာမှာ ဘုရားသခင်သည်အမြဲတမ်း ဤနေရာတွင် ရှိနေကြောင်းပင် ဖြစ်ပါသည်။ သူလူ ဖြစ်လာသောအခါ သူပြု လုပ်သောတစ်ခုတည်းသောအရာမှာ သူ၏မျက်နှာဖုံးကို သူပြောင်းလဲစေခြင်းပင် ဖြစ်ပါသည်။ ဤအရာမှာ en morphe ဖြစ်၍ မိမိကိုယ်ကိုမိမိဖြစ်ခဲ့သည့်အ ရာမှ မိမိဖြစ်နေသည့်အရာသို့ပြောင်းလဲပြစ်ခဲ့ခြင်းပင် ဖြစ်ပါ သည်။ သူမျက်နှာ ဖုံးကို နောက်တစ်မျိုးပြောင်းလိုက်ခြင်းပင် ဖြစ်ပါသည်။

28 ၂၈။ အလွန်ကြီးမားသော ပြဇာတ်တစ်ခုထဲမှာကဲ့သို့ဖြစ်ပါသည်။ ယနေ့မနက် ကျွန်တော်စကားပြောနေစဉ်အခါ ရှိတ်စပီး ယားအကြောင်းအရာထဲမှ ကောက်နုတ် တင်ပြလိုပါသည်။ နှစ်ပေါင်းများစွာ ကြာပြီဖြစ်ပါသည်။ သို့သော်လည်း ရှိတ်စပီးယား က ပြဇါတ်ကိုရေးသားခဲ့စဉ်အခါ အင်္ဂလန်ဘုရင်ဂျိမ်း(မ်)စ်အ တွက် အဓိကဇာတ်ကောင်မှာ မက်(သ်)ပင် ဖြစ်ပါသည်။ ရှိတ်စပီး ယားမှာ စုန်းကဝေများကို ယုံကြည်မှုမရှိပါ။ သို့သော်လည်း ပြဇာတ်ထဲတွင် ဘုရင်အတွက် ရေးသားရသဖြင့် စုန်းများ ပါဝင်ရပါသည်။ ဘုရင်မှာ စုန်းများကိုယုံကြည် သူဖြစ်ပါသည်။ ထိုသို့ပြုလုပ်နိုင်ရန်အတွက် သူတို့က ဇါတ်လမ်းသရုပ်ဆောင် များကို ပြောင်းလဲပစ်ရပါသည်။

Becky မှာဤနေရာ Cremen သို့ရောက်နေပါသည်။ သူမမှာ သူမအောင်ခဲ့ သောကျောင်းမှ ဘွဲ့ရသည်မှာ ရက်သတ္တပတ်အ နည်းငယ်ခန့်သာ ရှိပါသေးသည်။ လူတစ်ဦးမှာ သုံးလေးမျိုးသရုပ်ဆောင် ပါဝင်ပါသည်။ ထိုသို့ပြုလုပ်နိုင်ရန်အတွက် မျက်နှာ ဖုံးကို ပြောင်းလဲပေးရပါသည်။ တစ်ခါတစ်ရံ သူထွက်လာ၍ ဤကဲ့သို့ပုံစံမျိုးဖြစ်ပြီး နောက်တစ်ခေါက်တွင်မူ သူကအခြားပုံသ ဏ္ဍာန်မျိုး ပေါ်ထွက်လာပါသည်။ သို့သော်လည်း တစ်ချိန်လုံး ထိုပုဂ္ဂိုလ်တစ်ဦးတည်းသာ ဖြစ်နေပါသည်။

29 ၂၉။ သူသည် ပထမဆုံးပရောဖက်အဖြစ်နှင့် ရောက်လာပါသည်။ သူတို့က သူကို ကားတင်သတ်ကြပါသည်။ သူလူများက သူ့ကိုကားတင်သတ်ကြခြင်းဖြစ်ပါ သည်။ သူသည်လူသားအဖြစ် ကြွလာတော်မူခြင်းဖြစ်ပါသည်။

သန့်ရှင်းသောဝိညာဉ်တော်ကြွလာတော်မူပြီးနောက် သူသည်ဘုရားသားတော် ဖြစ်ပါသည်။ ဘုရားသခင်သည် ဝိညာဉ်ဖြစ် သည်။ သူသည်သန့်ရှင်းသောဝိညာဉ်တော် ဖြစ်ပါသည်။ ဘုရားသားတော် ဖြစ်တော်မူပါသည်။ ဘုရားသားတော်အဖြစ် အသင်းတော်ကာလတလျှောက်လုံး သူကအသက်ရှင်နေထိုင် ခဲ့ပါသည်။

30 ၃၀။ ကိုယ်တော်ကြွလာသည့်အခါ နာမ(၃)မျိုးဖြင့် ကြွလာပါသည်။ သားတော်၏နာမ (၃)မျိုး၊

(၁) - လူသား၏သား၊

(၂) - ဒါဝိဒ်၏သား၊

(၃) - ဘုရား၏သား စသည့်နာမ(၃)မျိုးဖြင့် ကြွလာပါသည်။

ပထမဦးဆုံးနာမ၊ လူသား၏သား၊ သူသည် ပရောဖက် ဖြစ်ပါသည်။

ဘုရား၏သားတော်၊ အသင်းတော်များ ခေတ်ကာလ ဖြစ်ပါသည်။

ဒါဝိဒ်၏သားတော် ဘုရင်ကဲ့သို့အုပ်ချုပ်မည့်အချိန် အနှစ်(၁၀၀၀) ကာလအတွက် ဖြစ်ပါသည်။

ဖိလေနိကာလတွင် ကိုယ်တော်ရှင်သည် ဒါဝိဒ်၏သားတော်ပင်ဖြစ်၍ ဖခ မည်းတော်ဒါဝိဒ်မင်းကြီး၏ပလ္လင်ပေါ်တွင် ထိုင်နေလျှက်ရှိပါသည်။ သူသည် ဒါဝိဒ်၏သားတော်ပင် ဖြစ်ပါသည်။

31 ၃၁။ အစအဦး၌ နှုတ်ကပတ်တော် ရှိ၏။ ကျမ်းစာ၏ ပထမ စာမျက်နှာတွင် ပါပါသည်။

ကမ္ဘာဦးကျမ်း အခန်းကြီး (၁) တခန်းလုံးမှာ ရှာဖွေမယ်ဆိုရင် ဖျားနာခြင်း၊ ဝမ်းနည်းခြင်း၊ စိတ်ကြေကွဲခြင်း၊ အခြား

အခြားသောအကြောင်းအရာများ လူသည် မနာခံခြင်းမှ စဖြစ်လာပါသည်။ အကြောင်းမှာ (ဗျာဒိတ်ကျမ်း ၂၂)တွင် နှုတ်ကပတ်တော်ကို ထုတ်ယူ၍သော်၎င်း၊ ထပ်မံ ပေါင်းထည့်၍သော်၎င်း၊ မပြုလုပ်ရ။ ပြုလုပ်လျှင် နှုတ်ကပတ်တော်အတိုင်း စီရင်ခြင်း ခံရပါမည်။

32 ၃၂။ တစ်စုံတစ်ဦးသောသူသည် အမြဲတမ်းအမျိုးသမီးများ သူတို့၏ဆံပင်များ ယောကျ်ားပုံစံ ညှပ်ကြသည်ကို ပြောကြ မည်ဖြစ် ပါသည်။ ကျွန်တော်အတွက် သူမသည် ထိုသို့ပြုမူနေသမျှကာလပတ်လုံး ကျွန်တော်ဂရုမစိုက်ပါ။ မည်မျှပင် သူမသည် သန့်ရှင်းနေပါစေ၊ မည်မျှပင် သူမသည် သိနားလည်နေပါစေ၊ သူမသည် မှားနေမြဲဖြစ်ပါသည်။ ဘောင်းဘီတိုက လေးများဝတ်သည်။ သူမဘာ လုပ်သည်ကို ကျွန်တော်ဂရုမစိုက်ပါ။ သူမဘယ်လောက်သီချင်းဆိုနိုင်သည်ကို လည်း ဂရုမစိုက်ပါ။ သူမမည်မျှ တရားဟောကောင်းသည်ကိုလည်း ဂရုမစိုက်ပါ။ သူမဘာဘဲလုပ်နိုင်ပါစေ၊ ဘယ်လိုအသက်တာ မျိုးဖြင့် အသက်ရှင်နိုင်ပါစေ။ ထိုစကားလုံးတစ်လုံးမှာ အမြဲတမ်းကျိုးပဲ့နေပါသည်။ စကားလုံးတိုင်း တလုံးစီဖြစ်ရပါမည်။ စာကြောင်းမဟုတ်ပါ။ စကားလုံးတစ်လုံးသာ ဖြစ်ပါသည်။ သမ္မာကျမ်းစာမှာ မိမိစိတ်ကြိုက်အနက်ဖွင့်ရမည့်အရာ မဟုတ်ပါ။ စကားလုံး တစ်လုံးစီဖြစ်၍ ရေးသားထားသည့်အတိုင်းပင် ဖြစ်ပါသည်။ ကျွန်ုပ်တို့ထိုအရာ ကို ယုံကြည်ရပါမည်။

33 ၃၃။ ၎င်းကိုသာ ယုံကြည်ခြင်းမဟုတ်ဘဲ အသက်ရှင်ခြင်း ဖြစ်ရပါမည်။ ကျွန်ုပ်တို့အသက်ရှင်ခြင်းမရှိပါက ကျွန်ုပ် တို့ယုံကြည်ခြင်း မဟုတ်ပါ။ ယုံကြည်သည်ဟု ဆိုခြင်းသာ ဖြစ်ပါသည်။ ကျွန်တော်ပြောဆိုသောအရာပေါ်တွင် အခြေပြု၍ ထို တပည့်တော်များက ရှင်း၍မပြတတ်ပါ။ သို့သော်လည်း သူတို့ယုံကြည်ပါသည်။ သူတို့ဝန်ချတောင်းပန်ခြင်း ပြုလုပ်၍၎င်းအ တိုင်းအသက်ရှင်ပါသည်။ ကျန်သောသူတို့မှာ ထိုအရာမှ သွေဖယ်သွားပါက သူတို့ထိုအရာနှင့်အသက်ရှင် နေထိုင်ခြင်းပင် ဖြစ်ပါသည်။ သူတို့ယုံကြည်ကြပါသည်။ ထိုနည်းအတိုင်း ကျွန်ုပ်တို့ပြုလုပ်ခြင်းပင် ဖြစ်ပါသည်။ ထိုနည်းအတိုင်းပင် သင်တို့ပြုလုပ်ရန် လိုအပ်ပါသည်။ ဘယ်သူဖြစ်ဖြစ် ဘာလုပ်လုပ် ကျွန်ုပ်တို့ယုံကြည်ပြီး ထိုနည်းအတိုင်း လျှပ်ရှားပါသည်။ သင်ထိုကဲ့သို့မပြုလုပ်ပါက သင်ယုံကြည်ခြင်းကြောင့်ပင် ဖြစ်ပါသည်။

34 ၃၄။ ကိုယ်တော်ရှင်ကြွလာတော်မူသည့်အခါ သူသည် လူသားအဖြစ်ကြွလာရခြင်း ဖြစ်ပါသည်။ အကြောင်းမှာ သန့်ရှင်း သောနှုတ်ကပတ်တော်က သူပြုလုပ်မည် ဟု ဆိုသောကြောင့်ပင် ဖြစ်ပါသည်။ ဘုရားသခင်က သူတို့အတွက် ပရောဖက် တပါး ပေါ်ထွက်စေပါမည်။ ထို့ကြောင့် ကိုယ်တော်သည် မိမိကိုယ်ကို ဘုရားသခင်၏သားတော်ဟု ခေါ်ဆိုပြီး မကြွလာနိုင်ပါ။ အကြောင်းမှာ ထိုမျိုးဆက် မဟုတ်သောကြောင့် ဖြစ်ပါသည်။ ကိုယ်တော်ရှင်သည် လူသားဖြစ်၍ ပရောဖက်ပြုခြင်းအားဖြင့် ပြည့်စုံစေပြီး ပြီးခဲ့သောအရာများအားလုံးကို ၎င်းတို့အား ဖော်ပြရန်ပင် ဖြစ်ပါသည်။ ကိုယ်တော်ရှင်သည် ဘာဖြစ်ကြောင်းကို ပုံဆောင်ပြ သရန်ပင် ဖြစ်ပါသည်။ ၎င်းနောက် ကိုယ်တော်ရှင်သည် လူသားအဖြစ်နှင့် ဤကမ္ဘာလောကကြီးပေါ်တွင် ရှိနေပါသည်။

35 ၃၅။ ထို Syrophenician အမျိုးသမီးသည် ကိုယ်တော်ရှင်ထံပါးသို့ပြေးသွားသည်ကို ကြည့်ပါ။ "ဒါဝိဒ်၏သားတော် ကိုယ်တော်အား ဂရုဏာသက်တော်မူပါ။" ဟုဆို ပါသည်။ သူ၏ဦးခေါင်းကို သူကထောင်၍မကြည့်ပါ။ ဒါဝိဒ်၏သားတော်အ ဖြစ် သူမက ဘာမှမဆိုပါ။ သူမသည် တပါးအမျိုးသားဖြစ်ပါသည်။ (ကျွန်ုပ်၏သမီးက ကျွန်ုပ်ကို ခင်ပွန်းဟုပြော၍မရသကဲ့သို့သမီးကလည်းဇနီးဟု ပြောဆို၍မရပါ။ သူမသည် ကျွန်တော်၏သမီးဖြစ်၍ ဇနီးသည်လည်း ဖြစ်ပါသည်။ သူမသည် ဇဝ်ဂေလိ၌ ကျွန်ုပ်၏သမီးဖြစ်ပါသည်။ လောကဆိုင်ရာအရ သူမသည် ကျွန်တော့်အား ဖခင်အဖြစ်ခေါ်ဆိုရန် အခွင့်အရေးမရှိပါ။) တပါးအမျိုးသမီး တစ်ဦးသည် ဒါဝိဒ်၏သားတော်အဖြစ် ကိုယ်တော်ကို ခေါ်ဆိုပိုင်ခွင့်မရှိပါ။ သို့သော်လည်း မျက်မမြင် ဗာတိမဲက ခေါ်ဆိုခွင့်ရှိပါသည်။ သူသည် ယုဒလူမျိုး ဖြစ်ပါ သည်။ သူသည် လူသားအဖြစ် ကြွလာတော်မူခြင်း ဖြစ်ပါသည်။

ထိုစကားလုံးများနှင့် ဤအရာများကို သင်သိရန်လိုပါသည်။ Hattie Wright ကို ထိုအချိန်က ကြည့်ပါ။ သင်သတိရသည် မဟုတ်ပါလား? အရာခပ်သိမ်းနှင့်ပတ် သက်၍ ထိုအမျိုးသမီးက အမှန်တရားကို ပြောခဲ့ပါသည်။ သင်သည် မှန်ကန်သော စကားကို ဆိုရပါမည်။ ဘုရားသခင်ကို အမှန်တရားကို ဆိုရပါမည်။

36 ၃၆။ ကိုယ်တော်ရှင်သည် ပထမဆုံးအကြိမ် ပရောဖက်အဖြစ် ကြွလာတော်မူပါသည်။ သူတို့က ကားတင်၍သတ်ပစ်လိုက် ကြပါသည်။ သူ၏လူမျိုးတော်က သူကိုကားတင်ခြင်း ဖြစ်ပါသည်။ သူသည် လူသားအဖြစ် ကြွလာတော်မူပါသည်။

သန့်ရှင်းသောဝိညာဉ်တော် ကြွလာတော်မူပြီးနောက် သူသည် ဘုရား၏သားတော် ဖြစ်လာပါသည်။ ဘုရားသခင်သည် ဝိညာဉ်ဖြစ်ပါသည်။ သူသည် သန့် ရှင်းသောဝိညာဉ်တော် ဖြစ်သည်။ ဘုရားသားတော်ဖြစ်ပါသည်။ အသင်းတော် ကာလများ တစ်လျှောက်လုံး သူကဘုရားသားတော်အဖြစ် အသက်ရှင်ခဲ့ပါသည်။

မိလေနိကာလတွင် ကိုယ်တော်သည်ဒါဝိဒ်၏သားတော်ဖြစ်၍ သူ့ဖခင်ဒါဝိဒ် ၏ပလ္လင်ပေါ်တွင် ထိုင်နေတော်မူပါသည်။ သူသည် ဒါဝိဒ်၏သားတော်ဖြစ်ပါသည်။

လောဒိကိ၌ အသင်းတော်ကာလတွင် ဘုရားသားတော်ကိုအပြင်သို့ထုတ်ထား ကြပါသည်။ လုကာတွင်ဖော်ပြထားသည့်အ တိုင်း လူသားအဖြစ်သူကို ထပ်မံ၍ ဖော်ပြဦးမည်ဖြစ်ပါသည်။ ပရောဖက်အနေနှင့် ကျန်အရာများကို ပြည့်စုံစေပါသည်။ သမ္မာ ကျမ်းစာတော်မြတ်မှာ တိတိကျကျပင် တစ်စုတစ်ပေါင်းတည်း ဖြစ်ပါသည်။ လူသား၊ ဘုရားသား၊ ဒါဝိဒ်၏သားဖြစ်ပါသည်။ ဘာဖြစ်ပါသလဲ? တချိန်လုံး တူညီသောဘုရားပင် ဖြစ်ပါသည်။ သူ၏အသွင် သဏ္ဍာန်ကိုပြောင်းလဲပစ်ခြင်းသာ ဖြစ်ပါသည်။ em morphe ဖြစ်သည်။ သူကပြောင်းလဲပစ်ခြင်း ဖြစ်ပါသည်။ ကြီးမားလှသော ပြဇာတ်ကြီးဖြစ်သည်။ သူကသရုပ် ဆောင်လှုပ်ရှား ဖော်ထုတ်ခြင်းပင် ဖြစ်ပါသည်။

37 ၃၇။ သူသည် ဘုရားသားတော်အဖြစ် ကြွလာတော်မူပါသည်။ ပရောဖက်ဖြစ်ပါသည်။ ရေတွင်းနားမှ အမျိုးသမီးငယ်ကပင် အပြစ်နွံ၌နစ်မွန်းနေသော်လည်း ကိုယ်တော်ရှင်ကို မှတ်မိတော်မူပါသည်။ သူမက "မေရှိယကြွလာတော်မူမည်ကို ကျမတို့သိပါသည်။ မေရှိယတည်းဟူသော ခရစ်တော်ဖြစ်ပါသည်။" ဟုဆိုသည်။ သူမသိရခြင်းမှာ သူမသည် ကြိုတင်ခွဲခန့်မှတ် သားခြင်း ခံရသောမျိုးစေ့

ဖြစ်သောကြောင့်ပင် ဖြစ်ပါသည်။ ကျန်လူများ သတိမပြုမိပါ။ သူတို့သတိပြုရန် လည်း ဘာမှမရှိပါ။ သူတို့သည် အပြစ်ထဲတွင် နစ်မွန်းနေပါသည်။

38 ၃၈။ သူ၏လှုပ်ရှားမှုများအတွက် သူ၏ပုံသဏ္ဍာန်ကို သူကပြောင်းလဲရပါသည်။ ၎င်းနောက် သူသည်လူသား၏ပုံသဏ္ဍာန် တော်အတိုင်း ကြွလာတော်မူပါသည်။ ပြုပြင်ပြောင်းလဲရပါသည်။ ပြုပြင်ပြောင်းလဲရေး ခေတ်ကာလအတွက် ဝက်စလီ၊ လူသာနှင့်တောက်လျှောက် ကျွန်တော်တို့တွေ့ရသည်မှာ သူတို့အားလုံးစုစည်း၍ ဣသရေလများ ပြုလုပ်သကဲ့သို့ဖြစ်ပါ သည်။ ပင်တေကုတ္တေခေတ်ကာလတွင် နောက်ဆုံးသောနေ့ရက်များတွင် သူပေါ်ထွက်လာသည်။ သန့်ရှင်းသောဝိညာဉ် တော်အနေနှင့် သူကငြင်းပယ်လျှက်ရှိပါသည်။ ဣသရေလပြုလုပ်ခဲ့သော အလားတူအရာကို သူတို့ပြုလုပ်ခဲ့ပါသည်။ ယခုအခါတွင် ကိုယ်တော်ရှင်က ဘာလုပ်ပါသနည်း? လူသားအဖြစ် ပြန်လာပါ။ ထိုနေရာမှ ဒါဝိဒ်၏သားတော် ဖြစ်လာပါ သည်။ ကျွန်တော်တို့မည်မျှ နီးစပ်ပါသနည်း? လူသား၊ ဒါဝိဒ်၏သားတော်၊ ဘုရား၏သားတော် စသည်တို့ဖြစ်ပါသည်။ မာလခိ (၄)နှင့် ပတ်သက်၍ လူသားအဖြစ် ကိုယ်တော်ရှင်က နောက်ဆုံးနေ့ရက်များတွင် ဖေါ်ပြခြင်းခံရပါသည်။ ဤခေတ် ကာလများ နှင့်ပတ်သက်၍ ကျန်အရာများ အားလုံး ပါဝင်ပါသည်။ ကိုယ်တော်ကို အပြင်ဘက်ထုတ်ထားပြီးနောက် အသင်းတော်နှင့် ပတ်သက်၍ ဘာလုပ်ရပါတော့မည်နည်း? အပြင်ဘက်ရောက်၍ တံခါးဝတွင် ခေါက်လျှက် ရှိပါသည်။ အချို့ကြိုတင်သတ်မှတ် ထားသော မျိုးစေ့ရှိနေပါသေးသည်။ သူတို့ထံသို့ကိုယ်တော်ရှင်ရောက်ရပါမည်။

39 ၃၉။ ဘုရားသခင်က လူအထဲ၌မိမိကိုယ်ကို နှိမ့်ချလိုက်သည်။ (ယောလ ၂း၂၈)ဟု ကျွန်တော်တို့တွေ့ရပါသည်။ ကိုယ်တော်ရှင်က "နောက်ဆုံးသောနေ့ရက်များ တွင် ငါ၏ဝိညာဉ်ကို ငါသွန်းလောင်းမည်။" ဟုဆိုထားပါသည်။ ထိုနေရာမှာ ဂရိစကားလုံးကို သင်သတိပြုမိပါက ... သို့သော်လည်း ကျွန်တော်တွေ့သော တစ်ခုမှာ မှားကောင်းမှားနိုင်ပါသည်။ ...သင်က နှုတ်ကပတ်တော်ကို သတိ ပြုရပါမည်။

အင်္ဂလိပ်စာမှာ တစ်ခါတစ်ရံအဓိပ္ပါယ်နှစ်မျိုးထွက်ပါသည်။ "ဘုရား" ဟူသော စကားလုံးကဲ့သို့ပင် ဖြစ်ပါသည်။ ဘုရားသခင် သည် ကောင်းကင်နှင့် မြေကြီးကို ဖန်ဆင်းသည်။ (ကမ္ဘာဦး ၁) သို့သော်လည်း သမ္မာကျမ်းစာတွင် ဖေါ်ပြထားသည်မှာ "အစအဦး၌ဘုရားသခင် (Elohim) ရှိတော်မူသည်။" ဟုဆို ထားပါသည်။ (Elohim) ဆိုသောစကားလုံးကို အင်္ဂလိပ်စကား ဖြင့် "ဘုရား" ဟု ခေါ်ထားပါသည်။ သို့သော်လည်း အမှန်မှာ (Elohim) မဟုတ်ပါ။ ဘယ်အရာဘဲ ဖြစ်ဖြစ် ဘုရားဖြစ်နိုင်ပါ သည်။ ဘုရားဆိုသော စကားလုံးအတွက် ဖြစ်ပါသည်။ ရုပ်တုကိုလည်း ဘုရားဖြစ်အောင် လုပ်နိုင်ပါသည်။ စန္ဒယားကြီး ကိုလည်း ဘုရားဖြစ်အောင်လုပ်နိုင်ပါသည်။ ဘယ်အရာကိုဘဲဖြစ်ဖြစ် ဘုရားလုပ်နိုင်ပါသည်။

(Elohim) ဆိုသောစကားလုံးနှင့်ပတ်သက်၍ မပါရှိပါ။ ၎င်း၏အဓိပ္ပါယ်မှာ "ရှိနေသောသူ" ဟုအဓိပ္ပါယ်ရပါသည်။ စန္ဒယားမှာ မိမိဖာသာရှိမနေနိုင်ပါ။ အဘယ်အရာမှလည်း မိမိဖာသာရှိမနေနိုင်ပါ။ (Elohim) ဆိုသော စကားလုံး၏ အဓိပ္ပါယ်မှာ "အမြဲတမ်းရှိနေသောသူ" ဟူ၍ဖြစ်ပါသည်။ ဘုရားသခင်မှာ အဓိပ္ပါယ်အမျိုးမျိုး ဖြစ်နိုင်ပါသည်။ စကားလုံးထဲတွင် ကွာခြား ချက်ကိုကြည့်ပါ။

40 ၄၀။ သူသည်သူကိုယ်သူနှိမ့်ချ၍ ပြင်ပသို့သွန်းလောင်း၍ ထုတ်လိုက်သည်။ ကျွန်တော်တို့က ဤကဲ့သို့စဉ်းစားမိပါသည်။ ကိုယ်တော်ရှင်က "အန်ထုတ်" ပစ်လိုက် သည်ဟူ၍ ဖြစ်ပါသည်။ အင်္ဂလိပ်စကားလုံးမှာ လုံးဝသွန်ထုတ်ပစ်ခြင်း (သို့) လောင်း ထုတ်ပစ်လိုက်ခြင်းပင် ဖြစ်ပါသည်။ ကိုယ်တော်ရှင်အထဲမှ ကိုယ်တော်နှင့်မတူသောအရာ ထွက်သွားခြင်းပင် ဖြစ်ပါသည်။ ဂရိစကားလုံး Kenos မှာ "အန်ထုတ်" လိုက်သည်ဟု အဓိပ္ပါယ်မရပါ။ သူ၏လက်မောင်း ပြုတ်ထွက်သွားသည်။ သူ၏မျက်လုံး ကျွတ်ထွက်သွားသည်။

ကိုယ်တော်ရှင်သည် မိမိကိုယ်ကိုပြောင်းလဲပစ်ပါသည်။ သူသည်မိမိကိုယ်ကို ပြောင်းလဲပစ်ပါသည်။ သူသည်မိမိကိုယ်ကို သွန်းလောင်းပါသည်။ (အာမင်) အခြားမျက်နှာဖုံးထဲသို့အခြားပုံစံထဲသို့လောင်းထည့်ပါသည်။ အခြားသူတစ်ဦးက သူ့အထဲမှ ထွက်သွားခြင်းမဟုတ်ပါ။ သန့်ရှင်းသောဝိညာဉ်တော်က ထွက်သွားခြင်း မဟုတ်ပါ။ သူကိုယ်တိုင်က ထွက်သွား ခြင်းမဟုတ်ပါ။ သူကိုယ်တိုင်က သူ့ကိုယ်သူ လူသားများအတွင်းသို့သွန်းလောင်းလိုက်ခြင်းပင် ဖြစ်ပါသည်။ ခရစ်တော်သင့် အထဲ၌ ရှိတော်မူပါသည်။ မည်မျှလှပ၍ နှစ်သက်ဖွယ် ကောင်းပါသနည်း။ ဘုရားသခင်က မိမိကိုယ်ကို လူသားများအထဲသို့ယုံကြည်သူများအထဲသို့ သွန်းလောင်းလိုက်ပါသည်။ သွန်ထုတ်လိုက်ခြင်းပင် ဖြစ်ပါသည်။ ထိုသို့ပြုလုပ်ရန်အတွက် ကိုယ်တော်ရှင်၏ ဇါတ်ကွက် တစ်စိတ်တစ်ဒေသပင် ဖြစ်ပါသည်။ ဘုရားသခင်မှာ အားလုံးအပြည့်အဝဖြစ် လာစေရန် သခင်ယေရှုခရစ် တည်းဟူသော ပုဂ္ဂိုလ်အတွင်း၌ ဘုရားသခင်၏ကိုယ်ခန္ဓာအားဖြင့် အားလုံး ပြည့်စုံစေပါသည်။ သူသည် ဘုရားဖြစ်၍ ဘုရားတစ်ပါးတည်းသာ ဖြစ်ပါသည်။ ပထမပုဂ္ဂိုလ်၊ ဒုတိယပုဂ္ဂိုလ်၊ တတိယပုဂ္ဂိုလ် စသည်တို့မဟုတ်ပါ။ ပုဂ္ဂိုလ်ပင်ဖြစ်ပါသည်။ ဘုရားသခင်က လူသားဇာတိဖြင့် ဖုံးအုပ်ခံခြင်းပင် ဖြစ်ပါသည်။

41 ၄၁။ (၁တိ ၃း၁၆)တွင် "မှန်သောကိုးကွယ်ခြင်း၏ နက်နဲသောအရာသည် ကြီးစွာသောအရာဖြစ်သည်ဟု ငြင်းခုံရန်မရှိ။ ဘုရားသခင်သည် ..." သမ္မာကျမ်းစာထဲတွင် ဘုရားသခင်ကိုစာလုံးကြီးနှင့် ရေးသားထားသည်ကို တွေ့ရပါသည်။ မူရင်းသို့ပြန်လည်၍ ရည်ညွှန်းပါသည်။ "(Elohim) အစအဦး၌ (Elohim) ဟုဆို ထားပါသည်။ "၎င်းနောက် (Elohim) သည်...." ဟုဆိုထားသည်။ ငြင်းခုံ ရန်မရှိသောကြောင့် (Elohim) ၏နက်နဲမှုမှာ ကြီးမားပါသည်။ အကြောင်းမှာ (Elohim) သည်လူဇာတိကိုခံယူ၍ ကျွန်ုပ်တို့က ကိုယ်တော်ကိုဆွဲကိုင်ထားပါသည်။ (Elohim) သည် လူဇာတိ၌ ဖုံးကွယ်နေပါသည်။ ကြီးမြတ်တော်မူသော ယေဟောဝါဘုရားသခင်သည် နေရာ၊ အချိန်နှင့်နေရာတိုင်းကို ပြည့်နှက်စေ၍လူဇာတိ ဖြစ်စေပါ သည်။ ကျွန်ုပ်တို့က ကိုယ်တော်ကို ကြိုးကိုင်ပါသည်။ "အစအဦး၌ (Elohim) ရှိသည်။ သည်လူဇာတိကိုခံယူတော်မူ၍ ကျွန်ုပ်တို့နှင့်အတူ ကျိန်းဝပ် တော်မူပါသည်။"

42 ၄၂။ ဘယ်သို့ဖြစ်ပါသနည်း? ဤသည်မှာ ကိုယ်တော်ရှင်၏နည်းလမ်း ဖြစ်တော်မူပါသည်။ သူ့ဇါတ်လမ်း၏အပိုင်းများ ဖြစ်ပါသည်။ ထိုနည်းဖြင့် ကိုယ်တော်က သရုပ်ဆောင်ပြရန်ပင် ဖြစ်ပါသည်။ ကျွန်တော်တို့အား မိမိကိုယ်ကိုဖေါ်ပြ၍ အခြားသူတစ်ဦးအနေနှင့် ပြသရန် ကိုယ်တော်၏နည်းလမ်းပင် ဖြစ်ပါသည်။ ကျွန်တော်တို့မှာ ထာဝရမတည်မြဲသူများဖြစ်၍ ကိုယ်တော်ရှင်က နားလည်ပါသည်။ ကျွန်တော်တို့မှာ မတည်မြဲသူများအဖြစ်သာ နားလည်တတ်ပါသည်။ မတည်မြဲသူများ ကဲ့သို့သာ နားလည်တတ်ပါသည်။ ကျွန်တော်တို့၏ အသိညဏ်များက

အသိပေးသလောက်သာ နားလည်ပါသည်။ ဤအရာများကို ယုံကြည်ခြင်းအားဖြင့်သာ ကျွန်တော်တို့ယုံကြည်ရပါသည်။ ဘုရားရှိသည်ဟု ကျွန်တော်တို့ပြောနိုင်ပါသည်။ ကိုယ်တော်ရှင်အား တွေ့ရသည်ဖြစ်စေ၊ မတွေ့ရသည်ဖြစ်စေ၊ ကျွန်တော်တို့ဘယ်နည်းနှင့်မဆို ယုံကြည်ကြပါသည်။ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ဘုရားရှင်ပြောသကဲ့သို့ကျွန်တော်တို့ယုံကြည်ဆဲပင် ဖြစ်ပါသည်။

43 ၄၃။ အာဖြဟံကဲ့သို့ဖြစ်ပါသည်။ သားယောက်ျား၏ အရိပ်အယောင်ကိုပင် မမြင်ရပါ။ စာရာမှာ ကိုယ်ဝန်ပင်မဆောင်နိုင် ပါ။ ဓမ္မတာရာသီပင် မပေါ်တော့ပါ။ ဘာမှမဖြစ်တော့ပါ။ သို့တိုင်ဘုရားသခင်က ပြောပါသည်။ မြော်လင့်ချက်များ အားလုံး ပျောက်ကွယ်သွားပြီ ဖြစ်ပါသည်။ သူ့ဘဝအသက်တာအတွက် စမ်းချောင်းမှာ ခန်းခြောက်သွားပါပြီ။ သူမ၏အတွင်း၌လည်း သူမ၏အသက်တာ မှာလည်း ခမ်းခြောက်သွားပြီ ဖြစ်ပါသည်။ သို့တိုင်အောင် ဘုရားသခင်၏ဂတိ တော်ကို သူကမယုံကြည် ဘဲ မနေပါ။ ခိုင်မာ၍ ကျေးဇူးတော်ချီးမွမ်းလျှက် ဘုရားသခင်မှာ မိမိပြောဆိုသည်အတိုင်း ဘာကိုမဆိုဖြစ်စေနိုင်ကြောင်း သိနေ ပါသည်။ ယနေ့ကျွန်တော်တို့မှာ ကိုယ်တော်၏နှုတ်ကပတ်တော်ကို ယုံကြည်သင့် ပါသည်။ မည်သို့ဖြစ်လာပါမည် နည်း? ကျွန်တော်မသိပါ။ ဘုရားသခင်ကမူ ထိုနည်းအတိုင်း ဖြစ်လာမည်ဟုဆိုပါသည်။ ထိုအတိုင်းပင် ဖြေရှင်းရပါမည်။

44 ၄၄။ ဤကြီးမားလှသော မမြင်တွေ့ရသည့် ပုဂ္ဂိုလ်မှာမည်သူဖြစ်ပါသနည်း? ရုပ်ပုံများထဲတွင် တွေ့မြင်နေရသော ဤအာဖြဟံမှာ မည်သူဖြစ်ပါသနည်း? နောက်ဆုံးတွင် ကိုယ်တော်ရှင်ကို ဇာတိအားဖြင့် ဖော်ပြခြင်းခံရသည်ကို တွေ့ရသော် လည်း သားတော်ကြွလာတော်မမူမီ ဘုရားသခင်ကိုယ်တိုင် အာဖြဟံထံသို့သူ၏ပုံသဏ္ဍာန်ဖြင့် နောက်ဆုံးသော အချိန်ကာ လတွင် ကြွလာတော်မူပါသည်။ မိမိကိုယ်ကို ထင်ရှားစွာ ပြသတော်မူသည်။ အလင်းတန်းကလေးအားဖြင့် ကိုယ်တော်ရှင်ကို မြင်တွေ့ရသည်။ ရုပ်ပုံများအားဖြင့်လည်း တွေ့မြင်ကြရသည်။ သူ၏အသံကို ကြားကြရသည်။ ဗျာဒိတ်ဖော်ပြချက်ပေါင်း များစွာနှင့် ရင်ဆိုင် တွေ့ကြုံရသည်။ ဂတိထားတော်မူသောသားတော် ကြွလာတော်မမူမီ လူ၏ပုံသဏ္ဍာန်တော်အတိုင်း တွေ့မြင်ကြရသည်။ ကိုယ်တော်ရှင်နှင့်စကားပြော ကြရသည်။ ကိုယ်တော်ကို ညှော်ခံကျွေးမွေးခဲ့ရသည်။ ဘုရားသခင် ကိုယ်တော်တိုင် လူသားအသွေးအသားဇာတိကို ခံယူခဲ့ပါသည်။

45 ၄၅။ ဤသည်မှာ ကိုယ်တော်ရှင်၏နည်းလမ်း တစ်စိတ်တစ်ဒေသပင် ဖြစ်ပါသည်။ ဤနည်းမှာ ကိုယ်တော်ရှင်က မိမိကိုယ် ကိုကျွန်ုပ်တို့အား ဖော်ပြသည့်နည်းလမ်းပင် ဖြစ်ပါသည်။ ထာဝရနှုတ်ကပတ်တော်၊ ဘုရားသခင်၊ ယေဟောဝါကိုဖော်ပြ ၍လူ့ဇာတိ ခံယူစေခြင်းပင် ဖြစ်ပါသည်။ (ရှင်ယောဟန် ၁) မှာကဲ့သို့“အစအဦး၌ နှုတ်ကပတ်တော်ရှိ၏။ နှုတ်ကပတ်တော် သည် ဘုရားသခင်နှင့်အတူရှိ၏။ ...အစအဦး၌ (Elohim) ရှိ၏။ နှုတ်ကပတ်တော်သည် (Elohim) နှင့်အတူရှိ၏။ နှုတ်က ပတ်တော်သည်လည်း (Elohim) ဖြစ်တော်မူ၏။” အတူတူပင်ဖြစ်ပါသည်။ ဖွင့်ပြလိုက်ခြင်းသာ ဖြစ်ပါသည်။

အသွင်အပြင် လက္ခဏာကဲ့သို့ပင် ဖြစ်ပါသည်။ ဘုရားသခင်အတွင်း၌ ရှိတော်မူပါသည်။ အသွင်အပြင်လက္ခဏာမှာ သင်၏ အတွေးအခေါ်ပင် ဖြစ်ပါသည်။ ဘုရားသခင်သည် အစအဦး၌ ထာဝရဖြစ်တော်မူပါသည်။ သူသည်ဘုရားသာ မန်ပင် မဟုတ်ခဲ့ပါ။ ထာဝရဘုရား ဖြစ်တော်မူပါသည်။ သာမန်ရိုးရိုးဘုရား မဟုတ်ပါ။ ဘုရားဆိုသည်မှာ ကိုးကွယ်ရန်အရာတစ်ခု သို့မဟုတ် တစ်စုံတစ်ခု ဖြစ်ပါသည်။ ကိုယ်တော်ရှင်မှာ ထိုထက်မက ပိုပါသည်။ ကိုယ်တော်ရှင်သည် (Elohim)ထာဝရဘုရား ပင် ဖြစ်ပါသည်။ ကိုယ်တော်ရှင်အတွင်း၌ အတွေးများစွာ ရှိပါသည်။ ကိုယ်တော်ရှင်သည် ရုပ်ဝတ္ထုအရာဖြစ်လိုပါသည်။ ကိုယ်တော်ရှင် ဘာလုပ်ပါသနည်း? သူသည်နှုတ်မြွက်တော်မူ၍ ထိုနှုတ်ကပတ်တော်က ရုပ်ဝတ္ထုဖြစ်လာပါသည်။ ကမ္ဘာဦး ကျမ်းမှ ဗျာဒိတ်ကျမ်းအထိ အားလုံးသရုပ်ဖော် ထားခြင်းပင် ဖြစ်ပါသည်။ ဘာမှပြဿနာမရှိပါ။ (Elohim)က ရုပ်ပိုင်းဆိုင်ရာ ပေါ်ထွက်လာခြင်းပင် ဖြစ်ပါသည်။ ကိုယ်တော်ရှင်ကို တို့ထိ၍ခံစားနိုင်ပါသည်။ မိလေနိကာလတွင် (Elohim) မှာပလ္လင်ပေါ် တွင် ထိုင်နေမည်ဖြစ်ပါသည်။ ကိုယ်တော်ရှင်ကို ကိုးကွယ်သူများက ဝန်းရံလျှက်ရှိနေပါမည်။ ကမ္ဘာလောကကြီး၏ အခြေခံ အုတ်မြစ် မချမီကပင် ကိုယ်တော်ကကြိုတင် ဟောကြားခဲ့ခန့်ထားခဲ့ ခြင်းပင်ဖြစ်ပါသည်။

46 ၄၆။ ဆွဲလဲလုပ်သောသူကဲ့သို့ဖြစ်ပါသည်။ ပြုလုပ်သူပင် ဖြစ်ပါသည်။ ခေါင်းလောင်း တစ်လုံးနှင့်တစ်လုံး အသံတူမည် မဟုတ်ပါ။ အမျိုးအစားတူညီမှု ရှိသော်လည်း သံများခြင်း၊ သံမဏိများခြင်း၊ ကြေးများခြင်းအပေါ်မူတည်၍ အသံထွက် “တင်” ကနဲမြည်ပါသည်။

ထိုနည်းမှာ ဘုရားသခင်အမှုပြုသော နည်းလမ်းပင် ဖြစ်ပါသည်။ တစ်ခုမှ တစ်ခုသို့ဆက်စပ်ပါသည်။ ဤတစ်ခုမှ နောက်တစ် ခုကို ပြုလုပ်ပါသည်။ ဤတစ်ခုမှနောက်တစ်ခု ပြုလုပ်ပြန်သည်။ နောက်ဆုံး သူလိုချင်သည့်ပုံစံအတိ အကျပင် ဖြစ်သွား ပါတော့သည်။ သူကထိုကဲ့သို့ကြွလာတော်မူခြင်းပင် ဖြစ်ပါသည်။ ဘုရားသခင်က မိမိကိုယ်ကို ဖွင့်ပြတော်မူခြင်းပင် ဖြစ်ပါ သည်။ မီးတိုင်အားဖြင့် ပရောဖက်များမှ အဆင့်ဆင့်ဖော်ပြသည်။ ၎င်းနောက် ဘုရားသားတော်အတွင်းသို့ကြွလာတော် မူပါသည်။ (ကိုယ်တော်ရှင်မှာ ဘုရားဖြစ် တော်မူပါသည်) ပြည့်စုံခြင်းတစ်ခုမှ နောက်ပြည့်စုံခြင်းတစ်ခုသို့ဘုရားသခင် ကအတိအကျ ပေါ်ထွက်လာစေခြင်းပင် ဖြစ်သည်။ ဘုန်းတော်တစ်ခုမှ တစ်ခု သို့ပေါ်ထွက်လာစေခြင်းပင် ဖြစ်သည်။ ထိုနည်းအတိုင်း အသင်းတော်ဖြစ်ပေါ် လာရခြင်းပင် ဖြစ်သည်။

47 ၄၇။ ခေတ်အဆက်ဆက် သတိပြုပါ။ ထိုနည်းအတိုင်းပင် ဖြစ်ပါသည်။ သူ၏ပရောဖက်များအားဖြင့် ကိုယ်တော်ရှင်သည် မိမိကိုယ်ကိုဖော်ပြတော်မူပါသည်။ သူတို့မှာ ပရောဖက်များမဟုတ်ကြပါ။ ဘုရားဖြစ်ပါသည်။ ကိုယ်တော်ရှင် မိန့်တော်မူ ပါသည်။ သူတို့ပြောဆိုသောအရာမှာ ဘုရားစကားပင် ဖြစ်ပါသည်။ ဘုရားသခင် ကျိန်းဝပ်တော်မူသော ကိုယ်ခန္ဓာများပင် ဖြစ်ပါသည်။ သူတို့သည် ဘုရားများ ဖြစ်ကြပါသည်။ သခင်ယေရှုက “ငါသည် ဘုရားသခင်၏သားတော် ဟု ပြောဆိုသည်ကို သင်တို့မည်သို့အပြစ်စီရင်နိုင်မည်နည်း? သင်တို့ပညတ်တော်များကပင် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဟောပြော သူများသည် ဘုရားများဖြစ်သည်ဟု ဆိုကြသည် မဟုတ်ပါလား?” ဟုဆိုသည်။

ဘုရားသခင်သည် ပရောဖက်တည်းဟူသော လူသားအတွင်း၌ ကျိန်းဝပ်တော်မူခြင်းပင် ဖြစ်ပါသည်။ ဘုရားသခင်၏နှုတ်က ပတ်တော်သည် ဤလူသားအတွင်းသို့ရောက်လာပါသည်။ ထိုအခါ ထိုသူမှာ ပရောဖက် မဟုတ်တော့ပါ။ ပရောဖက်များ

အပေါ်ယံဖုံးအုပ်ထားခြင်းပင် ဖြစ်ပါသည်။ နှုတ်ကပတ်တော်မှာ ဘုရားဖြစ်ပါသည်။ လူသား၏စကားက ထိုသို့ပြုလုပ်နိုင်မည် မဟုတ်ပါ။ ကျွန်တော်ဆိုလိုသည်ကို သဘောပေါက်ပါသလား? ထိုနည်းအတိုင်း မလှုပ်ရှားနိုင်ပါ။ သို့သော်လည်း စွမ်းအားမှာ ဘုရားပင် ဖြစ်ပါသည်။ သူသည် ဘုရားနှုတ်ကပတ်တော်ဖြစ်၍ လူပုံသဏ္ဍာန်အားဖြင့်ဖြစ်၍ "လူသား" ဟုခေါ်ဆိုခြင်းခံ ရပါသည်။ သူ၏သဘာဝကို သူကမပြောင်းလဲပါ။ သူ၏ပုံသဏ္ဍာန်ကိုသာ ပြောင်းလဲခြင်းဖြစ်ပါသည်။ (ဟေဗြဲ ၁၃း၈)အရ "ကိုယ်တော်ရှင်သည် မနေ့၊ ယနေ့နှင့်ထာဝရကာလ အတူတူပင် ဖြစ်သည်။" ဟုဆိုထားပါသည်။ သူကြွလာ တော်မူသော အခါ သူ၏သဘာဝကို ပြောင်းလဲ၍မရပါ။ သူသည် ထိုပရောဖက် သာဖြစ်၍ ခေတ်အဆက်ဆက်မပြောင်းလဲသော နှုတ်ကပတ်တော်ပင်ဖြစ်ပါ သည်။ နှုတ်ကပတ်တော်၊ နှုတ်ကပတ်တော်၊ နှုတ်ကပတ်တော် ပင်ဖြစ်ပါသည်။ သူ၏သဘာဝကို မပြောင်းလဲနိုင်ပါ။ သူ၏ပုံသဏ္ဍာန်ကိုသာ ပြောင်းလဲခြင်းဖြစ်သည်။ (ဟေဗြဲ ၁၃း၈)တွင် "သူသည် မနေ့၊ ယနေ့နှင့်ထာဝရ ကာလ အတူတူပင် ဖြစ်သည်။" ဟုဆိုထားပါသည်။ သူ၏မျက်နှာဖုံးကိုသာ သူကပြောင်းလဲစေ ခြင်းဖြစ်သည်။

48 ၄၈။ ကျွန်တော်သည် ခင်ပွန်းသည်ဘဝမှ ဖခင်ဘဝသို့ကျွန်တော်၏ သားမွေးလာသောအခါ ပြောင်းလဲရပါသည်။ မြေးမွေး လာသောအခါ အဖိုးဖြစ်လာရပါသည်။ သို့သော်လည်း ကျွန်တော့်မှာ ပြောင်းလဲမှုမရှိပါ။ ကျွန်တော်သာဖြစ်မြဲ ဖြစ်နေပါသည်။ (ထိုနည်းတူ ဘုရားသခင်လည်း ဖြစ်ပါသည်။) မိမိ၏ပုံသဏ္ဍာန် ပြောင်းလဲခြင်းသာ ဖြစ်သည်။ သဘာဝမှာ ပြောင်းလဲသကဲ့သို့လူငယ်ဘဝမှ လူလတ်ပိုင်း၊ ၎င်းနောက် လူကြီးပိုင်းသို့ရောက်သွားရပါသည်။ သင်၏ပုံသဏ္ဍာန် ပြောင်းလဲခြင်းသာဖြစ်ကြောင်း သဘောပေါက်ပါသလား?

ယခုအခါတွင် လူငယ်ကလေးတစ်ဦးရပ်နေသည်ကို တွေ့ကြရသည်ဆိုပါစို့။ (၁၆)နှစ်သားအရွယ်ကို အဖိုးဟုဆိုကြပေမည်။ မဖြစ်နိုင်ပါ။ သူ၏အသွင်ပုံစံ ကိုပြောင်းလဲပစ်ရပါမည်။ နှစ်အနည်းငယ်တွင် ၎င်းကိုပြောင်းလဲစေပါသည်။ ၎င်းနောက် သူသည် အဖိုးဖြစ်လာပါသည်။ ကျွန်တော်ဆိုလိုသည်ကို နားလည်ပါသလား?

တစ်ချိန်လုံး ထိုပုဂ္ဂိုလ်သည် အလားတူပုဂ္ဂိုလ်ပင် ဖြစ်ပါသည်။ တစ်ချိန်လုံး ဘုရားဖြစ်ပါသည်။ အလားတူ ပုဂ္ဂိုလ်ပင်ဖြစ်ပါ သည်။ ထိုနည်းဖြင့် သူ့ကိုယ်သူ ဖော်ပြပါသည်။ မီးတိုင်၏ခေတ်ကာလတလျှောက်လုံး ကိုယ်တော်ရှင်သည် မိမိကိုယ်ကို ဖော်ပြခဲ့ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်၏ ကာလတွင်လည်း ဘုရားသားတော်၊ ဒါဝိဒ်၏သားတော်အဖြစ် .... သူသည်အ မြဲတမ်း မိမိကိုယ်ကို သူ့လူများ၏စရိုက်လက္ခဏာဖြင့် ဖော်ပြမည်ဖြစ်ပါသည်။ ကိုယ်တော်ရှင်ကို လူများကသိစေပါသည်။ သူသည် တစ်စုံတစ်ခု၏နောက်ကွယ်တွင် ဖုံးကွယ်လျှက်ရှိပါသည်။ အလားတူနည်းအားဖြင့် သို့မဟုတ် အလားတူသဘော အားဖြင့် အချိန်တိုင်းတွင် ဖြစ်နိုင်ပါသည်။

49 ၄၉။ ဘုရားသခင်သည် ယေရှုခရစ်၌ ဖုံးကွယ်တော်မူလျှက်ရှိပြီး ကားတိုင်ပေါ်တွင် ကယ်တင်ခြင်းလုပ်ငန်းကို လုပ်ကိုင် ခဲ့ပါသည်။ ဘုရားသခင်သည် နာမ်ဝိညာဉ် အဖြစ်နှင့် မသေဆုံးနိုင်ပါ။ ကိုယ်တော်ရှင်သည် ထာဝရဖြစ်တော်မူပါသည်။ သို့သော်လည်း သူသည်မျက်နှာဖုံးစွပ်၍ သေခြင်းအပိုင်းကို လှုပ်ရှားပြသရပါသည်။ သူအသေခံရပါသည်။ သို့သော်လည်း သူသည်ဘုရား၏ပုံသဏ္ဍာန်ဖြင့် မပြုလုပ်နိုင်ပါ။ သားတော်၏ပုံသဏ္ဍာန်ဖြင့် ပြုလုပ်ရပါသည်။ လူသားတော်အဖြစ်နှင့် ကမ္ဘာကြီးပေါ်တွင် ပြုလုပ်ရခြင်း ဖြစ်ပါသည်။ သူသည် သားတော်၏ ပုံသဏ္ဍာန်တော်အတိုင်း ရှိရပါမည်။ ပင်တေကုတ္တေ နေ့တွင် သူပြန်လာသောအခါ သူသည် ဘုရားသားတော်တစ်ဖန်ပြန်၍ ဖြစ်ရပါမည်။ ကျွန်တော်ဘာကိုဆိုလို ကြောင်းသိ ပါသလား? သဘောပေါက်ပါရဲ့လား? သူသည် ...

50 ၅၀။ သူသည် လူသားဇာတိအထဲသို့ဝင်ရောက်လာရပါသည်။ လိင်မှုဆန္ဒမရှိရပါ။ မြွေ၏မျိုးစေ့တည်းဟူသော ကျွန်ုပ်တို့၏ ပြောဆိုချက်ကို သက်သေပြသည့်အရာပင် ဖြစ်ပါသည်။ "လိင်မှုကိစ္စ" အတိအကျမှာ "လိင်" ပင်ဖြစ်ပါသည်။ ပန်းသီးများ မဟုတ်ပါ။ လိင်ပင်ဖြစ်ပါသည်။ မှန်ပါသည်။ ထိုသို့ပင် ဖြစ်ရပါမည်။ ရှေးပရောဖက်များကို ပြန်၍ကြည့်ပါ။ သူသည် ပရောဖက် ထက်ပို၍ သာရပါမည်။ ထိုသို့ပြုလုပ်နိုင်ရန်အတွက် အပျိုကညာမာရိအားဖြင့် ပြသရပါမည်။ အပျိုကညာဖွားမြင်ခြင်းကို သက်သေပြရပါမည်။ ... အပျိုကညာအားဖြင့် မွေးဖွား၍ ကျိန်းခြင်းကို ပယ်ရှားရပါမည်။ ကာကွယ်ဆေးထိုးပေးသကဲ့သို့ပင် ဖြစ်ပါသည်။ ကျွန်တော်ဘာဆိုလိုကြောင်း သဘောပေါက်ပါသလား? လိင်မှု ကိစ္စဖြစ်ရပါမည်။ သူကြွလာတော်မူခြင်းအားဖြင့် သက်သေပြခဲ့ပါသည်။ လိင်မှုဆန္ဒအားဖြင့် ကြွလာတော်မူခြင်း မဟုတ်ပါ။ သူကြွလာတော်မူခြင်းအားဖြင့် သက်သေပြခဲ့ပါ သည်။ ကိုယ်တော်ရှင်သည် လိင်မှုဆိုင်ရာအားဖြင့် ကြွလာတော် မူခြင်းမဟုတ်ဘဲ အပျိုကညာဖွားမြင်ခြင်းအားဖြင့် ကြွလာ တော်မူပါသည်။ သူ၏မျက်နှာဖုံးကိုလည်း ယေဟောဝါမှယေရှုသို့ ပြောင်းလဲပစ်ပြီး ကယ်တင်ခြင်း ဇါတ်လမ်းတွင် သူက လှုပ်ရှားခြင်းဖြစ်ပြီး ကားတိုင်ပေါ်တွင် ပြသခဲ့ပါသည်။

51 ၅၁။ ဂရိများက ကိုယ်တော်ကိုတွေ့မြင်လိုကြပါသည်။ (ယော ၁၂း၂၀) တွင်အများ စုက ကျွန်တော်ဟောပြောသည်ကို ကြားရပါသည်။ "သခင်ယေရှုကိုတွေ့ရပါ မည်လား? သင်ထိုအရာကို သတိပြုမိပါသလား?

ဂရိများမှာ ကျမ်းတတ်ပုဂ္ဂိုလ်များ ဖြစ်ကြပါသည်။ ၎င်းတို့မှာ လူကြီးများဖြစ် ကြပါသည်။ သူတို့မှာ ဘုရားသခင်နှင့်ပတ်သက်၍ ကြီးမားစွာ ခံစားကြရပါသည်။ ပေါလုက မားစ်ကုန်းမြင့်ပေါ်တွင် တရားဟောပြောကြပါသည်။ ၎င်းတို့မှာ ကမ္ဘာကြီးကို သိပ္ပံနှင့်ပညာရေးလမ်း ပြသခဲ့ပါသည်။ သူတို့မှာ ကြီးမားသူများ ဖြစ်ကြပါသည်။ သူတို့သည် ဝတ်ပြုကိုးကွယ်၍ Mytholopy ကိုယုံကြည် ကြပါသည်။ ဝိဇ္ဇာပညာစသည်တို့ကို လက်ခံကြပါသည်။

သူတို့သည် ဤလူအကြောင်းကြောင့် နိုးကြွမှုဖြစ်ပေါ်လာပါသည်။ သူသည် အနာရောဂါငြိမ်း စေသူဖြစ်၍ အရာခပ်သိမ်း ကိုလည်း ကြိုတင်ပြောပြနိုင်ပါသည်။ အတိအကျ ပြောပြနိုင်ပါသည်။ သူတို့နိုးထမှုခံရပြီးမှသာ ကိုယ်တော်ကိုလာ၍ တွေ့နိုင် ပါမည်။ သေချာစွာကြည့်ပါ။ လုံးဝမပျက်ကွက်စေပါနှင့်။ ဖိလိပ္ပုထံသို့သူတို့လာ၍ ပြောပြနိုင်ပါသည်။ ဘက်ဇဲဒနှင့် ပတ်သက်ပါသည်။ "ကျွန်တော်တို့ ယေရှုကိုတွေ့လိုပါသည်။" ဖိလိပ္ပုနှင့်အခြားတပည့်တော်တစ်ဦးက သူ့ကိုယေရှုထံသို့ယူဆောင်လာပါသည်။ ယေရှုနှင့်တွေ့ရန်ပင် ဖြစ်ပါသည်။

သခင်ယေရှုက သူတို့အားပြန်၍ သတင်းပို့ဆောင်သောစကားများကို ယခုသတိပြုပါ။ သူတို့သူ့အားကြည့်ရန် လာကြခြင်း ဖြစ်၍

သူတို့သူ့ကိုမတွေ့နိုင်ကြပါ။ သူတို့သည် ပုံသဏ္ဍာန်တော်ကိုတွေ့ရ၍ ကိုယ်တော်ကဗိမာန်တော်ထဲတွင် ရှိနေပါသည်။ ဘုရားသခင်သည် ဗိမာန်တော်ထဲတွင်ရှိ၍ လူ့ဇာတိနှင့် ရှိနေတော်မူပါသည်။ ကိုယ်တော်ရှင် ပြောသောစကားများကို သတိပြု၍မှတ်သားပါ။ "မျိုးစေ့သည် မြေသို့ကျ၍ ပုပ်ပျက်မှုမရှိပါက ၎င်းသည်တစ်ခုတည်းသာ ရှိနေပါသည်။ အချိန်ကျ ရောက်လာ၍ လူသားသည် ဘုန်းထင်ရှားစေမည် ဖြစ်ပါသည်။ ဤလောကမှ လွန်မြောက်သွားရပါမည်။ ထိုအချိန် ရောက်မလာဘဲနှင့် သင်သည် ဘယ်သောအခါမှ တွေ့ရမည်မဟုတ်ပါ။

52 ၅၂။ သူတို့ဘာကြောင့် ယေရှုကိုမတွေ့ရပါသနည်း? သူသည် မျက်နှာဖုံးဖြင့် ဖြစ်ပါသည်။ ဘုရားသခင်မှာ မျက်နှာဖုံး ဖြင့်ဖြစ်ပါသည်။ ဂရိများက ဘုရားကိုလိုလား ခဲ့ပါသည်။ ဤနေရာတွင် ကိုယ်တော်ရှင်ရှိခဲ့ပါပြီ။ သို့သော်လည်း ဖုံးကွယ်နေ သောကြောင့် ကိုယ်တော်ကိုမတွေ့ရပါ။ သို့တိုင် ယနေ့လည်း အလားတူပင်ဖြစ် နေပါသည်။ မျက်နှာဖုံးရှိနေသောကြောင့် ကိုယ်တော်ရှင်ကိုမတွေ့ရပါ။ သူ တို့၏မျက်နှာပေါ်တွင် ဖြစ်ပါသည်။ ထိုဂရိများမှာ မျက်နှာဖုံးနှင့်ဖြစ်ပါသည်။ သခင်ယေရှုမှာ ထိုဂရိများအတွက် မျက်နှာမှာဖုံးကွယ်လျှက်ရှိပါသည်။

ကိုယ်တော်ရှင်သူတို့အားပြောသောစကားကို သတိပြုပါ။ "ဤဂျုံနှံများ မြေ ကြီးထဲသို့မကျပါက ၎င်းသည်တစ်ဦးတည်းသာ ရပ်တည်နေရပါမည်။"

မည်သို့ဖြစ်ကြောင်း သူတို့နားမလည်နိုင်ပါ။ အကြောင်းမှာ ကိုယ်တော်ကို မမြင်ရသောကြောင့် ဖြစ်ပါသည်။ ထိုနေရာမှာ လူတစ်ဦးတည်း ရပ်နေပါသည်။ သူတို့သည် ဘုရားကိုကြည့်မြင်နိုင်ရန် လာကြခြင်းဖြစ်ပါသည်။ သူတို့လူတစ်ဦးကို တွေ့ရပါသည်။ သူတို့ဘုရားကိုမတွေ့နိုင်ပါ။ အကြောင်းမှာ ဘုရား သည် သူတို့ထံမှ ဖုံးကွယ်နေသောကြောင့် ဖြစ်ပါသည်။ သင့်စိတ်နှလုံးထဲတွင် ထိုအရာများကို မှတ်သားထားပါ။ ဘုရားသခင်သည် လူတစ်ဦးထဲတွင်ဖုံးကွယ် နေပါသည်။ သူတို့က "ဘုရားမှလွဲ၍ ဤအရာကို မည်သူမှ မလုပ်နိုင်ပါ။ ဘယ်သူမှမတတ်နိုင်ပါ။ ဤနေရာမှာ ရပ်နေသူက သူ့အားဖြင့် ဘုရားသခင် ၏ အလုပ်များပေါ်လွင် ထင်ရှားလျှက်ရှိသည်။။ ဟုပြောနိုင်ပါသည်။ ဘုရားသခင်မှာ ဖုံးကွယ်လျှက်ရှိကြောင်း သူတို့နားမ လည်နိုင်ခြင်း ဖြစ်ပါသည်။

53 ၅၃။ သူသည်အမြဲတမ်းလူထဲ၌ ဖုံးကွယ်လျှက်ရှိပါသည်။ အမြဲတမ်းထိုသို့ပင် ဖြစ်သည်။ သူတို့အတွက် ဖုံးကွယ်လျှက်ရှိပါ သည်။ သူသည် သူ၏လူသားဗိမာန် ထဲ၌ ရှိနေခဲ့ပါသည်။ ဘုရားသည် လူသားဗိမာန်ထဲတွင် ရှိနေပါသည်။ အထူးသ တိပြုရမည့်အရာမှာ ကိုယ်တော်ရှင်သည် မနေ့၊ ယနေ့နှင့်ထာဝရအတူတူပင် ဖြစ်သောကြောင့်ပင် ဖြစ်ပါသည်။ ဘုရားသခင် မှာ ဖုံးကွယ်နေပါသည်။ လော ကကြီးမမြင်နိုင်ရန် ဖုံးကွယ်နေပါသည်။ လူသားအထဲတွင် ဖုံးကွယ်နေခြင်းဖြစ်ပါသည်။

ဒီမှာဘုရားဖြစ်ပါသည်။ ဂရိများ၏ဆိုစကား "ကိုယ်တော်ကို ကျွန်တော်တို့ကြည့်ရမည်။" ဖြစ်၍ယေရှုကဆိုသည်မှာ "ဂျုံနှံသည် ကြွေကျ၍ပျက်စီးရမည်" ဟူ၍ ဖြစ်သည်။ သင်၏အတွေးအခေါ်များအားလုံးကို ဖျောက်ဖျက်ပစ်ရမည်။ သင့်အ တွေးများအားလုံး ဖျောက်ဖျက်ပစ်ရမည်။ ထိုတပည့်တော်များကဲ့သို့ပင် ဖြစ်ပါသည်။ ကိုယ်တော်၏ အသားတော်နှင့်အသွေး တော်ကို စားသုံးခြင်း အကြောင်းကို ရှင်းမပြတတ်ပါ။ ထိုအရာများအတွက် သူတို့သည် သေဆုံးသကဲ့သို့ဖြစ်နေပါသည်။ အဓိက စည်းမျဉ်းကြီးအတွက် သေဆုံးနေသည်။ ခရစ်တော်အတွက် သေဆုံးနေပါသည်။ ကိုယ်တော်ရှင် ဘာဘဲလုပ်လုပ် မည်မျှပင် ဆိုးရွားပုံပေါ်ပေါ် သူတို့ကကိုယ်တော်ကို ယုံကြည်ဆဲပင် ဖြစ်ပါသည်။ သူတို့သည် ကိုယ်တော် ထိုသူထဲတွင် တွေ့ရ ပါသည်။ ထိုသူမှာ စားသောက်ငါးဖမ်း၍ အိပ်တတ်ပါသည်။ အရာခပ်သိမ်းမှာ ဤမြေကြီးပေါ်တွင် မွေးဖွား၍ သူတို့နှင့်အတူ လမ်းလျှောက်သည်။ စကားပြောသည်။ သူတို့ကဲ့သို့ပင် ဝတ်စားထားသော်လည်း သူသည် ဘုရားဖြစ်ပါသည်။

54 ၅၄။ ဂရိတို့က ကိုယ်တော်ကိုမတွေ့ရခြင်းမှာ သူ့အားကွယ်ဝှက်ထားခြင်းကြောင့် ပင်ဖြစ်ပါသည်။ လူသားပုံသဏ္ဍာန် ဖန်တီးထားခြင်းကြောင့်ပင် ဖြစ်ပါသည်။ ကိုယ်တော်ရှင်၏နှုတ်ကပတ်တော်ကို သတိပြု၍ကြည့်ပါ။ "ဂျုံနှံသည်ကြွေကျ၍ ပျက်စီးခြင်းမရှိပါက" ဟုသူက သူတို့အားဆိုထားပါသည်။

ဘုရားသခင်သည် လူ၏ပုံသဏ္ဍာန်နှင့် ဖုံးကွယ်လျှက်ရှိပါသည်။ သူတို့၏ မြင်ကွင်းမှ ကိုယ်တော်ကိုဖုံးထားပါသည်။ လူကိုသာ လျှင် သူတို့တွေ့ရပါမည်။ ထိုရွေးချယ်ခွဲခန့်ထားသူများက ကိုယ်တော်ကို တွေ့ရပါသည်။ တစ်ဦးကလူကို တွေ့ရပါသည်။ တစ်ဦးကဘုရားကို တွေ့ရပါသည်။ ဘုရားသခင်သည် လူသားပုံ သဏ္ဍာန်ထဲတွင် ဖုံးကွယ်နေသည်ဖြစ်သဖြင့် သူတို့နှစ်ဦး စလုံး၏အမြင်မှာ မှန်ကန်ပါသည်။ သင်မမြင်ရသောအရာကို သင်ယုံကြည်နေခြင်း ဖြစ်ပါသည်။ ဘယ်လိုဘဲဖြစ်ဖြစ် သင် ယုံကြည်ပါသည်။ ဘုရားသခင်သည် လူ့အထဲ၌ဖုံးကွယ် နေပါသည်။ သူသည် ထိုအသွင်သဏ္ဍာန်ထဲ၌ရှိ၍ ထိုအသွင် သဏ္ဍာန်မှာ သူသည် ဖုံးကွယ်နေပါသည်။ မျက်နှာဖုံးမှာ ငှားထားခြင်းဖြစ်၍ ဘုရားကိုဖေါ်ပြရန်အတွက်ပင် ဖြစ်ပါသည်။

55 ၅၅။ ဓမ္မဟောင်းကျမ်းတွင်ဘုရားသခင်က မိမိကိုယ်ကို ဂရုဏာပလ္လင်ပေါ်တွင် ပုန်းကွယ်လျှက်ရှိပါသည်။ ဂရုဏာပလ္လင် ပေါ်တွင် မျက်နှာဖုံးအားဖြင့် ဖြစ်ပါသည်။ ဓမ္မဟောင်းကျမ်းတွင် ဘုရားသခင်မှာ သူ၏ဗိမာန်တော်ထဲတွင် ရှိနေပါသည်။ သို့သော်လည်း လူများဝင်လာကြပြီး ဤကဲ့သို့ဝတ်ပြုကိုးကွယ်ကြပါသည်။ သို့သော်လည်း သတိပြုရမည်မှာ ဘုရားရှင်ကိုဖုံး ကွယ်မည့် မျက်နှာဖုံးရှိပါသည်။ (အာမင်) ဘုရားသခင်မှာ ထိုနေရာမှာရှိကြောင်း သူတို့သိကြပါသည်။ ကိုယ်တော်ကို မတွေ့မမြင်နိုင်ပါ။ ထိုမီးတိုင်သည် ထိုနေရာမှာ ဘယ်သောအခါမှ မပေါ်လာတော့ပါ။ သင်သတိပြုမိပါသလား? ကျမ်းစာထဲ တွင် တစ်ခါမှမရှိပါ။ ထိုမျက်နှာဖုံးကန့်လန့်ကာ၏ နောက်ပိုင်းသို့ မီးတိုင်ဝင်သွားပြီးနောက်ပိုင်းမှ စ၍ သခင်ယေရှုခရစ်ထံမှ ထွက်ပေါ်လာသည့်အချိန်ကာလအထိ သူသည် ဖေါ်ပြခဲ့ခြင်းမရှိပါ။ ဘုရားသခင်မှာ ပုန်းကွယ်နေပါသည်။

ကမ္ဘာလောကကြီးပေါ်တွင် ခရစ်တော်ရပ်တည်လျှက်နေစဉ်က "ငါသည် ခမည်းတော်ဘုရားသခင်ထံမှလာ၍ ခမည်းတော် ဘုရားသခင်ထံသို့သွားမည်" ဟု ဆိုထားပါသည်။

(ကိုယ်တော်ရှင်အသေခံ၍ သင်္ဂြိုလ်ပြီးနောက် ရှင်ပြန်ထမြောက်သည့် နောက်ပိုင်းတွင်) ပေါလုက ဒမသက်မြို့သို့သွားရာ လမ်းပေါ်တွင် မီးတိုင်ကိုတစ်ဖန် ပြန်၍တွေ့ရပြန်ပါသည်။ ၎င်းသည် ဘယ်သို့ဖြစ်ပါသနည်း? ကန့်လန့်ကာ နောက်ကွယ်မှ ထွက်ပေါ်လာပါသည်။ ဘုရားရှင်ဘုန်းထင်ရှားပါစေ။ သူသည် ကန့်လန့်ကာ၏နောက်ကွယ်တွင် ရှိပါသည်။

56 ၅၆။ ကိုယ်တော်သည် မည်သည့်အရာ၏နောက်ကွယ်တွင် ရှိပါသနည်း? အရေပြားကန့်လန့်ကာ ဖြစ်ပါသည်။ မျက်နှာဖုံး၏ နောက်ကွယ်တွင် "အရေခြုံမျက် နှာဖုံးကန့်လန့်ကာ" နောက်ကွယ်တွင် ဖြစ်ပါသည်။ ကားတိုင်ပေါ်တွင် ကိုယ်တော်ရှင်အသေခံတော်မူသောနေ့တွင် ထိုကန့်လန့်ကာမှာ ဆုတ်ဖြဲခြင်းခံရပြီး ကိုယ်တော်ရှင်အား ဖုံးကွယ်ထားသောမျက်နှာဖုံးမှာလည်း အသေခံတော်မူသောနေ့တွင်ပင် ဆုတ်ဖြဲခြင်းခံရပါသည်။ ဂရုဏာတော်ပလ္လင်တစ်ခုလုံး လူမြင်ကွင်းသို့ပေါ်ထွက်လာပါ သည်။

ယုဒတို့က ဘုရားသခင်သည် ကျွန်ုပ်တို့ကဲ့သို့အပြစ်သားများကို မည်သို့ဂရု ဏာထားနိုင်ကြောင်း နားမလည်နိုင်ပါ။ ဂရုဏာထားတော်မူသောသူကို ၎င်းတို့မတွေ့နိုင်ပါ။ ကိုယ်တော်မှာ ပုန်းကွယ်လျှက်ရှိပါသည်။ သူသည်ဂရုဏာတော် ပလ္လင်နောက်ကွယ်တွင်ရှိနေ၍အတွင်းထဲ၌ အရေခွံများ ချိတ်ဆွဲထားလျှက်ရှိပြီး ကိုယ်တော်ကို ကွယ်လျှက်ရှိပါသည်။

57 ၅၇။ ထိုကန့်လန့်ကာ၏ နောက်ကွယ်တွင် မည်သူဘဲဝင်သွားပါစေ။ ရုတ်တရက် သေဆုံးသွားနိုင်ပါသည်။ (အို တစ် မိနစ်အတွင်း ကျွန်တော်တို့ဤနေရာတွင် သခ်ိန်းစာရနိုင်ပါသည်။ သင်လက်ခံနိုင်ပါက ဖြစ်နိုင်ပါသည်။) ထိုသားရေကန့် လန့်ကာနောက်ကွယ်တွင် လျှောက်သွားပါက တစ်ခါက ယဇ်ပရောဟိတ်၏သားများပင်လျှင် တစ်ခါကပြုလုပ်ရန် ကြိုးစား သဖြင့် သေဆုံးခဲ့ရပါသည်။ ထိုကန့်လန့်ကာနောက်ကွယ်သို့မသွားပါနှင့်။ ဘာကြောင့်လဲ? ထိုအထဲတွင် ကယ်တင်ခြင်း မရှိ သေးပါ။ ၎င်းသည် ဖြစ်နိုင်သည့်အရာပင်ဖြစ်သည်။ မည်သည့်ဖြစ်နိုင်ချေ အရာမဆို စစ်မှန်သောအရာ မဟုတ်ပါ။ ဖြစ်နိုင် သည့်အရာ သက်သက်သာ ဖြစ်ပါသည်။ ၎င်းအရာမှာ ကယ်တင်ခြင်း ဖြစ်ပါသည်။ အမြင်မှာ ဖုံးအုပ်ခြင်း ခံရပါသည်။ ပယ်ဖျက်ခြင်း မခံရပါ။ "ဖြတ်ထားခြင်း၊ ဖယ်ထားခြင်း ဖြစ်ပါသည်။" သိုးများ၏သွေးများနှင့်ဆိတ်များ၏သွေးများက မကယ် တင်နိုင်ပါ။ ယေဟောဝါမှာ ကန့်လန့်ကာ၏နောက်ကွယ်တွင် ပုန်းကွယ်လျှက်ရှိပါ သည်။ သူပုန်းကွယ်နေသော ကန့်လန့်ကာ၏ နောက်ကွယ်တွင် ကိုယ်တော်ရှင် ပုန်းကွယ်နေပါသည်။ ထိုအထဲသို့ ဝင်ရောက်နိုင်ရန်အတွက် ကြိုးစားသူမှာ လဲကျ၍ သေဆုံးသွားရပါသည်။

58 ၅၈။ သို့သော်လည်း ပင်တေကုတ္တေကတည်းက ကားတင်သတ်သည့်အချိန်က တည်းက ကန့်လန့်ကာသည် အထက်မှ အောက်သို့ ကွဲကျသွားသောအခါ ထိုမျိုးဆက်အတွက် .... သခင်ယေရှုမှာ ထိုကန့်လန့်ကာနောက်ကွယ်မှ ဘုရားပင် ဖြစ်ပါသည်။ ကိုယ်တော်ရှင်သည် ကားတိုင်ပေါ်တွင် အသေခံတော်မူသောအခါ ဘုရားသခင်က မီးနှင့်လျှပ်စစ်လက်ခြင်းများ ဖြစ်ပေါ်လာပြီး ကန့်လန့်ကာမှာ အပေါ်မှအောက်အထိ ကွဲသွားပြီး ဂရုဏာတော်ပလ္လင် တစ်ခုလုံးမှာ မြင်ကွင်းတွင် ထင်ရှားစွာပေါ်လွင်လာပါသည်။ သို့သော်လည်း သူတို့မှာ တွေ့မြင်နိုင်ရန် အတွက် အလွန်ပင်မျက်စိကွယ်လျှက် ရှိပါသည်။ မောရှေပြောသကဲ့သို့၊ ပေါလု ပြောသကဲ့သို့ မောရှေ၏ဖတ်ကြားချက်များရှိပါသည်။ "မောရှေကို ဖတ်လိုက်သောအခါ ကန့်လန့်ကာမှာ ၎င်းတို့၏နှလုံးသားပေါ်တွင် ရှိဆဲဖြစ်ပါသည်။ ဟာအိုညီအစ်ကိုမောင်နှမတို့ဂျူးများထိုသို့ပြုလုပ်ကြသောအခါ ကန့်လန့်ကာကွဲသွား၍ ဘုရားသခင်သည် မြင်ကွင်းပေါ်တွင် ထင်ရှားလာပါသည်။ ကားတိုင်ပေါ်တွင် ချိတ်ဆွဲလျှက် ရှိနေပါ သည်။ သူသည်မြင်ကွင်းတွင် ထင်ရှားပေါ်လွင် လျှက်ရှိသော်လည်း သူတို့ကမတွေ့မမြင်ကြရပါ။

59 ၅၉။ တပါးအမျိုးသားများလည်း အလားတူပြုလုပ်ရန် ဖြစ်နိုင်ပါသလား? (အို ဘုရား) အသင်းတော်ကာလများရှိပါက ဘုရားသားတော်အားဖြင့် ဖြစ် ပါသည်။ ဤဂိုဏ်းဂဏများနှင့် အရာများ၏ကန့်လန့်ကာများ၊ အသင်းတော်အ စဉ်အလာများကို ပယ်ဖျက်လိုက်သောအခါ လူများပြောဆိုသော အရာများ ဖြစ်သည့် "အံ့ဘွယ်နိမိတ်လက္ခဏာအချိန်များ ကုန်ဆုံးပါပြီ။" ဆိုသည်များလည်း၎င်း၊ ဘုရားသခင်က မျက်နှာဖုံးကိုခွာချလိုက်သောအခါ လူမြင်ကွင်းတွင် ပေါ်လာပါသည်။ သူတို့က တစ်ဖန်ပြန်လည်၍ အဆင့်ဆင့်ကားတင်ရန် ဖြစ်နေ ပါသည်။ အမှန်တစ်ကယ်ပင် တိကျပါသည်။

60 ၆၀။ ကန့်လန့်ကာ ကာထားခြင်းမရှိသောဘုရား၊ ထင်ရှားပေါ်လွင်သော မြင်ကွင်းတွင် ကိုယ်တော်ကို ထိုနေရာတွင် ရပ်နေသည်ကို သူတို့ထင်ရှားစွာ တွေ့မြင် သင့်ပါသည်။ ကိုယ်တော်သည် အလွန်ရိုးသားပါသည်။ သူသည် သာမန်လူတစ် ဦးပင် ဖြစ်ပါသည်။ သူတို့မတွေ့မြင်နိုင်ပါ။ ထိုနေရာတွင် လူတစ်ဦးရပ်နေပါ သည်။ သူတို့က "ဤသူမည်သည့်ကျောင်းမှ အောင်ပါသနည်း? ဟုမေးသည်။ ထိုလုံ့တံသည် သူ၏ကိုယ်ခန္ဓာကို ထိုးစိုက်လိုက်သည်နှင့် ထိုဝိညာဉ်တော်က ကိုယ်တော် ကို စွန့်ခွာသွားပါသည်။ ယဇ်ပူဇော်ရာသေတ္တာ မြောက်သွားသည်။ မိုးကြိုးက ဗိမာန်တော်ကို ပစ်ချလိုက်သည်။ ကန့်လန့် ကာပြဲသွားသည်။ ၎င်းသည် ဘာဖြစ်ပါသနည်း? သူတို့၏ဘုရား ကားတိုင်ပေါ်တွင် ဆွဲထားလျှက်ရှိပါသည်။ သူတို့မှာ မမြင်နိုင်လောက်အောင် မျက်စိကွယ်လျှက်ရှိသည်။

အများမြင်ကွင်းထဲသို့ကိုယ်တော်ကို ယူဆောင်လာကြသည်။ သူတို့မတွေ့ကြရပါ။ သူတို့မျက်စိ ကွယ်ကြပါသည်။ ဘုရားသခင်မှာ လူသားအထဲတွင် ဖုံးအုပ်လျှက်ရှိပါသည်။

61 ၆၁။ နောက်ဆုံးသော နေ့ရက်များတွင် ကိုယ်တော်ရှင်တစ်ဖန်ပြန်၍ ကြွလာတော်မူရန်ရှိပါသည်။ သို့သော်လည်း မီးတိုင်ကတစ်ဖန်ပြန်လာပြီး လူသားကို ဖော်ပြရန်ဖြစ်သည်။ အလင်းနှုတ်ကပတ်တော်ကို ဖော်ပြရန်ဖြစ်ပါသည်။ အစဉ်အလာ ပြောဆိုချက်များအားလုံးကို ဖယ်ရှားဆေးကြောပစ်မည် ဖြစ်ပါသည်။ ဘာမှဂရုစိုက်စရာ မလိုပါ။ အားလုံးဖြေရှင်းပြီး ဖြစ်ပါ လိမ့်မည်။ ဘုရားသခင်က သူတို့၏ဂိုဏ်းဂဏများနှင့် အစဉ်အလာများကို ဖယ်ရှားပစ်ပါသည်။ မည်သို့သော ဝိညာဉ်မျိုးကို သူပြုလုပ်ပါမည်နည်း? ပထမဆုံးနေရာတွင် သူပြုမူသကဲ့ သို့ဖြစ်ပါသည်။ ဧလိယ၏ခေတ်၊ ယောဟန်၏ခေတ်တွင် သူပြုလုပ် ခဲ့သည်တို့ကို ကြည့်ပါ။ သင့်ကိုယ်သင်စိတ်ထဲတွင် မပြောဘဲနေပါသလား? အာဗြဟံကို အဖအဖြစ် မပြောလိုပါသလား? ကျောက်တုံးများကို အာဗြဟံ၏သားသမီးများဖြစ် စေရန် ဘုရားရှင် ဤကျောက်တုံးများကို မဖန်တီးနိုင်ဘဲနေမည်လား? သင်မ စဉ်းစားမိပေဘူးလား? "ငါကတော့ဒါနဲ့ဆိုင်တယ်။ ဟိုဟာနဲ့ဆိုင်တယ်။" စသည်တို့ဖြစ်ပါသည်။ ဘုရားရှင်က ကန့်လန့် ကာကို ပယ်ဖျက်၍သူမည်သူဖြစ်ကြောင်း

ဖေါ်ပြပေမည်။ ကန့်လန့်ကာကိုကြည့်၍ ကွဲပြဲသွားသောအခါဘာဖြစ်သည်ကို ယခုအခါကျွန်တော်တို့တွေ့ရပါသည်။

62 ၆၂။ တစ်ချိန်ကဆိုလျှင် ထိုကန့်လန့်ကာနောက်ကွယ်သို့လူတစ်ဦးဖြတ်ဝင်သွားပါက ချက်ချင်းသေဆုံးရပါသည်။ ယခုအခါတွင် သေခြင်းကြောင့် ဖြတ်ဝင်သွား စရာမလိုတော့ပါ။ အာမင်။ ထိုအစဉ်အလာ ကန့်လန့်ကာကို သင်မချိုးဖျက်နိုင် ပါက ဂိုဏ်းဂဏအုတ်နံရိုးကြီးကို ချိုးဖောက်၍ ဝင်ရောက်သွားပါ။ ဘုရားသခင်ကို သူ၏တန်ခိုးတော်၌တွေ့ရပြီး သေခြင်း အားဖြင့် တန်ခိုးတော်ကို ပြသခြင်း ဖြစ်ပါသည်။ တံခါးက ဝင်သွားပါက သေခြင်းနှင့် ရင်ဆိုင်ရသည့်အရာမှာ ယခု အခါတွင် သေခြင်းကြောင့် ရှောင်နေရပါသည်။ ဂရုဏာတော်ပလ္လင်တစ်ခုလုံး လူမြင်ကွင်းတွင် လုံးဝပေါ်လွင်ထင်ရှားလျှက် ရှိနေပါသည်။ မည်သူမဆိုမြင်ရ ပါသည်။ ကန့်လန့်ကာမှာ ကွဲပြဲလျှက်ရှိပါသည်။ ဘုရားဘုန်းတော်ထင်ရှားပါ စေ။ ဂရုဏာတော်ပလ္လင်တစ်ခုလုံး မြင်ကွင်းတွင် ထင်ရှားစွာ တွေ့နေရပါသည်။

63 ၆၃။ ကျွန်ုပ်ထိုကဲ့သို့ညစ်ညူးသောအပြစ်သားများကို ဘုရားသခင်က မည်သို့ဂရုဏာထားနိုင်ပါမည်နည်း? ခရစ်တော် သည် မိမိကိုယ်ကို ပုန်းအောင်းနေလျှက်ရှိခြင်းမှာ နက်နဲရာပင်ဖြစ်ပါသည်။ ထင်ရှားစွာမြင်ရခြင်း သို့မဟုတ် အပြည့်အဝမြင် နေရခြင်းဖြစ်၍ ကိုယ်တော်၏နှုတ်ကပတ်တော်အားဖြင့် ဖေါ်ပြခြင်းပင် ဖြစ်ပါသည်။ အမြဲတမ်းပင် နှုတ်ကပတ်တော်ပင် ဖြစ်ပါသည်။ ဘုရားပင် ဖြစ်ပါသည်။ နှုတ်ကပတ်တော်က ဖွင့်လှစ်လိုက်ခြင်းပင် ဖြစ်ပါသည်။ ထိုသူများမှာ ဘုရားသခင်၏ နှုတ်ကပတ်တော်မြတ်ကို သိခဲ့ပါက သခင်ယေရှုသေဆုံး မည့်နေ့ရက်တွင် သူတို့ကဂရုဏာတော်ပလ္လင်ကို တွေ့မြင်ကြမည် ဖြစ်ပါသည်။ ကိုယ်တော်ရှင် မည်သူဖြစ်ကြောင်း ၎င်းတို့တွေ့မြင်ကြပါမည်။

"ထိုသူမှာ မည်သူဖြစ်ပါသနည်း။ ကန့်လန့်ကာကို ဘာကြောင့်ကွဲပြဲစေပါ သနည်း?" ၎င်းအထဲသို့ဝင်သွားရန် သေခြင်းတရား ပင်ဖြစ်ပါသည်။ မည်သူမှ မမြင်နိုင်ပါ။ မောရှေက ပုံသဏ္ဍာန်အဖြစ်နှင့် တွေ့မြင်ရပါသည်။ လူတစ်ဦး၏ နောက်ကြောဖြစ်ပါ သည်။ ယခုလည်းတွေ့ရပါသည်။ သွေးထွက်နေသော နောက်ကြောပိုင်း ဖြစ်ပါသည်။ အလားတူ လူသားပင် ဖြစ်ပါသည်။ ၎င်းသည် ဘာအရာဖြစ်ပါသနည်း? ဘုရားသခင်က သူတို့အား ဂရုဏာပလ္လင်ကို ပြသစေလိုပါသည်။ ဘုရားသခင်သည် သူမည်သူမည်ဝါဖြစ်ကြောင်း ပြသလိုပါသည်။ ဘုရားကျောင်းထဲမှ ကန့်လန့်ကာသည် အထက်မှဘုရားသခင်၏လက်တော် သည် အထက်မှအောက်သို့တိုင်အောင် ဆုတ်ဖြဲခြင်းခံရ၍ ဘုရားသခင်၏ရှင်းသောအမြင်ကို ဖေါ်ပြပါသည်။ သခင်ယေရှု သည် ကားတိုင်ပေါ်တွင် ချိတ်ဆွဲ ခြင်းခံရ၍ ဂရုဏာတော်ပလ္လင်ပေါ်တွင် ဖြစ်နေပါသည်။ ၎င်းသည် ဘာဖြစ်ပါသနည်း? လူများမှာလည်း မြင်နိုင်ရန်အတွက် အလွန်ပင်မျက်စိကွယ်လျှက် ရှိပါသည်။

64 ၆၄။ တစ်ဖန်ပြန်လည်၍ ထပ်မံပြောဆိုရန်ဖြစ်ပါသည်။ အစဉ်အလာများမည် သို့ .... ပင်တေကုတ္တေနေ့တွင် နှုတ်ကပတ်တော်ရောက်လာခဲ့ပြီး "ဘုရား သားတော်" ၏ပုံသဏ္ဍာန်နှင့်ဖြစ်ပါသည်။ နိစိန်၊ ရောမတွင် ၎င်းတို့သည်စတင်၍ ဖွဲ့စည်းခဲ့ပါ သည်။ ပထမဆုံးအနေနှင့် ၎င်းတို့သည် မက်သဒစ်၊ နှစ်ခြင်း၊ ပရက်စ်ဘီတေးရီးယန်း၊ ပင်တေကုတ္တေများ၊ စသည်တို့ဖြစ်ကြပါ သည်။ ၎င်းတို့မှာ သူတို့၏အစဉ်အလာများ ဖြစ်ပါသည်။ သူဘယ်နေရာတွင် ရပ်တည်နေ ကြောင်းမသိရပါ။ ဘုရားရှင်ဘုန်း ထင်ရှားပါစေ။ နောက်ဆုံးသော နေ့ရက်များတွင် ကိုယ်တော်ရှင် ပြုလုပ်နိုင်မည့်အကြောင်း ဂတိပေးတော်မူပါသည်။ သူ၏ နှုတ်ကပတ်တော်ကို သူကရှင်းရှင်းလင်းလင်း ဖေါ်ပြလိုပါသည်။ ကျွန်ုပ်တို့ရှေ့တွင် ပြန်လည်၍ ဖွင့်လှစ်လိုပါသည်။ ဖွင့်လှစ်ရ ပါမည်။

သူတို့သည် နှုတ်ကပတ်တော်ကိုသာသိကြပါက သခင်ယေရှုသည် မည်သူ ဖြစ်ကြောင်း သိကြရပေမည်။ နှုတ်ကပတ်တော်ကို သာလျှင် သိသောလူသားဖြစ်ပါက ကျွန်တော်တို့အသက်ရှင်လျှက်ရှိသော အချိန်နာရီကို သူကသိရပါမည်။ ၎င်းနောက် ဘာဖြစ်ပါသနည်း? ထိုနှုတ်ကပတ်တော်ကို သူတို့ကနာခံရန်သူတို့က ငြင်းပယ်ထားခြင်းသာ ဖြစ်ပါသည်။ သူတို့၏အစဉ် အလာများ ...ထိုဂျူးများ ထိုသို့မြင်နိုင်ရန်အတွက် အဘယ်အရာကပြုလုပ်နေပါသနည်း? အဘယ်နည်း? သူတို့အမှန် တစ်ကယ်မြင်တွေ့သကဲ့သို့ထင်မြင်ရပါသည်။ အကြောင်းမှာ ကန့်လန့်ကာဆုတ်ဖြဲခြင်း ခံရသောကြောင့် ဖြစ်ပါသည်။ ရည်ရွယ်ချက်တစ်ခု ကြောင့် ၎င်းကိုဆုတ်ဖြဲလိုက်ခြင်းပင် ဖြစ်ပါသည်။

65 ၆၅။ ဤနိုးထမှုသည် ယခုအခါတွင် ဘာနှင့်သက်ဆိုင်နေပါသနည်း? ၎င်းသည် မည်ကဲ့သို့ထွန်းကားလာနိုင်ပါမည်နည်း? မည်ကဲ့သို့ ကောင်းချီးခံစားရပါမည်နည်း? ဘယ်နှစ်ခါဘဲဖြစ်ဖြစ် လူကဲ့သို့ဖန်တီးခြင်းများကို ကျွန်တော်ဂရုမစိုက်ပါ။ မောရှေ ထွက်သွားသောအခါ ရောနှောနေသော လူအုပ်ကြီးသူနှင့်အတူပါ သွားပါသည်။ သို့သော်လည်း ၎င်းသည်ဘာအတွက် ပြုလုပ်ရပါသနည်း? ယေဟောဝါဘုရားရှင်ကိုယ်တိုင် ဘုရားသခင်၏ကန့်လန့်ကာကို ဖယ်ထုတ်လိုက် ခြင်း ဖြစ်ပါသည်။ အမှားအမှန်ကွာခြားချက်ကို ဖေါ်ပြရန်ပင်ဖြစ်ပါသည်။ မက်သဒစ်၊ နှစ်ခြင်း၊ ပရက်စ်ဘီတေးရီးယန်း သို့မဟုတ် မည်သူမှန်ပါ သနည်း? ဘုရားသခင်၏နှုတ်ကပတ်တော်မှာ မှန်ကန်ပါသည်။ "လူသားတိုင်း၏စကားကို မုသာဖြစ်စေပါ။ ငါ၏စကားမှာ သမ္မာတရား ဖြစ်ပါသည်။" ဘုရားသခင်မှ အနက်ဖွင့်ဆိုပေးမည့် သူမလိုပါ။ သူ၏ပင်ကိုယ် အနက်ဖွင့်ဆိုမှုသာ ဖြစ်ပါသည်။ သူကဖေါ်ပြပါသည်။ ... သူက အနက်ဖွင့်ဆိုမှုကို ပေးပါသည်။ ဘုရားသခင်က မိမိကိုယ်ကို ဖွင့်ပြပါသည်။ ကျွန်ုပ်တို့အလယ် တွင် ကိုယ်တော်၏လက်တော်သည် ဤအရာများကို ပြောပြလျှက်ရှိကြောင်း တွေ့ရပါသည်။ လုပ်ဆောင်နေ ကြောင်း တွေ့ရပါသည်။

ယနေ့ည တစ်စုံတစ်ခု ရရှိပါသည်။ ဘုရားသခင်၏လက်တော်ကို မည်ကဲ့သို့ဖြစ်ကြောင်းကြည့်တော်မူပါ။ ၎င်းသည် မည်ကဲ့သို့ ပြုမူကြောင်းနှင့် မည်ကဲ့သို့ပြသတော်မူကြောင်း ကြည့်ပါ။

လူများက "အဲဒါအလကားပါ။ အယူသည်းတာပါ။ ဘာမှမဟုတ်ဘူး။ အလကားပါ။ ဇေရုဗဗေလဘဲဖြစ်တယ်။ နတ်ဆိုးဖြစ် တယ်။ အနာဂတ်ကို ဗေဒင်ဟောနေတာပါ။ ကိုယ်တော်နှင့်ပတ်သက်၍ အလားတူအကြောင်းအရာကိုပင် သူတို့က ပြောနေ ကြခြင်းဖြစ်ပါတယ်။

66 ၆၆။ အိုအသင်းတော် ဤတိတ်ခွေပြီးဆုံးသွားသည်နှင့် ဧဝံဂေလိအမှုတော် ဆောင်များ သင်တို့မည်သည့်နေရာတွင် အ သက်ရှင်နေကြကြောင်း မသိကြဘူးလား? ကျွန်တော်တို့အသက်ရှင်နေကြသော ခေတ်ကာလကို သင်မသိပေဘူးလား? ဘုရားသခင်က

မိမိကိုယ်ကိုဖေါ်ပြပါသည်။ သူသည်ဗိမာန်တော်ကန့် လန့်ကာကိုဖွင့်၍ ဆုတ်ဖြဲလိုက်ပြီး အစိတ်စိတ် အမွှာမွှာ ဖြစ်သွားရပါသည်။ ဘုရားသခင်ကိုလည်း ရှင်းလင်းစွာ မြင်ရပါသည်။ သူတို့မှာ မမြင်ရလောက်အောင် မျက်စိကွယ် နေကြပါသည်။ ယနေ့လည်း ကိုယ်တော်ရှင်သည် အလားတူ ပြုလုပ်ပါသည်။ သူ၏နှုတ်ကပတ်တော်ကို ပြင်ပသို့ထုတ်ထား ပါသည်။ သူ၏ဂတိတော်ကို ဖယ်ရှားထားပါသည်။ နှုတ်ကပတ်တော်တွင် ဂတိထားတော်မူသော စကားများကို ကျွန်တော်တို့ရှေ့တွင် ချထားပါသည်။ မြင်ကွင်းတွင် ထင်ရှားလျှက်ရှိပါသည်။

တစ်ပါးအမျိုးသား အသင်းတော်က ဘာလုပ်ကြောင်း သင်သိပါသလား? ယုဒအသင်းတော်ကဲ့သို့ပင် ဝိညာဉ်မျက်စိ ကွယ်ကြခြင်း ဖြစ်ပါသည်။ ထိုနေ့က ကဲ့သို့ပင် သူတို့၏နှလုံးသားများပေါ်တွင် ဖြစ်နေပါမည်။

67 ၆၇။ ၎င်းမှဝေးကွာနေခြင်းမှာ သေခြင်းပင်ဖြစ်ပါသည်။ ကန့်လန့်ကာကို ဖြတ်ကျော်သွားရပါမည်။ သို့မဟုတ်ပါက သင်သွားနိုင်မည်မဟုတ်ပါ။ ဘုရားသခင် သူတို့အပေါ်သို့မည်သို့ဂရုဏာ သက်နိုင်ပါမည်နည်း? .... ဘုရားသခင်က ထိုကန့် လန့်ကာနောက်ကွယ်တွင် ဘာကိုဖေါ်ပြနေကြောင်း သတိရပါ။ ထိုကန့်လန့်ကာ နောက်ကွယ်တွင် ဘာကိုဖေါ်ပြနေ ကြောင်းကို သတိရပါ။ ထိုကန့်လန့် ကာနောက်ကွယ်တွင် ဘာရှိကြောင်းကိုကြည့်ပါ။ ဘာကိုကန့်လန့် ကွယ်ထားပါသနည်း? နှုတ်ကပတ်တော်ဖြစ်ပါသည်။ ဘာဖြစ်ပါသနည်း? ပဋိညာဉ်သေတ္တာထဲတွင် ရှိပါသည်။ နှုတ်ကပတ်တော်ဖြစ်၍ ကန့်လန့်ကာ နောက်ကွယ်တွင် ပုံးကွယ်နေပါသည်။ သဘောပေါက်ပါရဲ့လား? သခင်ယေရှုမှာ ထိုနှုတ်ကပတ်တော်ပင် ဖြစ်ပါသည်။ ကိုယ်တော်ရှင်သည် ထိုနှုတ်ကပတ်တော်ပင် ဖြစ်ပါသည်။ သူ၏ဇာတိကန့်လန့်ကာက ၎င်းကိုပုန်းကွယ်လျှက်ရှိပါသည်။

ယနေ့လည်း အစဉ်အလာကန့်လန့်ကာက နှုတ်ကပတ်တော်ကို တစ်ဖန် ထပ်မံ၍ ပုန်းကွယ်ထားပါသည်။ ဟုတ်ပါသည်။ ဘုရားသခင်က သက်သေပြ လျှက်ရှိပါသည်။ လူတိုင်းရှေ့တွင် ဘုရားသခင်က မိမိကိုယ်ကိုနေကဲ့သို့တောက်ပလျှက် ရှိပါ သည်။ ၎င်းတို့မှာ ထိုအရာကို တွေ့မြင်ရန်ပျက်ကွက်ခဲ့ပါသည်။ဘုရားသခင် ကျွန်တော်တို့အား ဂရုဏာသက်တော်မူပါ။

68 ၆၈။ ပုံစံအားဖြင့်မောရှေသည် ဘုရားသခင်ရှေ့တော်မှ ဘုရားသခင်၏ နှုတ်က ပတ်တော်ဖြင့် ထိုခေတ်ကာလအတွက် ရောက်လာပါသည်။ ကျွန်ုပ်တို့မှာ ယခု အခါတွင် ထွက်မြောက်ရာ(၁၉)တွင် ရောက်နေပါပြီ။ လုံးဝမသိဘဲမနေပါနှင့်။ ထွက်မြောက်ရာ(၁၉)ဖြစ်ပါသည်။ မောရှေသည် ဘုရားသခင်ရှေ့တော်မှ လာ ရောက်ခြင်းဖြစ်ပါသည်။ (အခန်းငယ် ၂၀-၂၁) (ထွက် ၁၉း၂၀-၂၁)တို့ဖြစ် ကြပါသည်။ မောရှေသည် ဘုရားသခင်ရှေ့တော်မှ လာရောက်ခြင်းဖြစ်ပါသည်။ သူသည် နှုတ်က ပတ်တော်ထဲသို့ ရောက်ခဲ့ခြင်းဖြစ်ပါသည်။ နှုတ်ကပတ် တော်ကိုရေးသားခဲ့ခြင်းဖြစ်၍ သူသည်နှုတ်ကပတ်တော်နှင့်အတူ ဘုရားသခင် ၏ရှေ့တော်သို့ရောက်ခဲ့ခြင်း ဖြစ်ပါသည်။ နှုတ်ကပတ်တော်ကို ရေးသားခဲ့ခြင်း ဖြစ်၍ သူသည်နှုတ်ကပတ် တော်နှင့်အတူ ဘုရားသခင်၏ရှေ့တော်သို့ရောက် ခဲ့ရခြင်း ဖြစ်ပါသည်။ သူသည်ထိုခေတ်ကာလအတွက် နှုတ်ကပတ်တော်ရှိ ပါသည်။ မောရှေကရှေ့သို့ထွက်လာ၍ သူ၏မျက်နှာမှာလည်း ဝင်းပလျှက်ရှိပါသည်။ နှုတ်ကပတ်တော်သည် သူ့အထဲတွင် ရှိပါသည်။ သူ၏မျက်နှာမှာတောက် ပလျှက်ရှိပါသည်။ နှုတ်ကပတ်တော်မှာ သူ့အထဲတွင်ရှိ၍ ဖေါ်ပြရန်အဆင်သင့်ဖြစ် လျှက်ရှိပါသည်။ လူများအတွက် ဖေါ်ပြပေးခြင်းပင် ဖြစ်ပါသည်။

စစ်မှန်သောနှုတ်ကပတ်တော်ကို ဘုရားသခင်ကရေးသား၍ ထိုနှုတ်ကပတ်တော်မှာ မောရှေနှင့်အတူ ရှိပါသည်။ မောရှေနှင့် အတူရှိ၍ ဖေါ်ပြရန်အဆင်သင့် ဖြစ်လျှက်ရှိပါသည်။ သူတို့အတွက် သူသည် နှုတ်ကပတ်တော်ဖြစ်ပါသည်။ အသက်ရှင်သော နှုတ်ကပတ်တော် ဖုန်းကွယ်နေရာ ဖြစ်ပါသည်။ မောရှေမှာ သူ၏မျက်နှာကို ဖုံးကွယ်ထားရပါသည်။ အဘယ်ကြောင့်နည်း? သူသည် ထိုနှုတ်ကပတ်တော် ဖြစ်သောကြောင့် ဖြစ်ပါသည်။ အာမင်။ ထိုနှုတ်ကပတ်တော်ကိုသိစေရန် အချိန်ကာလရောက် သည်အထိ မောရှေမှာ မိမိကိုယ်ကိုဖုန်းကွယ် ထားရပါသည်။ အာမင်၊

သင်သဘောပေါက်ပါသလား? နှုတ်ကပတ်တော်သည် မည်သည့်နေရာတွင် မဆို ဖုံးကွယ်ထားခြင်း ခံရပါသည်။

69 ၆၉။ မောရှေထံတွင် နှုတ်ကပတ်တော်ရှိပါသည်။ နှုတ်ကပတ်တော်ကို ဖော်ပြပြီးနောက် မောရှေမှာ မောရှေဖြစ်လာပါ တော့သည်။ ထိုနှုတ်ကပတ်တော်မှာ သူ့အထဲ၌ရှိ၍ ဖော်ထုတ်နိုင်ရန်အတွက် သူသည်ဘုရားဖြစ်ရပါသည်။ အကြောင်းမှာ သူသည် မောရှေမဟုတ်တော့ပါ။ ထိုခေတ်ကာလအတွက် ကိုယ်တော်ရှင်၏ နှုတ်ကပတ်တော် သူ့ထံတွင်ရှိပါသည်။ ပြီးဆုံးသွားသည့်အထိ ဘယ်အရာကမျှသူ့ကို မတို့ထိနိုင်ပါ။ နှုတ်ကပတ်တော်မှာ သူနှင့်အတူရှိသောကြောင့် ဖြစ်ပါသည်။ သူလာသောအခါ လူများက ခေါင်းကိုတဖက်သို့လှည့်ထား ကြပါသည်။သူတို့ နားမလည်နိုင်ကြပါ။ သူသည် ပြောင်းလဲသွားပါ သည်။ သူသည် လူသစ်တစ်ဦး ဖြစ်နေပါပြီ။ သူသည် ထိုနှုတ်ကပတ်နှင့်အတူ လာပါသည်။ သမ္မာကျမ်းစာက သူသည်သူ၏ မျက်နှာကို ဖုံးကွယ်ထားသည်ဟု ဆိုပါသည်။ အကြောင်းမှာသူသည် ထိုနှုတ်ကပတ်သူ့ထံတွင် ရှိသောကြောင့် ဖြစ်ပါသည်။ သူသည် သူတို့အတွက် နှုတ်ကပတ်တော် ဖြစ်ပါသည်။

70 ၇၀။ အကယ်၍မောရှေမှာ .... အိုညီအစ်ကိုတို့ရန်စသကဲ့သို့ဖြစ်နေပါ မည်။ သို့သော်လည်းအကယ်၍ မောရှေက .... ပေါလုပြောသကဲ့သို့၂ကော (၃)တွင်မောရှေက သူ၏မျက်နှာကို ဘုန်းတော်ဖြင့်ကွယ်ထားရပါက .....

အကြောင်းမှာ သဘာဝဘုန်းတော်ဖြစ်သောကြောင့် သဘာဝတရားပင် ဖြစ်ပါသည်။ အကယ်၍မောရှေက ပညတ်တရားမှာ ပျောက်ကွယ်ရမည်ကို သိနှင့်ပြီး ဖြစ်ပါသည်။ သို့သော်လည်း ဘုန်းတော်မှာကြီးမားလွန်းသဖြင့် သူတို့၏ဝိညာဉ်မျက်စိကို ကွယ်စေပါသည်။ ထို့ကြောင့် သူတို့ကသူ၏မျက်နှာကို ဖုံးကွယ်ထားရခြင်း ဖြစ်ပါသည်။ ဘယ်လောက်များ ထိုသို့သော အဖြစ်မျိုး ဖြစ်နေပါဦးမည်နည်း? (ဝိညာဉ်မျက်စိ ကွယ်နေသူများ) ထိုစုန်းမှာ ပျောက်ကွယ်၍ မေးမှိန်သွားပါမည်။ သို့သော် လည်း ဤဘုန်းတော်မှာ မေးမှိန်သွားမည်မဟုတ်ပါ။ မောရှေထံတွင် ဇာတိနှင့်ဆိုင်သော ပညတ်ရှိပါသည်။ တရားစီရင်ခြင်း ဖြစ်သည်။ ကျေးဇူးတော် မရှိပါ။ ဘာမှမရှိပါ။ သင့်ကို

အပြစ်စီရင်မည်သာ ဖြစ်ပါသည်။ ယခု ကျွန်တော်တို့ပြောသောအရာမှာ .... ခွင့်လွှတ်ခြင်းလုံးဝမရှိပါ။ သင်ဘာဖြစ်ကြောင်းကို ပြောပြခြင်းသက်သက်သာ ဖြစ်သည်။ ထွက်ပေါက်ပေးခြင်းသာ ဖြစ် သည်။ နှုတ်ကပတ်တော်ကို ဖွင့်ပြလိုက်သောအခါ မည်သို့သော ယုံကြည်ခြင်းမျိုး ဖြစ်ပါသနည်း? ဖုံးကွယ်ထားရပါမည်။ ဝိညာဉ်တော်မှာ လူသားဇိမာန်တော်ထဲတွင် ဖုံးကွယ်ထားခြင်းခံရပါသည်။ သူသည် သဘာဝစကားများကို သဘာဝကန့်လန့် ကာဖြင့်သာ ပြောပြနေခြင်းဖြစ်ပါသည်။

71 ၇၁။ ပေါလုကပြောဆိုသည့်အခါ ဤသဘောဖြင့် ပြောဆိုခြင်းဖြစ်ပါသည်။ ဝိညာဉ်နှုတ်ကပတ်တော်ပင် ဖြစ်ပါသည်။ ကျွန်ုပ်တို့မှာ ပညတ်တရားနှင့်ဆိုင်သော အမှုဆောင်များမဟုတ်ဘဲ ဝိညာဉ်နှင့်ဆိုင်သောအမှုဆောင်များပင် ဖြစ်ပါသည်။ ဝိညာဉ်တော်က ပညတ်တော်ကိုယူ၍ဖော်ပြခြင်းပင် ဖြစ်ပါသည်။

ဧင်းအရာမှာ ပညတ်တရားသက်သက်သာ ဖြစ်ပါသည်။ သင်သွား၍ကြည့် ရပါမည်။ သင်သည်သူ၏သားမယားကို မပြစ်မှားရ။ သူ့ဥစ္စာမခိုးရ။ မုသား သက်သေမခံရ၊ ဟိုဟာမလုပ်ရ၊ ဒီဟာမလုပ်ရ စသည်တို့ဖြစ်ပါသည်။ သင်သည် ထိုအရာကို ကြည့်ရ ပေမည်။

သို့သော်လည်း ဤဝိညာဉ်တော်မှာ ဂတိထားတော်မူသော နှုတ်ကပတ်တော်အပေါ်သို့ဤခေတ်ကာလအတွက် ရောက်လာ ခြင်း ဖြစ်ပါသည်။ ကျရောက်လာပြီး ဖော်ပြခြင်းခံရခြင်းပင် ဖြစ်ပါသည်။ (ကျောက်ပြားနှစ်ခုကို ပြောဆိုခြင်း မဟုတ်ပါ။) ဘုရား သခင်၏ရှေ့တော်မှောက်ကို ဆိုလိုခြင်း ဖြစ်ပါသည်။ တစ်စုံတစ်ဦးက ပြုလုပ်လိုက်သောပုံပြင်ဆန်ဆန် အတွေးအခေါ် သို့မဟုတ် ဟုန်ဒီနီ၏လှည့်ဖျားမှုမျိုး မဟုတ်ပါ။ သို့သော်လည်း ဘုရားသခင်၏ဂတိတော်ကို ဖော်ပြပြီး ကျွန်ုပ်တို့ရှေ့တွင် ဖော်ပြပေးခြင်းပင် ဖြစ်ပါသည်။ မည်ကဲ့သို့သော ကန့်လန့်ကာမျိုး၏ နောက်ကွယ်တွင် ဖြစ်ပါမည်နည်း?

72 ၇၂။ အလွန်ကြီးမားသော အဖြစ်အပျက်နှင့်ပတ်သက်၍ လူများကဆိုကြပါသည်။ မီးတိုင်အားဖြင့် ယေဟောဝါဘုရား သခင်က ဆင်းသက်ကြွလာတော်မူ မည်ဖြစ်ပြီး မြေကြီးကိုပင် တုန်လှုပ်သွားစေပါက စသည်တို့ဖြစ်ပါသည်။ ကိုယ်တော်ရှင် ပြုတော်မူခဲ့သောအရာ၊ တောင်ပေါ်တွင် မီးတောက်မီးလျှံတွေ့ရခြင်း စသည့်အဖြစ်အပျက်များ ဖြစ်ပါသည်။ တစ်စုံတစ်ဦးက တောင်ပေါ်သို့တက်ရန် ကြိုးစားပါက ပျောက်ဆုံးသွားရပါသည်။ ကြီးမားလှသဖြင့် မောရှေပင်လျှင် မြေလှုပ်ခြင်းကိုပင် ကြောက်ရွံ့သွားရပါသည်။ ထိုစဉ်က သူသည်တောင်ကိုသာ တုန်လှုပ်သွားစေပါသည်။

ဤဘုန်းတော်နှင့်ပတ်သက်၍ မည်သို့ဖြစ်ပါသနည်း? သဘာဝကန့်လန့်ကာဖြင့် ထိုအရာကိုကာထားပါက ဤအရာကို ဝိညာဉ် ကန့်လန့်ကာဖြင့် ကာထားပါသည်။ ထို့ကြောင့် သဘာဝအရာကိုသာ ကြည့်ရန်မကြိုးစားပါနှင့်။ ဝိညာဉ်ရေးရာထဲသို့တိုးဖေါက် ဝင်ရောက်၍ သင်မည်သည့်နေရာသို့ရောက်နေ ကြောင်း ကြည့်ပါ။ ကျွန်ုပ်တို့အသက်ရှင်နေသော အချိန်နာရီကို လေ့လာပါ။

73 ၇၃။ သင့်အတွက် အဓိပ္ပါယ်ရှိပါသလား? ဝိညာဉ်ကန့်လန့်ကာသည် လူများအပေါ်သို့ကျရောက်ပါသည်။ “ကျွန်တော် သည် မက်သဒစ်ဖြစ်ပါသည်။ ကျွန်တော်သည် သူများထက်ပို၍ မညံ့ပါ။ ကျွန်တော်သည် နှစ်ခြင်းဖြစ်ပါသည်။ ပင်တေကုတ္တေ ဖြစ်ပါသည်။” ဟုဆိုပါသည်။ အစဉ်အလာ ကန့်လန့်ကာဖြစ်ကြောင်း သင်မသိပေဘူးလား? သင့်ထံမှ ဘုရားသခင်ကို ဖုန်းကွယ်ထားခြင်းပင် ဖြစ်ပါသည်။ အားလုံးနှစ်သက်မည့်အရာများမှ သင့်ကိုလွဲဖယ်သွားစေသော အရာများပင် ဖြစ်ပါသည်။

သင်က “ကျွန်ုပ်အော်ဟစ်၍ ခုန်ပေါက်ပါသည်။” ဟုသင်က ဆိုပေမည်။

ကိုယ်တော်က “စကားလုံးတိုင်း” ကိုပြောပါသည်။ ဧဝက စကားလုံးတိုင်းကို ယုံကြည်ပါသည်။ သို့သော်စကားတစ်လုံးကိုမူ မယုံပါ။ ဘုရားသခင်၏ နှုတ်ကပတ်တော် အပြည့်အစုံဖြစ်ပါသည်။ ဤအချိန်ကာလ၏ဂတိတော်ကို ပြည့်စုံစေပါသည်။

ကျွန်တော် ဆက်၍လေ့လာသောအခါ သတိပြုကြည့်ပါ။ ဤနေရာတွင် ပြောစရာများစွာ ရှိပါသည်။ သို့သော်လည်း စာမျက်နှာ (၂၀)ခန့် ရှိပါသည်။ မှတ်စုများ ဖြစ်ပါသည်။ ကျွန်တော်အားလုံးအပေါ်တွင် ပတ်သက်၍ မပြောလိုပါ။ ကျွန်တော် မြန်မြန် ပြောပါမည်။

74 ၇၄။ သူ့အားသဘာဝကန့်လန့်ကာဖြင့် ဖုံးအုပ်ထားပါသည်။ လူများကို နှုတ်ကပတ်တော်ကို ဟောပြောပြီး ဖုံးအုပ်ထားခြင်း ဖြစ်ပါသည်။ ဘုရားသခင်က မိမိကိုယ်ကို ဖုံးအုပ်ထားရပါသည်။ ကိုယ်တော်ရှင် ဂတိပေးတော်မူသကဲ့သို့ပင် ဖြစ်ပါသည်။ လူသားဇာတိဖြင့် ဖုံးအုပ်ထားပါသည်။ ဘုရားသခင် ... သင်သိ ဘောပေါက်ပါသလား? ဘုရားသခင်က မိမိကိုယ်ကို လူသားဇာတိဖြင့် ဖုံးအုပ်ထားပါသည်။ ၎င်းတို့အပေါ်သို့ဝိညာဉ်ကန့်လန့်ကာ ဖုံးအုပ်ထားရပါသည်။ (ကျွန်တော်သည် ဤအ ရာဖြစ်သည်။ ထိုအရာဖြစ်သည်ဟု ဆိုပါသည်။) လူအများကို ပြောဆိုနိုင်ရန်အတွက်ပင် ဖြစ်ပါသည်။ အစဉ်အလာ ကန့်လန့်ကာကို ဆုတ်ဖြဲလိုက်သောအခါ သူတို့ကဆိုကြပါသည်။ “အံ့ဘွယ်နိမိတ်လက္ခဏာများ၏အချိန်ကာလ ကုန်ဆုံးပေပြီ ဟူ၍ ဖြစ်ပါသည်။

75 ၇၅။ တနေ့ကလူတစ်ဦး ကျွန်တော့်ကိုပြောပြပါသည်။ နှစ်ခြင်းတရားဟော ဆရာငယ်လေးတစ်ဦး ကျွန်တော့်ထံသို့လာပြီး ပြောပါသည်။ “ဘရာသာဘရမ်ဟမ် ခင်ဗျားနဲ့ကျွန်တော်အတိုက်အခံ လုပ်ချင်တာတစ်ခုရှိတယ်။ ခင်ဗျားက လူတွေကို .....”
ကျွန်တော်တို့တွေ့ဆုံကြသောနေရာမှာ Ramada Inn တွင် ဖြစ်ပါသည်။ ထိုနေရာမှာ ကျွန်တော်တို့တွေ့ဆုံကြပါသည်။ “ခင်ဗျားဟာ တမန်တော်ခေတ်ကလူတွေ ယုံကြည်ကြသလို လူတွေကိုဖြစ်စေချင်တယ်။ တမန်တော်ခေတ်မှာ အသက်ရှင် သလို နေထိုင်စေချင်တယ်။ တမန်တော်ခေတ်ဟာ တမန်တော်များနဲ့အတူ ကုန်ဆုံးခဲ့ပါပြီ” ဟုဆိုသည်။

ကျွန်တော်က “တစ်ကယ်ဟုတ်ရဲ့လား?”

“ဟုတ်တယ်”

ကျွန်တော်က "တမန်တော်ခေတ်က အဓိကပြောရေးဆိုခွင့်ရှိသူဟာ ဘယ်သူလဲ? သူ၏အဖြေမှာ "အထက်ခန်းမဆောင်က တမန်တော်(၁၂)ပါးဘဲဖြစ်ပါတယ်။"

ဒါဆိုရင် ပေါလု မပါဘူးဟု ကျွန်တော်ကပြောပါသည်။ ပြောရေးဆိုခွင့်ရှိ သူဟာ ပေတရုဖြစ်တယ်။ ပေတရုက ပင်တေကုတ္တေ နေ့မှာ ပြောဆိုခြင်း ဖြစ်ပါတယ်။ ဒါတွေအားလုံး ဖြစ်ပျက်နေတာကို သူတို့မြင်တဲ့အခါမှာ သန့်ရှင်းသောဝိညာဉ်တော်ရဲ့လှုပ်ရှားမှုဖြစ်ကြောင်း သိမြင်ကြပါတယ်။ "ဂတိတော်မှာ သင့်အပေါ်သို့၎င်း၊ သင်၏သားသမီးများအပေါ်သို့၎င်း၊ ကိုယ်တော် ရှင်ရွေးချယ်တော် မူသောသူများ အပေါ်သို့၎င်း သက်ရောက်တော်မူသည်။" ဟုဆိုပါသည်။ ကိုယ်တော်ရှင် ခေါ်နေဆဲဖြစ်ပါက ဤနေရာမှာလည်း အလားတူပင် ဖြစ်ပါသည်။ တမန်တော်ခေတ် မည်သည့်အခါ ကုန်ဆုံးပါသနည်း? ဘုရားသခင်ရွေးချယ်မှု ရပ်တံ့သွားသောအခါ တမန်တော်ခေတ်ကုန်ဆုံးသွားပါသည်။ သူသည်ဘာမှမ ပြောတော့ဘဲ ဦးထုပ်ကိုကောက်ယူ၍ ထွက် သွားပါသည်။

နှုတ်ကပတ်တော်ကိုယူ၍ ပြုလုပ်ပါသည်။ ၎င်းသည် နှုတ်ကပတ်တော်ဖြစ် ပါသည်။ သခင်ယေရှုက စာတန်ကို "ရေးသားထား သည်" ဟုပြောပါသည်။ ၎င်းသည် "ရေးသားထားသည်" ပင် ဖြစ်ပါသည်။

ကျွန်တော်က "ပေတရုက ၎င်းသည်ဘယ်သောအခါမှ အဆုံးသတ်မည်မဟုတ်ဟု ဆိုပါသည်။ ကိုယ်တော်ရှင်ရွေးချယ် တော်မူသောသူများအတွက် ဤကောင်းချီးများမှာ သူတို့အတွက်ပင် ဖြစ်ပါသည်။ သင်က "သူရပ်တံ့သွားသည်" ဟုဆိုပါ သည်။ မည်သည့်အခါတွင် ရပ်တံ့သွားပါသနည်း?

"ဘာအန္တရာယ်မှ ပြုလုပ်ခြင်းမခံရသည်မှာ ဟုတ်ပါသလား?"

ကျွန်တော်က ပြောပါသည်။ "ဘာမှမရှိပါ။ ဆက်လက်၍ သွားပါ။" ပေတရု မိန့်တော်မူသည်မှာ ဘုရားသခင် ရွေးချယ်တော်မူ သူတိုင်းအတွက် ဖြစ်ပါသည်။ အလားတူတမန်တော်တို့၏ ကောင်းချီးကို ခံစားရပါသည်။ ထိုအရာမှာ ဘုရားသခင်၏ နှုတ်ကပတ်တော်ပင် ဖြစ်ပါသည်။

76 ၇၆။ သဘာဝကန့်လန့်ကာနှင့်ပတ်သက်၍ ဘုရားသခင်၏နှုတ်ကပတ်တော်မှာ လူသားဇာတိထဲတွင် ကန့်လန့်ဖုံးကွယ် လျှက် ရှိပါသည်။ ၎င်းအရာမှာ ဘာဖြစ်ပါသနည်း? ဘုရားသခင်မှာ မောရှေအထဲ၌ ဖုံးကွယ်လျှက်ရှိပါသည်။ ၎င်းအရာမှာ ဘာဖြစ်ပါသနည်း? ဘုရားသခင်ရှိနေခြင်းမှာ ကိုယ်တော်ရှင်အထဲ၌ ဖြစ်ပါသည်။ နှုတ်ကပတ်တော် သူ့အထဲ၌ကျိန်းဝပ် တော်မူ၍ သူသည်အလွန်ပင် အပြစ်ကင်းစင်လျှက် သူ့မျက်နှာမှာ ဖုံးကွယ်ခြင်းခံရသည်အထိ ဖြစ်ပါသည်။ ၎င်းသည် ဖော်ပြ ခြင်းခံရသော ပရောဖက်ဖြစ်၍ နှုတ်ကပတ်တော်ကို ဖွင့်ပြတော်မူပြီး သူတို့အားပြောဆိုခံရခြင်းပင် ဖြစ်ပါသည်။ "သင်မလုပ်ရ၊ သင်လုပ် နိုင်သည်" စသည်တို့ဖြစ်ပါသည်။

77 ၇၇။ ထိုမျိုးဆက်ကို သူ၏နှုတ်ကပတ်တော်ကို ပေးရန်အတွက် သူသည်လူသား ဇာတိကို ခံယူတော်မူပါသည်။ သို့မဟုတ် ပါက နှုတ်ကပတ်တော်မှာ ရွေးချယ်ထားသူများကိုပင် ဝိညာဉ်မျက်စိကွယ်စေမည် ဖြစ်ပါသည်။ ပြင်ပတွင် ရှိနေသော လူများပင်လျှင် ထိုအရာကို မြင်နိုင်ရန်အတွက် ရပ်တည်နိုင်မည် မဟုတ်တော့ပါ။ ထွက်မြောက်ရာကျမ်းတွင် သူတို့ပြောဆို သည်ကို ကျွန်တော်တို့တွေ့ရ ပါသည်။ "မောရှေပြောပါစေ။ ဘုရားသခင် မဟုတ်ပါ။" မီးတိုင်သည် ဘာကြောင့် လွန်စွာ ပေါ်လွင်မှု မရှိသည်ကို ကြည့်ပါ။

ဘုရားသခင်က ပြောသည်မှာ "ငါပြုလုပ်မည်။ သူတို့အတွက် ပရောဖက်ကို ပေါ်ထွက်စေမည်။" ဟုဆိုပါသည်။ အာမင်၊ "သူတို့အတွက် တစ်ဦးကိုပေါ် ထွက်စေမည်။" ဟုဆိုပါသည်။ သူသည်အတိအကျပင် ရောက်လာပါသည်။

ကိုယ်တော်ရှင် မိန့်တော်မူသည်မှာ "နှုတ်ကပတ်တော်မှာ ဘာဖြစ်ကြောင်း သူတို့သိလိုကြပါက မောရှေထဲသို့ငါသည်မီး တောက်သော ချုံအားဖြင့်သင်တို့ထံသို့ရောက်လာပါသည်။ ငါဆင်းသက်ကြွလာတော်မူပြီး ထိုတောင်ကိုမီးတောက် စေပါ မည်။ သင်သည် အမှန်တရားကိုပြောကြောင်း သူတို့တွေ့မြင်လာကြပါမည်။ ငါလည်း အလားတူတောက်လောင်သောနည်း ဖြင့် ပေါ်ထွက်နေပါမည်။ ငါပေါ်ထွက်လာ၍ လူအများကိုသက်သေပြပါသည်။ သင်၏သာသနာလုပ်ငန်း ကို ငါဖော်ပြသည်။" ဟုဆိုပါသည်။ ကိုယ်တော်ရှင်က မောရှေအားပြောကြားသည့် စကားများစွာတို့ပင် ဖြစ်ပါသည်။

78 ၇၈။ "လူအများရှေ့တွင် သင့်ကိုငါချီးမြှောက်မည်" ဟု ကိုယ်တော်ရှင် မိန့်တော်မူသည်ကို သတိပြုပါ။ "ငါသည် မီး တောက်နေသောခြုံတွင် သင့်အားထွက်၍ တွေ့ဆုံမည်ဟု သူတို့အားပြောပါ။ ယခုငါဆင်းသက်လာမည်။ အလားတူမီး တောက်ပင်ဖြစ်၍ သင်လိမ်ညာပြောဆိုနေခြင်း မဟုတ်ကြောင်း လူအများတွေ့မြင်စေရမည်။ သိပ္ပံနည်းကျကျ သက်သေ ပြနိုင်ပါသည်။ "ငါဆင်းသက်လာ၍ သူတို့ကို သိမြင်စေပါမည်။" ဟုဆိုပါသည်။

ကိုယ်တော်ရှင်သည် စတင်၍မိုးချုန်းသံအားဖြင့် ယေဟောဝါ၏အသံတော် ကို ကြားရပါသည်။ လူတို့ကလည်း "မလုပ်ပါနဲ့၊ ယေဟောဝါဘုရားသခင် ကြားပြောပါစေ။ ငါတို့မေးရပါလိမ့်မည်။" ဟုဆိုကြပါသည်။

ကိုယ်တော်ရှင်မှာ ဖုံးကွယ်ထားခြင်း ခံရပေမည်။ ဘုရားသခင်က မိမိကိုယ်ကို မောရှေအထဲ၌ မိမိကိုယ်ကိုဖုံးကွယ်ထားပါ သည်။ မောရှေကိုလည်း နှုတ်ကပတ်တော်ကို ပေးထားပါသည်။ မောရှေသည် ဆင်းသက်ကြွလာတော်မူပြီး မိမိမျက်နှာ ပေါ်တွင် ကိုယ်တော်ရှင်၏ နှုတ်ကပတ်တော် ဖုံးကွယ်လျှက် ပြောဆိုပါသည်။ မှန်ပါသလား? ယေဟောဝါသည် ပရောဖက် ၏ပုံသဏ္ဍာန်ဖြင့် ဖုံးကွယ်လျှက် ရှိနေပါသည်။ ဘုရားသခင်ကလည်း သူတို့အား ထိုကဲ့သို့ပြောတော့ မည်မဟုတ်ဟု ဆိုထားပါသည်။ ပရောဖက်အားဖြင့်သာ သူတို့အား စကားပြောတော့မည် ဖြစ်ပါသည်။ ထိုနည်းလမ်းတစ်ခုတည်းသာ ကိုယ်တော်ရှင်က ဆက်လက်၍ ပြောဆိုမည် ဖြစ်ပါသည်။ သူပြောဆိုမည့် တစ်ခုတည်းသောနည်းလမ်း သာ ကိုယ်တော်ရှင် က ဆက်လက်၍ ပြောဆိုမည်ဖြစ်ပါသည်။ သူတို့ပြောဆိုမည့် တစ်ခုတည်းသော

နည်းလမ်းသာ ဖြစ်ပါသည်။ မှန်ပါသည်။ အခြားနည်းလမ်း မရှိတော့ပါ။ ကိုယ်တော်ရှင်က လိမ်ညာ၍မပြောတတ်ပါ။

79 ၇၉။ မောရှေတစ်ဦးတည်းမှာသာ နှုတ်ကပတ်တော်ရှိပါသည်။ ဘယ်အုပ်စုမှ ဆင်းသက်လာသည်ကို မတွေ့ရပါ။ ဖာရိရှဲ သို့မဟုတ် ဇဒ္ဒုကဲသို့မဟုတ် အုပ်စုတစ်စု မျိုးစုတစ်စု ဆင်းသက်ကြွလာခြင်း မရှိပါ။ မောရှေဖြစ်ပါသည်။ သူထံတွင် လူတစ်ဦး ရှိပါသည်။ စိတ်နှစ်မျိုး၊ သုံးမျိုးသူကဆက်၍ မသွားနိုင်တော့ပါ။ ကိုယ်တော်ရှင်က လူတစ်ဦးကိုသာ ဆောင်ယူပါသည်။ မောရှေထံမှာ နှုတ်ကပတ် တော်ရှိပါသည်။ မောရှေတစ်ပါးတည်း ဖြစ်ပါသည်။ ယောရှုမှာပင်လျှင် မရှိပါ။ ဘယ်သူမှာမှ မရှိပါ။ အာမင်၊ ယောရှုမှာ ဗိုလ်ချုပ်ဖြစ်ပါသည်။ စစ်တပ်တွင် သြဇာပေးနိုင်သူ ဖြစ်သည်။ မောရှေမှာယုံကြည်သူ ဖြစ်သည်။ ခရစ်ယာန်ဖြစ်ပါသည်။ သို့သော်လည်း မောရှေမှာ ပရောဖက်ဖြစ်ပါသည်။ နှုတ်ကပတ်တော် မှာ ယောရှုထံသို့မလာနိုင်ပါ။ မောရှေထံသို့သာ လာနိုင်ပါသည်။ သူသည်အချိန် ကာလ၏ အဓိကပရောဖက် ဖြစ်ပါသည်။ မောရှေမရှိသည့်နောက် ပိုင်းမှသာ ယောရှုထံသို့နှုတ်ကပတ်တော် ရောက်လာပါသည်။ ဘုရားသခင်အချိန်တွင် တစ်ဦးနှင့်တစ်ဦးသာ အလုပ်လုပ်ပါ သည်။ ဘုရားသခင်သည် တစ်ပါးတည်းဖြစ် တော်မူပါသည်။ မောရှေထံမှာသာ နှုတ်ကပတ်တော်ရှိပါသည်။ အုပ်စုတစ်ခုမှာ ရှိခြင်း မဟုတ်ပါ။

80 ၈၀။ ဘုရားသခင်က ကန့်လန့်ကာနောက်ကွယ်သို့သူတစ်ဦးတည်းသာ ဝင်ခွင့် ပေးပြီး အခြားမည်သူ့ကိုမျှ ဝင်ခွင့်မပြုပါ။ အမျိုးသမီးလူယောက်ျား၊ ယဇ်ပုရောဟိတ်၊ ဘယ်သူဖြစ်ဖြစ် မည်မျှပင်ဘုရား၊ တရားကြည်ညိုပါစေ၊ လူယောက်ျား မည်မျှပင် ဂုဏ်ရှိပါစေ၊ မည်မျှကြီးမြတ်ပါစေ။ သူကသတိပေးထားပါသည်။ "မောရှေတစ်ဦးတည်းသာ လာပါစေ။ ဘယ်သူဘဲဖြစ်ဖြစ် တိရိစ္ဆာန်ပင်ဖြစ်ပါစေ။ ၎င်းကိုထိမိပါက ချက်ချင်းပင် ထိုနေရာမှာပင် သေရပါလိမ့်မည်။ ဟုဆိုသည်။ ထိုကန့်လန့်ကာကို မ ပယ်ဖျက်ပါနှင့်။ ထိုကန့်လန့်ကာကို ပုဂ္ဂိုလ်တစ်ဦးတည်းကသာ ပိုင်ဆိုင်ပါသည်။ ထိုသတင်းစကားမှာ တစ်ခုတည်းဖြစ်ပါ သည်။ ဗိမာန်တော်ထဲသို့လူတစ်ဦးက တစ်နှစ်တစ်ခါသာ ဝင်ရောက်ရပါသည်။ ဘိသိတ်ခံယူ၍ အထဲသို့ဝင်ရောက်ရန် သင့်တော်သူဖြစ်ပါသည်။ နှုတ်ကပတ်တော်ကို ယူဆောင်လာရန်မဟုတ်ပါ။ အသွေးတော်ကို ပူဇော်ရန်ပင်ဖြစ်ပါသည်။ တစ်ဦး တည်းသာ ထိုအထဲသို့လျှောက်လှမ်းဝင်ရောက် သွားရန်ပင်ဖြစ်ပါသည်။ အခြားသူတစ်ဦးဖြစ်ပါက သေဆုံးမည်ဖြစ်ပါသည်။

81 ၈၁။ သူတို့သည် ဝိညာဉ်ရေးရာအရ ယခုသေဆုံးသွားကြပြီ ဖြစ်ပါသည်။ ဤအရာမှာ ဝိညာဉ်ကန့်လန့်ကာပင် ဖြစ်ပါသည်။ ၎င်းအရာမှာ သဘာဝကန့်လန့်ကာ ဖြစ်သည်။ သူတို့သည် နောက်ကွယ်တွင် ဆက်လက်၍ လျှောက်လှမ်းနေပါသည်။ "ကျွန်တော်သိသည်။ ကျွန်တော်သိပါသည်။ သို့သော်လည်း ကျွန်တော် .." ဆက်သွားပါ။ အားလုံးကောင်းပါသည်။ အီဂျစ်နိုင်ငံတွင် နောက်ဆုံး ဒါဏ်ခတ်ခြင်းမှာ သေခြင်းပင်ဖြစ်ပါသည်။ မထွက်မြောက်မီကာလက ဖြစ်သည်။ ကမ္ဘာပေါ်တွင် နောက်ဆုံးဘေးဒါဏ်ခံရခြင်းမှာ ဝိညာဉ်ရေးရာအရ သေခြင်း ပင်ဖြစ်ပါသည်။ မထွက်မြောက်မီကာလအတွက် ဖြစ်ပါသည်။ ၎င်းနောက်သူ တို့ကို မြေမြုပ်သင်္ဂြိုလ်၍ မြေမှုန့်ပြန်ဖြစ်သွားပေမည်။ ဖြောင့်မတ်သောသူတို့သူတို့၏ပြာများပေါ်တွင် လျှောက်လှမ်းပါမည်။ နောက်ဆုံးအရာမှာ ဝိညာဉ် သေခြင်းပင် ဖြစ်ပါသည်။ နှုတ်ကပတ်တော်ကို ငြင်းပယ်ခြင်းဖြစ်ပါသည်။

82 ၈၂။ ဘုရားသခင်က မောရှေမှလွဲ၍ မည်သူမှ မီးကန့်လန့်ကာ နောက်သို့လိုက်မဝင်သွားရန် တားမြစ်ထားပါသည်။ မောရှေမှာ ထိုနေရာမှထွက်လာသောအခါ မျက်နှာကိုဖုံးအုပ်ထားရပါသည်။ မောရှေမှာ မောရှေကဲ့သို့ဝင်သွားပါသည်။ မီးတိုင်ထဲသို့ဝင်သွားရပါသည်။ ပြန်ထွက်လာသောအခါ မျက်နှာကို ဖုံးထားရပါသည်။ သူသည် အစဉ်အလာမှ ထွက်လာ ခြင်းကြောင့် ဖြစ်ပါသည်။ အကြီးအကဲ များ၏အစဉ်အလာပင် ဖြစ်ပါသည်။ သူသည်မီးတိုင်ကို တွေ့ရသည်။ သို့သော်လည်း ယခုအခါတွင် သူသည်မီးတိုင်ထဲသို့ဝင်သွားရပါသည်။ အာမင်µ ပြန် ထွက်လာသောအခါ မျက်နှာကို ဖုံးကွယ်ထားရပါသည်။ လူသားအတွင်းရှိ ဘုရားသခင်၏ နှုတ်ကပတ်တော်မှာ ပုန်းကွယ်ထားခြင်း ခံရပါသည်။ သူလျှောက်လှမ်း၍ ထွက်လာပါသည်။ ကျွန်တော်တွေ့မြင်ရပါသည်။ ဘယ်သူမှ မကြိုးစားရန် သတိပေးခြင်း ခံရပါသည်။ ဘယ်သူမှအတုခိုးရန် ပြုလုပ်၍မရပါ။ သင်လည်းမပြုလုပ်နိုင်ပါ။ ယဇ်ပုရောဟိတ်ဖြစ်စေ၊ သန့်ရှင်းသူဖြစ်စေ၊ ဘယ်သူဘဲဖြစ်ဖြစ်၊ ကာဒီနယ်၊ ဘီးရှော့၊ ဘယ် သူဖြစ်ဖြစ် ထိုကန့်လန့်ကာအတွင်းသို့ဝင်သွားပါက သေရမည်ဖြစ်သည်။ ဘုရားသခင်က သူတို့ကိုကြိုတင် သတိ ပေးထားပါ သည်။ ကျွန်ုပ်တို့ပုံမှား ရိုက်၍မရပါ။

83 ၈၃။ သူ၏နှုတ်ကပတ်တော်ကို တစ်စုံတစ်ယောက်သောသူကို ဖေါ်ပြပါသည်။ အမြဲတမ်းပင် ပရောဖက်မှာ ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြင့် ခေတ်ကာလတိုင်းတွင် ရောက်လာလေ့ရှိပါသည်။ အချိန်တိုင်းတွင် ကျမ်းစာအားဖြင့် ဖြစ်ပါသည်။ နှုတ်ကပတ်တော်မှာ တစ်စုံတစ်ဦးထံသို့ရောက်လာပါသည်။ ခေတ်ကာလတိုင်းတွင် အလားတူပင်ဖြစ်ပါသည်။ အစမှစ၍ အဆုံးတိုင်အောင် အသင်းတော် ခေတ်ကာလတိုင်းတွင် ဖြစ်ပေါ်လာပါသည်။ အခြားသူများအတွက် သူတို့မှာ နေရာရှိပါ သည်။ မီးတိုင်မှဝေးဝေးရှောင်၍ နေပါ။ ဤနေရာမှာ ကျွန်တော်တို့ဘာသင်ခန်းစာရပါသနည်း? လူတိုင်း မောရှေကဲ့သို့ဖြစ်လိုကြပါသည်။ .....

84 ၈၄။ ဒါသန်နှင့်၎င်းတို့က အပြင်ဘက်တွင် ဘာပြောနေကြသည်ကို သင်သတိရပါရဲ့လား? သူတို့၏ပြောဆိုချက်မှာ မောရှေ ဤနေရာမှာ ခဏစောင့်နေပါ။ ခင်ဗျားများစွာ တာဝန်ယူနေရပါသည်။" ဟူ၍ဖြစ်သည်။ "ဘုရားသခင်ရွေးချယ် တော်မူသော အခြားသောသူများ ရှိနေပါသည်။" ဟုဆိုသည်။

၎င်းအရာမှာ မှန်ကန်ပါသည်။ သူတို့သွားကြသည်နှင့်အမျှ တစ်ဦးစီက တစ်ဦးနောက်ကို တစ်ဦးလိုက်သွားကြပါသည်။ တစ်စုံ တစ်ယောက်သောသူက တစ်ဆင့်တက်သွားရန် ကြိုးစားသောအခါ မောရှေအားပေးထားသော ဘုရားသခင်၏နေရာကို ရယူခြင်းပင် ဖြစ်ပါသည်။ ထိုအလုပ်အတွက် မောရှေအား ဘိသိတ်ပေး၍ ကြိုတင်ခွဲခန့်နေရာချထားခြင်းပင် ဖြစ်ပါသည်။ မီးကျလာ၍မြေ ကြီးမှာ ကွဲသွား၍ သူတို့အားမြိုချလိုက်ပါသည်။ သတိထားပါ။ ကောင်းမြတ်၍ ဘုရားတရားကြည်ညိုသော နှုတ်ကပတ်တော်ကို ယုံကြည်သော ခရစ်ယာန်ဖြစ်ပါ။ ထိုမီးတိုင်နှင့် ဝေးဝေးနေပါ။ သင်ခန်းစာကောင်း တစ်ခုပင် ဖြစ်ပါသည်။

85 ၈၅။ ဘုရားသခင်က မီးတောက်နေသော ခြုံပုတ်အားဖြင့် ပထမဆုံးမောရှေရှေ့တွင် ပေါ်လာပါသည်။ ဘုရားသခင်မှာ မီးတိုင်ထဲတွင်

ပုန်းကွယ်လျှက် ရှိပါသည်။ ယခုသေချာစွာ တစ်မိနစ်ခန့်ကောင်းစွာ နားထောင်ပါ။ ဘုရားသခင်သည် ပထမဆုံးမောရှေထံသို့လာပါသည်။ သူ့အားကန့်လန့်ကာဖြင့် ကွယ်ထားပါသည်။ ဘုရားသခင်မှာ မီးတိုင်ထဲတွင်ရှိပါသည်။ ခြံပုတ်ထဲတွင် ပုန်းကွယ်၍ နေရပါသည်။ သားရေ၏နောက်ကွယ်မှာကဲ့သို့ဖြစ်၍ ပလ္လင်ထက်တွင် ဂရုဏာတော်ပလ္လင်ပေါ်တွင် ရှိပါသည်။ သူ့အားလည်း ကန့်လန့်ကာဖြင့် ကာထားပါသည်။ သူသည်အမြဲတမ်းပင် ပုန်းကွယ်ခြင်းခံရပါသည်။ သူသည် မောရှေထံသို့ရောက်လာသောအခါ သူသည်မီးတိုင်ထဲတွင် ရှိနေပါသည်။ မီးတိုင်ကန့်လန့် ကာဖြင့် ကာထားပါသည်။ သို့သော်လည်း လူသားများ၏ရှေ့ဘုရားသခင်က သူ့အားဖေါ်ပြထားသည်အတိုင်း အလားတူမီးတိုင်ကို တွေ့ရပါသည်။ မောရှေ ကပြောသည်မှာ .....

86 ၈၆။ ယခုလည်း သတိပြု၍ကြည့်ပါ။ သင်သည် စာဖတ်နေပါသလား? ...သင်တို့၏စိတ်နှလုံးများကို သင်က စိတ်ပျက် လက်လျှော့နေပါသလား? “ နားရှိသော သူမည်သည်ကားကြားပါစေ။”

ဘုရားသခင်က မောရှေထံသို့ရောက်လာ၍ သူ၏အမှုတော်မြတ်အတွက် ရွေးချယ်တော်မူပါသည်။ မီးတိုင်အားဖြင့် ပေါ်ထွက်လာပါသည်။ မောရှေကြွ လာတော်မူ၍ ထိုအကြောင်းကို လူများအားပြောပြပါသည်။ သူတို့က မယုံကြည် နိုင်ကြပါ။ သူက အံ့ဘွယ်နိမိတ်လက္ခဏာများ ပြုလုပ်သည်။ သို့သော်လည်း ဤအချိန်တွင်မူ သူသည်သိသာစွာ သိပ္ပံနည်းကျပေါ်ထွက်လာပြီး မောရှေ၏ သာသနာတော်ကို ဖေါ်ပြပါသည်။ သူ့အားစကားပြောသော အလားတူဘုရားပင် ဖြစ်ပါသည်။ အကြောင်းမှာ သူသည်မီးတိုင်၏ပုံသဏ္ဍာန်အားဖြင့် ပေါ် ထွက်လာသည့်တောင်ကို မီးရှို့ကြပါသည်။ သူသည် မောရှေထံသို့လာသောအခါ ခြံပုတ်အားဖြင့် ကိုယ်တော်ကို စကားပြောပါသည်။

87 ၈၇။ ဘုရားသခင်က ပထမဆုံးမောရှေကို မီးတောက်နေသောခြုံအားဖြင့် တွေ့ဆုံခဲ့ပါသည်။ ကန့်လန့်ကာလည်း ဖုံးကွယ် ထားပါသည်။ လူအများရှေ့တွင် ဘုရားသခင်သည် ကန့်လန့်ကာဖြင့် ကာထားပါသည်။ အလားတူမီးတိုင်ဖြင့် မိမိကိုယ်ကို ဖုံးကွယ်ထားပါသည်။ အလားတူမီးတိုင် ဆင်းသက်လာပါသည်။ သူတို့ထံမှဖြစ်၍ သူတို့သည် ဘုရားသခင်၏နှုတ်ကပတ် တော်ကို ကြားရပါသည်။ သင်သဘောပေါက်ပါသလား? နှုတ်ကပတ်တော်သာ ဖြစ်ပါသည်။ သူ၏အသံတော်ကို ကြားရပါ သည်။ မောရှေမှာ သူတို့အတွက် အသက်ရှင်သောနှုတ်ကပတ်တော် ဖြစ်ပါသည်။ မောရှေ၊ ဘုရားသခင်သည် မောရှေ အားဖြင့် ထိုနှုတ်ကပတ်တော်ကို သက်သေပြခဲ့ပါသည်။ ဘုရားသခင်က မောရှေအားပြောပါသည်။ “အောက်သို့ဆင်းသွားပါ။ ငါသည်သင်နှင့်အတူရှိမည်။ သင့်ရှေ့တွင် ဘာမှအတားအဆီး ရှိနေမည်မဟုတ်ပါ။ ငါသည် ငါပင်ဖြစ်၏” ဟုဆိုထားပါသည်။

မောရှေကဆင်းလာ၍ ပြောပါသည်။ “သင်တို့က ဤအရာကို ယုံချင်မှ ယုံပေမည်။ သို့သော်လည်း ဘုရားသခင်က မီးတိုင်အားဖြင့် ဖေါ်ပြ၍ဤအရာများ ကိုငါ့အား ပြောပြပါသည်။” ဟုဆိုပါသည်။

ဖာရောဘုရင်ကပြောသည်မှာ “ငါတို့အရာအမျိုးမျိုး ဖြစ်လျှက်ရှိပါသည်။ ဘာကြောင့် ဖြစ်ရပါသနည်း?” သင်းအုပ်ဆရာကြီး ဖာရောမင်းကပြောသည်။ “သင့်ထံမှာ သွေးပေါ်သောမျက်လှည့်ဆရာ၏ လှည့်ဖျားမှုမျိုး ရှိပါသည်။ ငါ့မှာလည်း မျက်လှည့် ဆရာများရှိသည်။ မြွေကို ....တုတ်ချောင်းကိုမြွေအဖြစ် ပြောင်းလဲစေမည့်သူ ဖြစ်သည်။ မျက်လှည့်ဆရာများ လာပါ။” သူ တို့ ဤနေရာ သို့လာကြပြီး အလားတူအရာများကို ပြုလုပ်ကြပါသည်။

88 ၈၈။ မောရှေက ဘာကိုမှစိတ်မပူပါ။ အတုယူသူဘယ်နှစ်ယောက် သူတို့မှာရှိသနည်း? သူတို့အတွက် အနည်းငယ် ကွာခြားမှုပင်မတွေ့ရပါ။ မောရှေမှာ တည်တည်တံ့တံ့ပင် ရပ်တည်လျှက်ရှိပါသည်။ သူတို့မှာ တွားသွားလျှက် နောက်ဆုံး မောရှေ၏မြွေက သူတို့ကို မြိုချသွားပါတော့သည်။ ဘာကြောင့်နည်း? တမန်တော်များကဲ့သို့ပင် ဖြစ်ပါသည်။ သူတို့ရှင်းမ ပြတတ်ပါ။ ဘုရားသခင် ဘာလုပ်မည်ကို မောရှေကမသိပါ။ သို့သော်လည်း သူကပြုလုပ်မည် ဖြစ်ပါသည်။

သူက Jambres နှင့် Jannes တို့နောက်ဆုံးသောနေ့ရက်များတွင် ပြန်လာကြ မည်ဖြစ်ပါသည်။ လူစားထိုးခြင်းပင် ဖြစ်ပါ သည်။ “ဖြစ်နိုင်လျှင် ရွေးချယ်ထားသောသူများကိုပင် လှည့်ဖျားသွားနိုင်ပါသည်။” (မဿဲ ၂၄း၂၄) အလားတူအရာများဖြစ် ၍ အံ့ဘွယ်နိမိတ်လက္ခဏာများ ပြုလုပ်ကြပါသည်။ ထိုနှုတ်ကပတ်တော်ကို သတိပြု၍ကြည့်ပါ။ သူသည် အံ့ဘွယ်နိမိတ် လက္ခဏာများ ပြုလုပ်သည်ဟု လူတစ်ဦးကဆိုပါသည်။ သို့တိုင်အောင် ဘုရားသုံးပါးရှိသည်ဟု အမြဲတမ်း ယုံကြည်နေ ဆဲဖြစ်သည်။ သင်သည် ထိုအရာမှ လွှဲဖယ်ရန် ကြိုးစားပါသည်။ ထိုအရာများကြောင်း ကျွန်တော်တို့သိပါသည်။ ဘုရားသခင် ၏နှုတ်တော် မှထွက်ပေါ်လာသော စကားလုံးတိုင်း တစ်လုံးစီဖြစ်ပါသည်။ ကမ္ဘာဦးကျမ်းမှ စကားလုံးတစ်လုံးစီ ဖြစ်ပါသည်။ “နှုတ်ကပတ်တော်မှ စကားတစ်လုံးကို မထုတ်ယူရသကဲ့သို့ မပေါင်းထည့်ရပါ။” စကားတစ်လုံးစီမှ တစ်လုံးစီသာဖြစ်ရပါမည်။

89 ၈၉။ တစ်စုံတစ်ခု ဖြစ်ပျက်ခဲ့သည်ကို လူအများတွေ့မြင်ကြရပါသည်။ မောရှေမှာ မူမျက်နှာဖုံးအုပ်ခြင်း ခံရပါသည်။ ....သူသည် ပရောဖက်ဖြစ်၍ ဘုရားသခင်က သူ၏နှုတ်ကပတ်တော်ကို ယခုအခါဖေါ်ပြပါသည်။ သူသည် အံ့ဘွယ် နိမိတ် လက္ခဏာများကို တွေ့မြင်ရပါသည်။ ၎င်းနောက် လူများက မိမိတို့ကိုယ်ကို သီးခြားခွဲနေကြပါသည်။ အသင်းတော်ဖြစ်ပါ သည်။ အသင်းတော်၏အဓိပ္ပါယ်မှာ “ရွေးချယ်ခံရသောသူ” ဟူ၍ဖြစ်ပါသည်။ သူတို့အား ဤကမ္ဘာလောကကြီးမှ ရွေးချယ်ခေါ် ယူပြီးနောက် သူသည်မီးတိုင်ဖြစ်ကြောင်းကို ဘုရားသခင်က မိမိကိုယ်ကို သိစေပါသည်။ မောရှေ၏သတင်းစကားကို ကိုယ်တော်ရှင်က သက်သေပြတော်မူပါသည်။ သူသည်မီးတိုင်ဖြစ်ပါသည်။ သူတို့သည် ၎င်း၏ရုပ်ပုံကို ဆောင်ယူရပါမည်။ ၎င်းတို့ထံမှာ ကင်မရာများရှိပါက အားလုံးမီးတောက်မီးလျှံ များဖြစ်ကြောင်း ဓါတ်ပုံရိုက်ယူထားနိုင်ပါသည်။ သူတို့က သက် သေပြပါသည်။ သတင်းစကားမှာ မှန်ကန်ကြောင်း ဘုရားသခင်က သက်သေပြပါသည်။ သတင်းစကားမှာ ယခုလက်ရှိပင် ရှိနေပါသည်။ သူတို့ထွက်သွားရတော့မည် ဖြစ်ပါသည်။ ထွက်တော့မည့်လူများအတွက် ကိုယ်တော်၏ပရောဖက်ကို ကိုယ်တော်က ဖုံးကွယ်ထားပါသည်။

90 ၉၀။ လူများက သူတစ်စုံတစ်ခုဖြစ်သည်ကို တွေ့မြင်ကြပါသည်။ သူသည် ကျန်ကြသရေလလူများနှင့် ကွာခြားမှုရှိပါသည်။ သူသည် မည်သည့်အရာနှင့်မဆို ကွာခြားမှုရှိပါသည်။ သူသည် ခြားနားသောသူတစ်ဦး ဖြစ်ပါသည်။ တစ်စုံတစ်ခုဖြစ် ပျက်ခဲ့ကြောင်း လူတို့သိခဲ့ကြရပါသည်။ သူ၏ပရောဖက်အားဖြင့် ဘုရားသခင်က မိမိကိုယ်ကိုဖုံးထားပါသည်။ သူ၏စကားများ ကိုလည်း မပြောဆိုရန် ဖုန်းကွယ်ထားပါသည်။ သူပြုလုပ်ခဲ့သော အရာပင်ဖြစ်ပါသည်။ မောရှေမှာ လူများအတွက် အသက် ရှင်သော နှုတ်ကပတ်တော်ဖြစ်ပါသည်။ မီးတိုင်အား ဖြင့် ဖုံးကွယ်ထားခြင်းခံရပြီး အသေကောင်များ၏ အရေခွံအားဖြင့် ဖုံးကွယ်ထားခြင်းခံရပါသည်။

91 ၉၁။ မောရှေထံမှ နှုတ်ကပတ်တော်သည် ပထမဦးဆုံး ရောက်လာရပါမည်။ မောရှေထံမှာ နှုတ်ကပတ်တော်ရှိပါသည်။ ဘုရားသခင်က ရေးသားခြင်းပင် ဖြစ်ပါသည်။ ၎င်းတို့ကို မည်သူကမှ အနက်အဓိပ္ပါယ် မဖွင့်ဆိုနိုင်ပါ။ မောရှေက သူတို့အား ပထမဆုံး အနက်ဖွင့်ဆိုပေးရပါသည်။ ထိုအကြောင်းကြောင့် သူ၏မျက်နှာကို သူကဖုံးကွယ်ထားရခြင်း ဖြစ်ပါသည်။ အကြောင်းမှာ သူသည်... သင်သဘောပေါက်ပါသလား¿ ဤနေရာမှာ ရှိပါသည်။ ကျွန်တော်တို့ကောက် ယူနိုင်ပါသည်။ ထိုနေရာမှာ ရှိသမျှအရာအားလုံးကို ကောက်ယူနိုင်ပါသည်။ သို့သော်လည်း ၎င်းအရာကို ဖော်ပြရပါမည်။ ထိုသို့ဖော်ပြရန်အ တွက် မောရှေမှာ လူများအတွက် ဘုရားဖြစ်ရပါသည်။

သင်က “အဲဒါ အလကားပါ” ဟု ပြောပေမည်။

သူက မောရှေကို ပြောပါသည်။ “သင်သည်ဘုရားဖြစ်၍ အာရုံသည်သင်၏ ပရောဖက်ဖြစ်လိမ့်မည်။” ဟု ဆိုပါသည်။ သင်သဘောပေါက်ပါသလား? ထို့ ကြောင့် ဤနေရာမှာ ကိုယ်တော်သည် မိမိကိုယ်ကို ဖုံးအုပ်ထားရပါသည်။ အကြောင်းမှာ ဘုရားသခင်သည် အမြဲတမ်း ကန့်လန့်ကာ နောက်ကွယ်တွင် ရှိနေသောကြောင့် ဖြစ်သည်။ ဘုရားသခင်သည် လူထုကြီးထံမှ ပုန်းကွယ်နေသောကြောင့် ဖြစ်ပါသည်။

“ခမည်းတော်ဘုရား ကိုယ်တော်ကိုကျေးဇူးတင်ပါသည်။ ပညာရှိ၍ စဉ်းစားဆင်ခြင်တတ်ပါသည်။” ကလေးငယ်များကို ဖော်ပြလျှက်ရှိပါသည်။ သင်ယူ တတ်မြောက်လိုသူများကို ဖော်ပြလျှက်ရှိပါသည်။

92 ၉၂။ ဘုရားသခင်မှာ ကန့်လန့်ကာနောက်ကွယ်တွင် ရှိနေပါသည်။ မောရှေမှာ မိမိ၏မျက်နှာကို ဖုံးကွယ်ထားပါ သည်။ မောရှေမှာ ဖုံးကွယ်ခြင်းခံရသည့် အသက်ရှင်သည့် နှုတ်ကပတ်တော် ဖြစ်ပါသည်။ လူများက ထိုမီးတိုင်ကို တွေ့ရပါသည်။ ယခုကျွန်တော်တို့ကြေနပ်ပါပြီ။ “မောရှေပြောပါစေ။” ဘုရားရှင်ကို မပြောပါစေနှင့်။ သို့မဟုတ်ပါက ကျွန် တော်တို့သေရပါမည်။ မောရှေမှာ ထိုမီးတိုင်ထဲသို့ တန်းတန်းမတ်မတ် ဝင်ရောက်ခဲ့ပါသည်။

၉၃။ သူကယခုအခါတွင် ပြောပြပါသည်။ “ငါသူတို့အား ဤကဲ့သို့ဘယ်တော့မှ မပြောတော့ပါ။ ငါသူတို့အား ပရောဖက် တစ်ပါးပေးမည်။” ကိုယ်တော်ရှင်သည် အမြဲတမ်း ထိုသို့ပင်ပြုလုပ်ပါသည်။ ဤပရောဖက်မှာ သူ၏နှုတ်ကပတ်တော် ရှိရပါ မည်။ အစဉ်အလာဖြင့် ဖုံးကွယ်နေပါက ဘုရားရှင်စေလွှတ်ခြင်းမဟုတ်ပါ။ နှုတ်ကပတ်တော်နှင့် ဖုံးကွယ်နေပါက ဘုရား သခင်ကဖော်ပြမည်ဖြစ်ပါသည်။ ဘုရားသခင်က သူ၏နှုတ်ကပတ်တော်ကို သူကိုယ်တိုင်အနက်ဖွင့်ဆိုစေပါသည်။ မောရှေက ပြောဆို

93 ပါသည်။ ဘုရားသခင်က အနက်ဖွင့်ဆိုပါသည်။ အာမင်။ မောရှေကပြောသည်မှာ “ကိုယ်တော်ရှင်မိန့်တော်မူသည်” ဟူ၍ဖြစ်သည်။ ကိုယ်တော်ရှင်သည် သူမိန့်တော်မူသည်အတိုင်း ပြုမူဆောင်ရွက်တော်မူသည်။ ၎င်းအရာသည် မှန်ကန်မှုဖြစ် စေရန် ဖြစ်လာပါသည်။ ကိုယ်တော်က မိန့်တော်မူပါသည်။ မောရှေသင်နားလည်သကဲသို့လူအများ ကလည်း ယခုအခါ နားလည်လာပါသည်။ ငါသင့်အားဖော်ပြပြီး ဖြစ်ပါသည်။ သင့်အားကျွန်ုပ်က ဖော်ပြခဲ့ခြင်းဖြစ်ပါသည်။ ဘုရားသခင်က မိမိ ကိုယ်ကို ဖုံးကွယ်၍ ဤပရောဖက်အတွင်း၌ ထား၍လူများကို သူ၏နှုတ်ကပတ်တော်ကို ပြောဆိုပါသည်။ မောရှေမှာ သူတို့အတွက်အသက်ရှင်သောဘုရား ဖြစ်တော်မူပါသည်။ အသက်ရှင်တော်မူသော ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဖော်ပြပါ သည်။ ထိုအကြောင်းကြောင့် သူ၏မျက်နှာကို ဖုံးကွယ်ထားပါသည်။ စစ်မှန်သောခရစ်ယာန်သည် ယနေ့ဖုံးကွယ်ခြင်းခံရ၍ မယုံကြည်သူများအတွက် အလားတူဖြစ်နေသည်ကို သင်သိပါသလား။ ဆံပင်အရှည်နှင့်အမျိုးသမီးများကို တွေ့ရသည်။ သူတို့က “ထိုရှေးကျသော ပုံစံကိုကြည့်ပါ။” ဟုဆိုကြသည်။ အမျိုးသမီးများမှာ ဆံပင်ကိုကောက်ထားကြသည်။ အားလုံးမှာ ကန့်လန့်ကာဖြင့် ဖုံးကွယ်ခံရသည်။ သူတို့အားလုံးမှာ မျက်စိကွယ်နေကြသည်။ “သူတို့က Ph.D ဘွဲ့ရသည်။” ဟုဆိုကြ သည်။ ခင်ဗျားတို့ဘာဘွဲ့ရရ ကျွန်တော်ဂရု မစိုက်ပါ။ ခင်ဗျားသည် နှုတ်ကပတ်တော်ကို မသိသေးပါ။ မှန်ပါသည်။ ထိုအရာ မှာ အသေးအဖွဲ့သာဖြစ်ပါသည်။ သင်ခန်းစာအငယ်လေးများကို နမူနာယူကြပါ။

94 ၉၄။ ဘုရားသခင်၏ရှေ့တော်တွင် ကန့်လန့်ကာချ၍ ဖုံးကွယ်ခြင်းခံရပါသည်။ ဟုဆိုသူများအသင်းတော် အစဉ်အလာကို ဟောပြောသည်မှာ မည်သို့ဖြစ်ပါသနည်း။ အို၊ ဂရုဏာတော်ကြီးမြတ်လှပါသည်။ နှုတ်ကပတ်တော်ကို ပေါင်းထည့်ခြင်း၊ နှုတ်ယူခြင်းနှင့်အရာခပ်သိမ်းကို ပြုလုပ်ကြပါသည်။ သူတို့၏အကြောင်း အရာများနှင့် သူတို့၏ကိုယ်ပိုင်အတွေးအခေါ်များကို ထည့်သွင်းခြင်း ဖြစ်ပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော် မဟုတ်ပါ။ မည်သို့သော ကန့်လန့်ကာ ကို ဘုရားသခင်က ထိုကန့်လန့်ကာကို ဆုတ်ဖြဲ၍ဖွင့်လိုက်ပါသည်။ သူတို့၏ပြောဆိုချက်အရ “ပရောဖက်ကဲ့သို့သောအရာများမရှိပါ။ တမန် တော်များနှင့်ပရောဖက်များလည်း ဤကဲ့သို့သော နောက်ဆုံးသောနေ့ရက်များတွင် ရှိတတ်ပါသည်။ အနာရောဂါငြိမ်းစေခြင်း လည်း မရှိပါ။ ကြိုတင်မြင်တတ်သူများလည်းမရှိပါ။ ကြိုတင်မြင်တတ်သူများလည်းမရှိပါ။ မာကု(၁၆)ပြည့် စုံစေမည့်အ ရာမျိုးလည်းမရှိပါ။ တမန်တော်ခေတ်ကာလ ကုန်ဆုံးပြီဖြစ်ပါသည်။” သူတို့က လူများထံမှဖုံးကွယ်ထားပါသည်။ ဘုရားသ ခင်က သူ၏သန့်ရှင်းသောဝိညာဉ်တော်မီးဖြင့် လျှောက်ထွက်လာပါသည်။ ကန့်လန့်ကာကိုလည်း အထက်မှအောက်သို့ခွဲချ လိုက်ပါသည်။ ကန့်လန့်ကာကို ဘုရားသခင်က ခွဲချ လိုက်သည်။

95 ၉၅။ မောရှေမှာ ကန့်လန့်ကာပင်ဖြစ်ပါသည်။ လူသားအသွေးအသားနောက်ကွယ်တွင် အသက်ရှင်သော ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ဖုန်းကွယ်ထားခြင်း ဖြစ်ပါသည်။ မောရှေအထဲ၌ မီးတိုင်ရှိသည်။ သားရေများနောက်ကွယ်တွင် မကြာမီ ဖုန်းကွယ်ထားမည် ဖြစ်ပါသည်။ ၎င်းသည် နှုတ်ကပတ်တော်ပင် ဖြစ်ပါသည်။ နှုတ်ကပတ်တော်ကို ဆောင်ယူ လာပါသည်။ ၎င်းကိုရေးထုတ်ထားပါသည်။ ၎င်းနောက် နောက်ကွယ်တွင်ထားပါသည်။ အကြောင်းမှာ ဘုရားသခင်သည် ထိုနှုတ်ကပတ်တော်၏နောက်ကွယ်တွင် အမြဲရှိသောကြောင့် ဖြစ်ပါသည်။ အာမင်။ သူသည် အမြဲတမ်းပင် နှုတ်ကပတ်တော်ဖြစ်ပါသည်။ သူသည်နှုတ်ကပတ်တော်ထဲ၌ရှိပါသည်။ ထိုအ ကြောင်းကြောင့် နှုတ်ကပတ်တော်ကို ဖုန်းကွယ်ထားပါသည်။

96 ၉၆။ ညီအစ်ကိုမောင်နှမတို့သဘောပေါက်ပါရဲ့လား။ ကြည့်ပါ။ သဘောပေါက်ပါ ရဲ့လား။ ဘုရားသခင်ပြောသည့်အတိုင်း ဤခေတ်တလျှောက်လုံး ဖုန်းကွယ်ထားခြင်းခံရပါသည်။ နောက်ဆုံးသောနေ့ရက်များအတွက် လမ်းဖွင့်ပေးထားပါသည်။ ထိုတံဆိပ်(၇)ခုပျက်ပယ်သွားမည် ဖြစ်ပါသည်။ လူတိုင်း၏မြင်ကွင်းတွင် ပြည့်ပြည့်ဝဝ ပေါ်လွင်လာမည်ဖြစ်ပါသည်။ တောက်လျှောက်နေရာယူခဲ့ပါမည်။ သတ္တမမြောက်ကောင်းကင်တမန်၏ သတင်းစကားအချိန်နာရီမှာ ထိုဧလိယတွင် ဘုရားသခင်၏ နက်နဲရာများအားလုံး သိသာလာပါသည်။ နောက်ဆုံးအချိန်တွင် ထိုခရစ်တော်မှာ သူ၏အသင်းတော်မှ မည်သို့ပယ်ထုတ်ခံရ သည်ကို တွေ့ရပါသည်။ ဘုရားသားတော်မှာ တဖန်ပြန်လည်၍ လူသားအဖြစ် မည်သို့ဖော်ပြခံရမည် စသည်တို့ပင် ဖြစ်ပါ သည်။ အသင်းတော်ကိုစံနစ်တကျစီစဉ်ထားပြီး နောက်ဆုံးနေ့ရက်အတွက် မည်သည့်ယုံကြည်ချက်၊ ဂိုဏ်းဂဏများမှ မရှိတော့ပါ။ လူတစ်ဦးအတွင်း၌ အတိအကျကျိန်းဝပ်တော်မူသော နှုတ်က ပတ်တော်သာရှိပါသည်။ “ကျွန်တော်တစ်ခုယူ၍ တစ်ခုကိုထားခဲ့ပါမည်။”ဤအရာကိုယူ၍ ထိုအရာကိုချန်လှပ်ထားပါမည်။ ထိုနေရာမှာ ဘာကြိုးဘာဂိုဏ်းဂဏ၊ ချည် နှောင်ခြင်းမျိုး ဘာမှမရှိပါ။ ဘုရားသခင်၏နှလုံးသားနှင့် ကိုယ်တော်ရှင်သာလျှင် ရှိပါသည်။

97 ၉၇။ လူ့ဇာတိဖြင့် ဖုန်းအုပ်ထားသည်ကို သတိပြုပါ။ မောရှေမှာ ထိုနှုတ်ကပတ် တော်ဖြစ်၍ မကြာမီသားရေဖြင့် ဖုံးအုပ်ခံရမည်အရာကို ပြောဆိုခြင်းဖြစ်ပါသည်။ ကျွန်တော်တို့၏မောရှေဖြစ်သော ခရစ်တော်မှာလည်း ထိုနည်း၎င်းပင် ဖြစ်ပါ သည်။ ခရစ်တော်မှာ ကျွန်တော်တို့၏မောရှေ ဖြစ်ပါသည်။ သူသည်လူသားဇာတိဖြင့် ဖုံးကွယ်ထားခြင်းခံရပြီး လူသား အထဲတွင် ဖုန်းကွယ်ခံရပါသည်။ ကိုယ်တော်ရှင်သည် မနေ့၊ ယနေ့နှင့်ထာဝရကာလအတူတူပင် ဖြစ်ပါသည်။ ကိုယ်တော်ရှင် ကို သားရေဖြင့် ဖုံးကွယ်ထားပါသည်။ သူ့ကိုဖုံးကွယ်ထားခြင်း ဖြစ်ပါသည်။ ဒီတစ်ခါ သူသည်လူသားဖြင့် ဖုံးကွယ်ထားခြင်း ခံရပါသည်။ “မနေ့၊ ယနေ့နှင့်ထာဝရ” အတူတူပင်ဖြစ်ကြောင်း သတိပြုပါ။ ဤခေတ်အတွက် သူ၏နှုတ်ကပတ်တော်ကို ဂတိ ပေးထားပါသည်။ သူသည် ခရစ်တော်ဖြစ်ပါသည်။ ဤခေတ်အတွက် ဂတိပေးထားသော နှုတ်ကပတ်တော်ဖြစ်ပါသည်။ လူအ သွေးအသားဖြင့် ဖုံးကွယ်ထားသည်။ နှုတ်ကပတ်တော်မှာ ဘုရားဖြစ်ပါ သည်။

98 ၉၈။ ဘိသိတ်ပေးခြင်းမှာ လူကိုပေးခြင်းဖြစ်ပါသည်။ ခရစ်တော်တည်းဟူသော စကားလုံး၏အဓိပ္ပါယ်မှာ “ဘိ သိတ် ပေးခြင်းခံရသူ” ဟူ၍ဖြစ်ပါသည်။ မောရှေမှာ သူ၏အချိန်ကာလက ခရစ်တော်ပင် ဖြစ်ပါသည်။ သူသည် ဘိသိတ် ပေးခြင်း ခံရသူ ဖြစ်သည်။ ယေရမိမှာလည်း သူ၏အချိန်ကာလကခရစ်တော်ပင် ဖြစ်ပါသည်။ ထိုနေ့ရက်ကာလအတွက် နှုတ်က ပတ်တော် တစ်စိတ်တစ်ဒေသ ရှိသူဖြစ်ပါသည်။ သခင်ယေရှုကြွလာတော်မူသောအခါ သူသည်ကယ်တင်ရှင် ဘိသိတ် ပေးခြင်း ခံရသူအဖြစ် ကြွလာတော်မူပါသည်။ ထိုအရာမှာ မောရှေဖြစ်၍မောရှေ အထဲ၌ ရှိသမျှအားလုံးပင် ဖြစ်ပါသည်။ နှုတ်ကပတ်တော်အားလုံးဖြစ်၍ ကိုယ်တော်ရှင်အတွင်း၌ ဘုရားသခင်၏ ကိုယ်ခန္ဓာအားလုံးပါဝင်ပါသည်။ ထိုအကြောင်း ကြောင့် ဗိမာန်တော်ကန့်လန့်ကာတစ်ခုလုံး စုတ်ပြဲ၍ ဂရုဏာတော်ပလ္လင်မှာ လူမြင်ကွင်းတွင် အထင်းသား ပေါ်လွင်လာခြင်း ပင် ဖြစ်ပါသည်။ သူသည် ဘိသိတ်ပေးခြင်းခံရသူ ဖြစ်ပါသည်။

99 ၉၉။ လူသားဇာတိဖြင့် ဖုံးကွယ်ခြင်း ဖြစ်ပါသည်။ ဤခေတ်ကာလအတွက် ဂတိထားတော်မူသော နှုတ်က ပတ်တော် ကိုလည်း ဖုံးကွယ်ထားရပါမည်။ အပြစ်ကို နှစ်သက်သောအသင်းသားများနှင့် အပြစ်သားများက မတွေ့မမြင်နိုင်ကြပါ။ အကြောင်းမှာ လူသားဖုံးကွယ်မှုကြောင့် ဖြစ်ပါသည်။ ထိုအကြောင်းကြောင့် ကိုယ်တော်ကို သူတို့မမြင်ကြခြင်း ဖြစ်ပါသည်။ သူသည်လူသားတစ်ဦးသာ ဖြစ်ပါသည်။ သူဘယ်က လာသနည်း။ သူမှာဘာ မိသဿဟာရဖွဲ့သည့် ကပ်ပြားရှိလို့လဲ။ သူဘယ်အသင်းတော်က လာသလဲ။ ယနေ့ည ဤအကြောင်းကို ကျွန်တော်ပြောလိုပါသည်။ သူဘယ်အသင်းတော်က လာသလဲဆိုသည့်အကြောင်းအရာပင် ဖြစ်ပါသည်။ “သူဘယ်အသင်းတော် နဲ့ သက်ဆိုင်ပါသလဲ။ ဘယ်အုပ်စုလဲ။ သူ့မှာ ဘာကျောင်းရှိပါသလဲ။ သူဘယ်က ပညာသင်ကြားထားသလဲ။ ဤသူသည် အစဉ်အလာအရ ဖွားမြင်လာသူဖြစ်သည်။ ဤအနီးအနားမှ အစဉ်အလာအရ ဖွားမြင်လာသူဖြစ်သည်။ ဤသူမှာ သန့်ရှင်းစွာထိမ်းမြားခြင်းအားဖြင့် ဖွားမြင်သူဖြစ်ပါသည်။ သူသည် နတ်ဆိုးနှင့်ဆိုင်သောသူဖြစ်သည်။ ”သူသည် သန့်ရှင်းစွာထိမ်းမြားပြီး မွေးဖွားလာသူ ဖြစ်သည်။ ယောသပ်က သူမ အားခဲပစ်၍ သတ်မည်စိုးသောကြောင့် လက်ထပ်လိုက်ခြင်း ဖြစ်ပါသည်။ သူမသည် ပြစ်မှားသူဖြစ်ပါသည်။ ထိုသူရောက် လာပြီး ယဇ်ပရောဟိတ်များ ဘာလုပ်ရမည်ကို ပြောပါသည်။ မဟုတ်ပါလား။“

100 ၁၀၀။ ဘုရားသခင်က ထိုနေရာမှာ ရပ်နေ၍ထိုနှုတ်ကပတ်တော်ကို ဖော်ပြပါသည်။ “ကျွန်ုပ်ဘုရား၊ အဘယ်ကြောင့် ကျွန်ုပ်ကိုစွန့်ပစ်တော်မူသနည်း။ ဗိမာန်တော်ထဲတွင် သူတို့ဆိုနေသော သီချင်းများဖြစ်ကြပါသည်။ ဒါဝိဒ်က သူတို့အတွက် လွန်ခဲ့သောနှစ်ပေါင်းများစွာက ခရစ်တော်နှင့်ပတ်သက်၍ ရေးစပ်ခဲ့ခြင်း ဖြစ်ပါသည်။ ”ငါ့လက်ငါ့ခြေများကို ထိုးဖေါက်ကြ သည်။ ငါ့အရိုးတို့ကိုမူ မတို့ထိကြ။“ ဟူ၍ ဖြစ်သည်။ သူတို့ထိုနေရာမှာရပ်၍ သီချင်းဆိုကြသည်။ ကားတိုင်ပေါ်တွင် ထိုသူ အသေခံပါသည်။ သူတို့ဖြတ်သန်းသွားသောအခါ ကိုယ်တော်ရှင်အသေခံသောအခါ ကောင်းကင်ဘုံရှိ ဘုရားသခင်ကဆင်း သက်လာပြီး သန့်ရှင်းသောမီး ဆင်းသက်လာသည်။ သိနာတောင်ပေါ်တွင် ဗိမာန်တော်ထဲမှ ကန့်လန့်ကာကို အထက် မှအောက်သို့ထိုးခွဲလိုက်သကဲ့သို့ပင် ဖြစ်ပါသည်။ သူတို့ဘာလုပ်နိုင်ပါသနည်း။ ဗိမာန်တော်ပြတင်းပေါက်မှ မျှော်ကြည့်၍ ကားတိုင်ပေါ်တွင် အသေခံ၍ပူဇော်သည်မှာ ဘုရားသခင်ကို မြင်ကွင်းတွင် ထင်ရှားစွာတွေ့မြင်ရပါသည်။

101 ၁၀၁။ ယနေ့ထက်တိုင် သူတို့မတွေ့မြင်ကြရပါ။ ဘုရားသခင်သည် နောက်ဆုံးသောအချိန်တွင် ထိုအစဉ်အလာ များကို ဖယ်ရှား၍ မြင်သာစေရန်အတွက် ဤခေတ်ကာလအတွက် နှုတ်ကပတ်တော်ကို ထင်ရှားစွာပြသတော်မူသည့်တိုင် သူတို့သည် နားမလည်ကြပါ။ သူတို့မသိကြပါ။ အလွန်ပင် ရိုးရှင်းသည့်တိုင် မသိကြပါ။ အလွန်ရိုးရှင်းလွန်းပြီး ဤကမ္ဘာ လော ကကြီး၏ အရာများနှင့်ဝေးကွာလွန်းလှပါသည်။ ကျွန်တော်သည် တနေ့ကစည်းဝေးပွဲတစ်ခုတွင် တရားဟော ခွင့်ရ ပါသည်။ “ဝက်အူဖြစ်ရခြင်း” ဆိုသောခေါင်းစဉ်ဖြင့် ဖြစ်ပါသည်။ ကျွန်တော်တို့အားလုံးမှာ တစ်စုံတစ်ယောက်သောသူအတွက် ဝက် အူဖြစ်ကြရပါသည်။ ကျွန်တော်ကတော့ ခရစ်တော်အတွက်ဘဲ ဖြစ်ပါသည်။ ပေါလုက “အရူးဟုအထင်ခံရသည်” ဟုပြောပါ သည်။ သင်တစ်ကယ်ဘဲခံရပါမည်။ ဝက်အူဆိုသည်မှာ တစ်ခုနှင့်တစ်ခုစွဲမြဲအောင်လုပ်သည့်အရာပင် ဖြစ်သည်။

102 ၁၀၂။ လူအသွေးအသားတည်းဟူသော ကန့်လန့်ကာကို သတိပြု၍ကြည့်ပါ။ အပြစ်နွံထဲတွင် နစ်မြောနေသူများက မတွေ့မြင်နိုင်ကြပါ။ အစဉ်အလာအရ ဘာသာရေးကိုင်းရှိုင်းသူများက မတွေ့မြင်နိုင်ကြပါ။ အကြောင်းမှာ ကိုယ်တော် သည် လူသားတစ်ဦးပင် ဖြစ်နေသောကြောင့် ဖြစ်ပါသည်။ အဘယ်အရာ နည်း¿ ထိုလူသား အသွေးအသားက ဘုရားသခင်ကို ဖုံးကွယ်ထားခြင်း ဖြစ်ပါသည်။ ကိုယ်တော်ရှင်သည် ဆင်းသက်ကြွလာတော်မူသောမီးတိုင်ကြီး ဖြစ်ပါက ကြီးမားသော မီးတိုင်ကြီးမှာ ဆင်းသက်လာပြီး သူသည်ဘာဖြစ်ကြောင်းကို သူတို့အားပြသပါသည်။ သူသည် ဤကြီးမားသောမီး တိုင်ကြီးဖြစ်၍ သူတို့ကယုံကြည်ကြပါမည်။ ယေဟောဝါဘုရားသခင်က ဆင်းသက်လာပါက ဖြစ်လာပါမည်။ သူဘာလုပ် သည်ကို သင်တွေ့ရပါမည်။ သူတို့အားလုံးကိုလည်း သူကကျော်သွား နိုင်ပါသည်။ ပညာရှိများ၊ လူတော်များ ပါဝင်ကြပါ သည်။ မောရှေကို ဂတိပေးခဲ့သည့်အတိုင်း သူကမိမိကိုယ်ကို ဖေါ်ပြပါသည်။ “ပရောဖက်အားဖြင့် သူတို့ကို ငါစကား ပြောမည်။” ဟုဆိုထားပါသည်။ သူသည် လူသားဖြစ်၍ ပရောဖက်လည်း ဖြစ်ပါသည်။ အချို့သောသူများက သူ့ကိုအသိအ မှတ်ပြုပါသည်။ ကမ္ဘာ ပေါ်တွင် တစ်ရာပေါ်တွင် ၁၀၀% ပင်ဖြစ်ပါသည်။ သူတို့က ယုံကြည်ကြပါသည်။ ကျန်လူများမှာလည်း အသိအမှတ်မပြုကြပါ။ သူသည် အလားတူပင်ဖြစ် ပါသည်။

103 ၁၀၃။ ကြီးမြတ်တော်မူသော ဘုရားသခင်သည် အများအမြင်တွင် ထင်ထင်ရှားရှား ဂရုဏာတော်ပလ္လင်တော်ပေါ် တွင် ထိုင်လျှက်ရှိပါသည်။ သူအသေခံတော်မူသောအခါ သူ၏လူများကပင်လျှင် “သူ့ကိုငါတို့မလိုလားပါ။ သူနှင့်မဆိုင်ပါ” ဟုဆိုပြီး သူ့ကိုတံတွေးနှင့်ထွေးကြပါသည်။ ဒါဝိဒ်မင်းကြီးက ဗိမာန်တော်မှ ထွက်ခွာလာသောအခါ ငြင်းပယ်ခြင်းခံရ သော ရှင်ဘုရင်ကဲ့သို့ ဖြစ်နေပါသည်။ ရှေးကာလက ပုံစံမျိုးပင်ဖြစ်ပါသည်။ လမ်းတစ်လျှောက် ဆင်းသွားသောအခါ အိုမင်းမ စွမ်းဖြစ်ပြီး ခြေလက်မသန်သူ တစ်ဦးက တွားသွားနေရင်းမှ သူ့ကို “သူတော်ကောင်းယောင်ဆောင်သူ” ဟု ခေါ်ဆို၍ မျက်နှာ ကိုတံတွေးဖြင့် ထွေးလိုက်ပါသည်။ ထိုအခါ အစောင့်စစ်သားက ဒါးကိုဆွဲထုတ်လိုက်ပြီး ငါ၏ဘုရင်ကို တံတွေးဖြင့် ထွေးသည့် ခွေးကို ခေါင်းဖြတ်ပစ်ရမည်လားဟုဆိုပါသည်။ ဒါဝိဒ်ကလည်း နေပါစေ။ ဘုရားသခင်က သူ့အားထိုသို့ပြောသည်။ ဟုဆို သည်။ ဒါဝိဒ်မှာလည်း မိမိဘာပြောသည်ကို သေချာစွာမသိပါ။ တောင်ပေါ်သို့တက်၍ နောက်ပြန်လှည့်ကြည့်ပြီး ငိုယိုနေမိ ပါသည်။ ထိုနေရာမှ နှစ်ပေါင်း(၈၀၀)ခန့်က ဒါဝိဒ်၏သားတော်ကအလားတူ တောင်ကိုပင်တက်လျှက်ရှိပါသည်။ ပြင်ပသို့ထွက်၍ ကြည့်ပြီးယေရုရှလင်မြို့ကိုကြည့်၍ ငိုကြွေးကြသည်။ ငြင်းပယ်ခြင်းခံရသော ဘုရင်ကိုကြည့်၍ ငိုကြွေးကြသည်။ သူ၏မျက်နှာကို တံတွေးဖြင့် ထွေးကြသည်။ သင်သဘောပေါက်ပါသလား။ အလားတူအကြောင်းအရာပင် ဖြစ်ပါသည်။ နှုတ်ကပတ်တော် ဆင်းသက်ကြွလာတော်မူပါသည်။ ယနေ့ကျလာတော်မူပါသည်။ အများကငြင်းပယ်ခြင်းကိုခံရ၍ လူနည်းစု ကို ယုံကြည်ပါသည်။

104 ၁၀၄။ သူတို့က မယုံကြည်နိုင်ကြပါ။ ဂရိများကလည်း ကိုယ်တော်ကိုမမြင်တွေ့နိုင်ကြပါ။ သူသည် သူ၏ လူသား ဗိမာန်တော်ထဲ၌ ရှိနေပါသည်။ “ဒီလူ့ရဲ့နာမည်က ဘာကြောင့် ယေရှုဖြစ်နေရတာလဲ။ ဒီလူက နာဇရက်မြို့က လာ တာဖြစ် တယ်” ဟုသူတို့က ဆိုကြပါသည်။ သူတို့၏နေ့ရက်ကာလက သူတို့မှာ အမည်တစ်မျိုးတည်းသာ ရှိပါသည်။ “ယောဟန်၊ ဂျင်” စသည့်နာမည်မျိုးများ ဖြစ်ပါသည်။ “ဂျက်ဖာဆင်ဗီးလ်က ဂျွန်နယူးအယ်လ်ဘာနီကဂျင်” စသည်တို့ဖြစ် ပါသည်။ ထိုကဲ့ သို့ပင် ဖြစ်ပါသည်။ သူတို့ကပြောပါသည်။ “ဤသူမှာ နာဇရက်မြို့သား ယေရှုဖြစ်ပါသည်။ များသောအားဖြင့်ပြောကြသည်မှာ သူသည်စစ်သားအားဖြင့် ကိုယ်ဝန်ရလာခြင်း ဖြစ်သည်” ဟုဆိုပါသည်။ သူတို့ယုံကြည်သည့်အတိုင်းပင် ဖြစ်ပါသည်။ သေချာ ပါသည်။ သူတို့အပြောအရ “နာဇရက်မြို့သားယေရှုပင် ဖြစ်ပါသည်” သူသည် မည်သူဖြစ်ပါသနည်း။ သူတို့ထိုအရာကို နားမ လည်နိုင်ကြပါ။ သို့သော်လည်း အဘယ်ကြောင့်နည်း။

105 ၁၀၅။ ထိုနေ့ရက်အတွက် ဤစကားလုံးမှာ သူကထိုအရာကို ဟောပြောနေခြင်းပင် ဖြစ်ပါသည်။ “ကျမ်းစာ တော်မြတ်ကို သေချာစွာရှာဖွေပါ။ ထိုကျမ်းချက်များအားဖြင့် ထာဝရအသက်ကို ရနိုင်ပါသည်။ ငါမည်သူဖြစ်သည်ကို သူတို့သက်သေခံပါသည်။ ငါမည်သူဖြစ်ပါသနည်း။ သင်ငါ့ကို မယုံကြည်နိုင်ပေဘူးလား။ (ငါ့ကို ကန့်လန့်ကာအဖြစ်မေ့ပစ်လိုက်ပါ။) လာမည့်နှုတ်ကပတ်တော်ကို ယုံကြည်ကြပါ။ နှစ်ဦးမှာ သက်သေဖြစ်ပါသည်။ သူ၏အပြောမှာ ”ကျွန်တော်ပြောဆို၍ ခမည်း တော်ကလည်း ကျွန်တော့်ကိုယ်စားပြောကြားပါသည်။ အာမင်။ ယနေ့ခေတ်၏ နှုတ်ကပတ်တော်အကြောင်းကို ငါပြော၍ လည်း ခမည်းတော်က ထောက်ခံပါသည်။ သင့်အတွက် သက်သေဖြစ်ပါသလား။ ပြည့်စုံစေရန်အတွက်ပင် ဖြစ်ပါသည်။

106 ၁၀၆။ ကောရိန္တုသြဝါဒစာ ဒုတိယစောင်ကို သတိပြု၍ကြည့်ပါ။ ၂ကော ၃း၆ တွင် ဗိမာန်တော်ဟောင်းတွင် ဘုရား သခင်ကျိန်းဝပ်တော်မူပါသည်။ (သားရေဟောင်းများ နောက်ကွယ်တွင်) ဖြစ်ပါသည်။ ယုဒများထံမှ ကာကွယ် ခြင်း ဖြစ်ပါ သည်။ ကန့်လန့်ကာအဟောင်းကို ဖြဲဆုတ်လိုက်သောအခါ ယုဒများမှာ ..... သူသည်မည်သူဖြစ်ကြောင်း မသိမြင်ကြပါ။ ပင်တေကုတ္တေက မည်သူသည် စစ်မှန်၍အသက်ရှင်သော ဘုရားဖြစ်ကြောင်း ဖေါ်ပြပါသည်။ ထိုကန့်လန့်ကာကို နှစ်ပိုင်း ခွဲဖြတ်လိုက်သောအခါ ဘုရားသခင်အတူပါရှိ၍ ထိပ်ပိုင်းမှစ၍ ရှိနေပါသည်။ ဘာကြောင့် ထိုကန့်လန့်ကာက ထိုသို့လုပ်ရပါသ နည်း။ ဘာကြောင့် ထိုသို့လုပ်ရပါသနည်း။ ယနေ့ထိုသို့သောသတင်းစကား ဘာကြောင့်ရောက်လာပြီး ၎င်းပြုလုပ်ခဲ့သည့် အရာကို ဘာဖြစ်စေပါသနည်း။ ဘာကြောင့်လာရပါသနည်း။ အဘယ် ကြောင့်နည်း။

107 ၁၀၇။ တစ်စုံတစ်ဦးသည် ကျွန်ုပ်ကိုခေါ်ရန်အတွက် ရှိနေပါသည်။ မကြာမီကာလက ကျွန်တော်နှင့် စကားရည်လုလိုပါ သည်။ အသင်းတော်ကာလအကြောင်းကို စကားရည်လုခြင်းပင် ဖြစ်ပါသည်။ "ဘုရားသခင်မှာ သူ၏သန့်ရှင်းသော အသင်း တော်ထဲတွင် ရှိပါသည်။" ထိုကဲ့သို့သောအရာမျိုးများပင် ဖြစ်ပါသည်။ အမျိုးသမီးတရားဟောဆရာမတစ်ဦးဖြစ်ကြောင်း ကျွန် တော်သိရပါသည်။ ထိုအကြောင်းကိုလည်း ကျွန်တော်မေ့သွားပြီဖြစ်ပါသည်။ ကောင်းသွားမည်ဟုထင်သောသူ အချို့ရှိမည် ဟု ထင်ရပါသည်။ ကွာခြားမှုရှိပါသည်။ အခြားတိုင်းပြည် တစ်ပြည်သို့သွားရန် ယခုပြုလုပ်သော စည်းဝေးကိုထား ခဲ့ရပါမည်လား။ သူတို့ကို ကျွန်တော်တစ်ဦးတည်း ရှိစေပါမည်။ မျက်ကန်းကမျက်ကန်းကို လမ်းပြခြင်းပင်ဖြစ်ပါသည်။ အားလုံးတွင်းထဲသို့ကျသွားပါမည်။

108 ၁၀၈။ ဤခေတ်ကာလတွင် ဂိုဏ်းဂဏနှင့်အစဉ်အလာ ကန့်လန့်ကာမှာဘုရား သခင်၏နှုတ်ကပတ်တော်မှ ဆုတ်ဖြဲခြင်းခံရပါက ၎င်းကိုဖော်ပြနိုင်ပါသည်။ ကျွန်တော်ဆိုလိုသည့်အရာကို ခင်ဗျားသဘောပေါက်ပါရဲ့လား¿ အစဉ်အလာ က "ထိုအရာများအားလုံး ပြီးဆုံးခဲ့ပါပြီ" ဟုဆိုပါသည်။ "အနည်းငယ်စုတ်ယူနိုင် ပါစေ။" အရာများအားလုံးမှာ "ပြီးဆုံးခဲ့ပါပြီ" ဤနောက်ဆုံးသောကာလတွင် အစဉ်အလာကန့်လန့်ကာမှာ ဆုတ်ဖြဲခြင်းခံရ၍ မီးတိုင်ဤနေရာမှာ ရှိနေပါသည်။ ဤနေ့အ တွက်နှုတ်ကပတ်တော်ကို ဖော်ပြနေပါသည်။ ကန့်လန့်ကာကို ဆုတ်ဖြဲလိုက်ပါသည်။ ကမ္ဘာလောကကြီးက ၎င်းကိုယခု ထက်တိုင်အောင် မယုံကြည်သေးပါ။ သူတို့မမြင်ရသော်လည်း အကြောင်းမဟုတ်ပါ။ သူတို့မတွေ့ကြရပါ။ သူတို့ထံသို့ပို့ဆောင်ခြင်း မပြုလုပ်ရသေးပါ။ ဘုရားသခင်၏သားတော်ကို သောဒုံမြို့တွင် ဖော်ပြခြင်းမပြုပါ။ သတင်းပို့ဆောင်သူနှစ်ဦး သာ ရှိပါသည်။ ဘုရားသခင်ကိုယ်တိုင်မှာ လူသားဇာတိအားဖြင့် အာဗြဟံတည်းဟူသော ရွေးချယ်ခြင်းခံရသူအား ဖော်ပြခြင်း ခံရပါသည်။ မိမိကိုယ်ကို ဖော်ပြရန်အတွက် ကိုယ်တော်က ပြုလုပ်ကြောင်းကို ကြည့်ပါ။ စာရာ၏အတွေးမှာ သူ၏ နောက်ကွယ်တွင် မည်သို့ရှိကြောင်း အာဗြဟံကသိပါသည်။ သူအား "**Elohim**" ဟုခေါ်ရန် သူကပြောပါသည်။ "ငါ၏ကျွန် ...." ဟု ဆိုပါသည်။

109 ၁၀၉။ ယခုသတိပြုပါ။ သို့မှသာဖော်ပြနိုင်ပါမည်။ လူများအတွက် ဤနှစ်များအတွင်း နှုတ်ကပတ်တော်မှာ ကန့်လန့်ကာ ထားရပါမည်။ "မပြုလုပ်နိုင်ပါ။" ကျွန်တော်ပထမဆုံးအကြိမ် ဤနေရာသို့ရောက်ရှိခဲ့စဉ်က ကျွန်တော်တရားဟောပြောခဲ့ သည်မှာ ဂေါလျာက်နှင့်ဒါဝိတ်အကြောင်းဖြစ်ကြောင်း ခင်ဗျားတို့မှတ်မိကြပါသလား။ ကျွန်တော်က အပြင်မှာ မိမိစိမ်ခေါ် နေ သူကိုကြည့်ပါ။ အံ့ဘွယ်နိမိတ်များ ပြုလုပ်သည့်အချိန်နေ့ရက်များ ကုန်ဆုံးပေပြီဟုဆိုနေပါသည်။" ဟုပြောသည်။ တိတ်ခွေများကို ပြန်၍လေ့လာကြည့်ပါ။ ပိုမို၍ရှင်းလင်းစွာ ပေါ်လွင်ထင်ရှားလာပါမည်။ နားရှိသောသူမည်သည်ကား ကြားပါ စေ။ မျက်စိရှိသောသူကား မြင်ပါစေ။ ကြည့်ပါ။ ဟုကျွန်တော်ကပြောပါသည်။ ထိုကြီးမားသော ဘာသာရေးဆိုင်ရာ ကမ္ဘာ လောကကြီးတွင် ဤသိပ္ပံခေတ်ကြီး၌ "မဖြစ်နိုင်ပါဘူး" ဟုဆိုကြပါမည်။ သို့သော်လည်း ကျွန်တော်က ဆိုပါသည်။ ဘုရားရှင် ထိုအလင်းထဲ၌ ဆောင်ယူခြင်းမခံရမီ တခါတည်းဖြစ်ပါသည်။ ထိုမြစ်ထဲတွင် တစ်ခါမှထိုကဲ့သို့သော ဓါတ်ပုံမျိုးကိုမ ရိုက်ခဲ့ဘူးကြပါ။ ကျွန်တော်က အားလုံးဖြစ်နိုင်သည်ဟု ဆိုပါသည်။ တယ်လီဖုန်းဆက်လိုက်သည်နှင့် နိုင်ငံတိုင်းကို ပျံ့နှံ့သွား ပါမည်ဟုဆိုသည်။ ဒေါက်တာဒေးဗစ်ကလည်းမေးပါသည်။ "(၇)တန်းဘဲအောင်ပြီးတော့ သဒ္ဒါကျောင်းမှာသာနေခဲ့ရတဲ့ မင်းလိုလူက ဘုရင်များနဲ့ကေရာဇ်ကြီးတွေအ တွက် ဆုတောင်းပေးပြီး နိုးကြားရေးတွေကို နိုင်ငံနဲ့အဝှမ်းမှာ စတင်မယ်ဆိုတာ ဟုတ်ရဲ့လား။" ကျွန်တော်ကလည်း "ကိုယ်တော်ရှင်လည်း ဒီအတိုင်းဘဲပြောကြတာပါဘဲ" ဖြစ်ပျက်ခဲ့ပါပြီ။ သူကအနက် ဖွင့်ဆိုခြင်း ဘာမှမလိုအပ်ပါ။ သူဆောင်ရွက်နိုင်ခဲ့ပြီ ဖြစ်ပါသည်။ မိမိဖာသာ အနက်ဖွင့်ဆိုခဲ့ပြီဖြစ်ပါသည်။ သူရွေးချယ်ထား သောသူများကိုခေါ်၍ ဘဝမျိုးစုံထဲမှ ရွေးချယ်ပါသည်။ ယခုအခါပေါ်လွင်လာ ပြီဖြစ်ပါသည်။

110 ၁၁၀။ ဒါဝိဒ်ကလေးမှာ လူငယ်ကလေးသာဖြစ်၍ လေးဂွကိုင်ပြီး ကြောကုန်းကုန်း နှင့် လူကလေးသာ ဖြစ်ပါသည်။ ရှောလု တည်းဟူသော ရှင်ဘုရင်ကြီးက သူ့ကို ကြည့်၍ ဘာစစ်သင်တန်းမှ တက်ထားသူကလေးမဟုတ်ပါ။ မင်းကိုငါ **Ph.D** ဘွဲ့ပေး ရအုန်းမယ်။ ဤစစ်ဝတ်တန်ဆာကို ဝတ်ဆင်ပေးပြီး ဘုရားသခင်ရွေးချယ်သောသူနှင့် ကိုက်ညီမှုရှိမရှိ ရှာဖွေစစ်ဆေးကြည့်ပါ။

စစ်ဝတ်တန်ဆာကို ချွတ်လိုက်ပါ။ အဲဒါနဲ့ပတ်သက်ပြီး ကျွန်တော်ဘာမှ မသိပါ။ ကျွန်တော်သွားတတ်သလို သွားပါရစေ။ ခြင်္သေ့ကြီးနဲ့ဝက်ဝံကြီးကိုလည်း ကျွန်တော်လေးခွနဲ့ဘဲ တိုက်ခိုက်ခဲ့ပါတယ်။ ဟုဒါဝိတ်ကလေးကဆိုသည်။ သူက သစ်ခုတ်သမားကဲ့သို့ ဖြစ်သည်။ "ဒီလမ်းအတိုင်းသွားပါရစေ" ဟုဆိုသည်။

၎င်းနောက် ဤဂေါလျာက်အိုကြီးက ပြောပါသည်။ "မင်းတို့က ခွေးလွတ်ပြီး ငါ့ကို တိုက်ခိုက်စေတာလား?" ဟူ၍ဖြစ်သည်။ "ငါ၏လှံတံအဖျားတွင် သင့်ကို ထိုးဖောက်၍ သင်၏အသေကောင်သားရေကို ထိုနေရာတွင် ချိတ်ဆွဲပြီးငှက်စာ ဖြစ်လိမ့် မည်။" ဟုဆိုပါသည်။

ဒါဝိဒ်မင်းကြီးကလည်း ဆိုပါသည်။ "သင်သည် ကျွန်ုပ်ကိုဖိလိပ္ပိကဲ့သို့ရင်ဆိုင်ပါသည်။ အကာအကွယ်ဒိုင်းလွှားနှင့် လှံတံအားဖြင့် ဖြစ်ပါသည်။ ငါသည်လည်း ဣသရေလဘုရား၏ နာမတော်မြတ်၌ ရင်ဆိုင်ပါသည်။" ပရောဖက်ကို ကြည့်ပါ။ ဒါဝိဒ်၏အဆိုမှာ "ယနေ့သင်၏ဦးခေါင်းကို သင်၏ပုခုံးများပေါ်မှ ငါဖြတ်တောက်ပစ်လိုက်မည်။" ဟုဆိုထားပါသည်။ အာမင်၊ သူ့တွင်ဘာရှိနေ ကြောင်း သူသိပါသည်။ သူမည်သူ့ကို ယုံကြည်ခဲ့ကြောင်း သူ၏ဂတိအတိုင်း သူကပြည့်ပြည့်ဝဝ တိုက်တွန်းလိုကြောင်းကို ဖော်ပြပါသည်။ ထို့ကြောင့်ဘယ်လိုဘဲဖြစ်ဖြစ် ဖြစ်ပေါ်လာရပါတော့သည်။

ရှေးစာဆိုရှိခဲ့ပါသည်။ "အံ့ဘွယ်နိမိတ်လက္ခဏာများ ပြသရမည့်အချိန် ကုန်ဆုံးပေပြီ။" နံရံများပြိုကျခဲ့ပါပြီ။ ယေဟောဝါဘုရား သခင်မှာ မြင်ကွင်းတွင် ပြည့်ပြည့်ဝဝ ပေါ်ထွက်လာပါသည်။ သူ၏နှုတ်ကပတ်တော်ကို ပေါ်လွင်ထင် ရှားစွာ ပြသပါသည်။ ကိုယ်တော်ရှင်ကို ကန့်လန့်ကာဖွင့်ပြလိုက်ပါသည်။

111 ၁၁၁။ တစ်ပါးအမျိုးသားအသင်းတော်မှာ ကန့်လန့်ကာမှ ပုန်းကွယ်ခြင်းခံရပါသည်။ ဆုတ်ဖြဲခြင်းခံရ၍ ဘုရားသခင်ကိုပြ သခြင်း ခံရပါသည်။ ဘာသာရေး ဆိုင်ရာကန့်လန့်ကာပင် ဖြစ်ပါသည်။ မည်ကဲ့သို့နည်း? နှုတ်ကပတ်တော်ကို ကန့်လန့်ကာ ခြင်းအားဖြင့် လူသားအားဖြင့် ဖုံးအုပ်ခြင်းပင် ဖြစ်ပါသည်။ အချို့သောကောင်းကင်တမန် သို့မဟုတ် တစ်စုံတစ်ရာအားဖြင့် ဣသရေလမှာ၎င်း

ကိုယုံကြည်လာပါမည်။ ... ၎င်းသည် ကောင်းကင်တမန်မဖြစ်နိုင်ပါ။ လူသား ပင် ဖြစ်ရပါမည်။ အာမင်။ ဘုရားသခင်သည် သူ၏နှုတ်ကပတ်တော်ကို မ ချိုးဖျက်နိုင်ခဲ့ပါ။ နောက်ဆုံးသောနေ့ရက်များတွင်လည်း အလားတူပင် တစ် ဖန် ဖြစ်လာပြန်သည်။ ဣသရေလနိုင်ငံကို အဘယ်အရာကမျက်စိကွယ်စေ ပါသနည်း? ထိုသူပင်ဖြစ်ပါသည်။ "သင်သည်မိမိကိုယ်ကို ဘုရားဖြစ်စေရန် လုပ်သောသူပင် ဖြစ်ပါသည်။ ထို့ကြောင့် ကိုယ်တော်ကိုသတ်ကြခြင်းပင် ဖြစ်ပါ သည်။ ယနေ့လည်း သတင်းစကားမှာ လူအားဖြင့်ရောက်လာခြင်းပင် ဖြစ်ပါသည်။ ကောင်းကင်တမန်များအားဖြင့် မဟုတ်ပါ။ ဘုရားသခင်က သူ၏နည်း လမ်းကိုလည်း မပြောင်းနိုင်ပါ။ သူသည်ပြောင်းလဲခြင်းမရှိဟု ဆိုပါသည်။ သောမနှင့်တစ်ပါး အမျိုးသားများမှာ ဣသရေလကဲ့သို့ယနေ့လည်း မျက်စိကွယ်ကြရပါသည်။ အဘယ်ကြောင့် ဖြစ်ပါသနည်း? ကန့်လန့်ကာ ကြောင့် ဖြစ်ပါသည်။ ဘုရားသခင်မှာ လူသားအားဖြင့် ဖုံးကွယ်ခြင်းကို ခံရပါသည်။ ဣသရေလမှာ မျက်စိကွယ် ရပါသည်။ ....တစ်ဦးမှာ မျက်စိကွယ်၍အခြား တစ်ဦးမှာလည်း ဖော်ပြခြင်းခံရပါသည်။ သမ္မာတရားကို ဖော်ပြခြင်းပင် ဖြစ်ပါသည်။ အချို့သောသူများ၏ မျက်စိများကိုပိတ်ပြီး အခြားသူများ၏ မျက်စိများ ကိုဖွင့်ပါမည်။

112 ၁၁၂။ သခင်ယေရှုကရပ်၍ ပြောပါသည်။ "သင်၏အမည်မှာ ရှိမုန်ဖြစ်၍ သင့်ဖခင်၏အမည်မှာ ယောနဖြစ်ပါသည်။" ကိုယ်တော်ရှင်က ပြောပါသည်။ "အရှင်ဘုရား" ဟူ၍ဖြစ်ပါသည်။ ဖိလိပ္ပုကလည်း ပြောသည်။ "သင်မည်ကဲ့သို့သိသနည်း? ကိုယ်တော်ရှင်က ပြောပါသည်။ "ဣသရေလ သင့်အထဲမှာဘာကောက် ကျစ်စဉ်းလဲမှုမှ မရှိပါ။" သူကလည်းပြောပါသည်။ "ရဗ္ဗိ ကိုယ်တော် ကျွန်တော့်ကို ဘယ်အချိန်က သိပါသနည်း?"

ကိုယ်တော်ရှင်က "ဖိလိပ္ပုသင့်ကိုမခေါ်မှီ သင်သစ်ပင်အောက်တွင် ရှိနေစဉ် ကျွန်ုပ်သင့်ကို တွေ့ရသည်" ဟုဆိုပါသည်။ သူကလည်း "ရဗ္ဗိ ကိုယ်တော်သည် ဘုရားသားတော် ဖြစ်ပါသည်။ ကိုယ်တော်သည် ဣသရေလဘုရင်ဖြစ်သည်။" ဟုဆိုပါသည်။

သို့သော်လည်း ထိုနေရာမှာ ရပ်နေသူများက "သူသည်ဗေလဇေဗုလ ဖြစ်သည်။" ဟု ဆိုကြသည်။ ၎င်းက ဘာလုပ်ပါသ နည်း? တစ်ဦး၏မျက်စိများကို တစ်ဦးကဖွင့်၍ တစ်ဦး၏မျက်စိများကို ကွယ်စေပါသည်။ ယဇ်ပရောဟိတ်များက ဘာပြောကြပါသနည်း? "ထိုသူသည် ဗေလဇေဗုလပင် ဖြစ်သည်" ဟုဆိုကြပါသည်။

113 ၁၁၃။ အမျိုးသမီးငယ်က ဆိုသည်မှာ "မေရှိယကြွလာတော့မည်ကို ကျမသိပါသည်။ ဘိသိတ်ခံရသောသူဟုလည်း ခေါ်ဆို ခြင်းခံကြရပါသည်။ ဘိသိတ်ခံရသောသူ ကြွလာတော်မူမည်။ ကျွန်ုပ်တို့မှာ ပရောဖက်များမရှိပါ။ ... ကိုယ်တော်သာလျှင် ပရောဖက် ဖြစ်ရပါမည်။ သို့သော်လည်း ဘိသိတ်ခံရသောသူ ကြွလာတော်မူပါမည်။ ကျွန်ုပ်တို့ကိုယ်တော်ကို စောင့်မျှော် နေပါသည်။ ဤနေ့ရက်များသည် တစ်ပါးအမျိုးသားများအတွက် နောက်ဆုံးသောနေ့ရက်များပင် ဖြစ်ပါသည်။ ...သို့မဟုတ်ပါ က ယုဒတို့အတွက်ဖြစ်ပါသည်။" ဤအချိန်သည် ကိုယ်တော်ရှင်ကြွလာတော်မူမည့်အချိန်ပင် ဖြစ်ပါသည်။ ကိုယ်တော်ရှင်ကြွ လာတော်မူသည့်အချိန်တွင် ကိုယ်တော်သည် ဤအရာများကို ပြုလုပ်ပါမည်။ ကျွန်ုပ်တို့အား ဤအရာများကို ပြောပြပါမည်။ ကိုယ်တော်ရှင်က "ငါသည် ထိုသူပင် ဖြစ်သည်" ဟုဆိုသည်။

သူမ၏မျက်လုံးများ ပွင့်လာသည်။ ဟဇ်ပရောဖက်များမှာ မျက်စိကွယ်လျက် ရှိနေပါသည်။ ဧဝံဂေလိတရားမှာ အမြဲတမ်း ထိုသို့ပင် ဖြစ်ပါသည်။ အချို့သော သူများ၏ မျက်လုံးများကို ပွင့်စေ၍ အချို့သောသူများအတွက် သမ္မာတရားကို ဖွင့်ပြသည်။ ထိုအချိန်တွင် အခြားသောသူများ၏ မျက်လုံးများကို ကွယ်စေပါ သည်။ အဓိပ္ပါယ်နှစ်မျိုး ရှိနေပါသည်။ အချို့သောသူများက နေကိုတည့်တည့်ကြည့်ပြီး မျက်စိကွယ်သွားကြသည်။ အချို့သောသူများက ယူဆောင်၍ ၎င်းနှင့် အတူလျှောက်ထွက် လာနိုင်သည်။ ကွာခြားမှုရှိပါသည်။

114 ၁၁၄။ ခေတ်ကာလတိုင်းတွင် ဖြစ်ပျက်ခဲ့သကဲ့သို့ဘုရားသခင်မှာ လူသားဇာတိဖြင့် ဖုံးကွယ်လျက်ရှိပါသည်။ သတိပြုရမည့် အချက်မှာ ကိုယ်တော်ရှင် ပြုလုပ်ခဲ့သကဲ့သို့ပရောဖက်များမှာ ဘုရားဖြစ်၍ ဖုန်းကွယ်ခြင်းခံနေကြရပါသည်။ သူတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်၍ (မှန်ပါသလား?) လူဇာတိ ဖြင့် ဖုံးကွယ်နေပါသည်။ သူတို့သည် ကျွန်ုပ်တို့၏မောရှေကို သတိပြုမိသကဲ့သို့ယေရှုကိုလည်း မမြင်ကြပါ။

ဗိမာန်တော်အဟောင်းထဲတွင် သားရေကန့်လန့်ကာ နောက်ကွယ်တွင် နှုတ်ကပတ်တော်ရှိပါသည်။ နှုတ်ကပတ်တော်မှာ ကျောက်ပြားပေါ်တွင် ရေးထွင်းထားခြင်းပင် ဖြစ်ပါသည်။

115 ၁၁၅။ မိနစ်(၂၀)အတွင်း ကျွန်တော်ပြီးသွားအောင် ပြုလုပ်ပါမည်။ (၁၁)နာရီခွဲ အချိန်တွင် ပြုလုပ်ပါမည်။ ခင်ဗျားတို့ သတိထားမိကြပါမည်။ ကျွန်တော် စာမျက်နှာတချို့ လှန်လိုက်ပါမည်။ အလွန်ရှည်လျားခြင်းကို ဖြတ်တောက်ပစ်လိုက်ရန် ဖြစ်ပါသည်။ ခင်ဗျားတို့ပူအိုက်၍ မောပန်းနေကြပါပြီ။

116 ၁၁၆။ ဗိမာန်တော်ဟောင်းကြီး၏ ကန့်လန့်ကာနောက်ကွယ်တွင် ဘာရှိပါသနည်း? ယေဟောဝါဆိုသည်မှာ အဘယ်နည်း? နောက်ကွယ်တွင် ဘာပုန်းကွယ် နေပါသနည်း? ကန့်လန့်ကာက ဘာကိုဖုံးကွယ်ထားသနည်း? နှုတ်ကပတ်တော်ကို ဖုံးကွယ် ထားခြင်း ဖြစ်ပါသည်။ ကန့်လန့်ကာ (သားရေဟောင်း)က နှုတ်ကပတ်တော်ကို သူတို့၏သဘာဝမျက်လုံးများမှ နှုတ်ကပတ် တော်ကို ဖုံးကွယ်ထားခြင်း ဖြစ်ပါသည်။ ၎င်းနောက်ကွယ်တွင် ရှေ့တော်မုန့်လည်း ရှိပါသည်။ ရှတီနဘုန်းတော်လည်း ရှိသည်။ အားလုံးသူတို့ထံမှ ဖုံးကွယ်ခြင်းခံရပါ သည်။ အားလုံး ဖုံးကွယ်ခံနေရပါသည်။ ဘုရားရှင်၏ဘုန်းတော်အားလုံးမှာ သားရေဟောင်း၏ နောက်ကွယ်တွင် ရောက်နေပါသည်။ သဘာဝသာမန်မျက် လုံးများက မမြင်ကြရပါ။

ယနေ့လည်း ထိုနည်း၎င်းပင် ဖြစ်ပါသည်။ "၎င်းတို့ကို တစ်ဖက်စွန်း ရောက် ဘာသာရေး ကခုန်သူများ" ဟုခေါ်ကြပါသည်။ သို့သော်လည်း သူတို့မှာ ထိုအရာ၏နောက်ကွယ်တွင် ဘာရှိနေသည်ကို မသိကြပါ။ မှန်ပါသည်။ သူတို့မသိကြပါ။ မှန်ပါသည်။ သူတို့မသိကြပါ။

117 ၁၁၇။ ဘုရားသခင်မှာ ဂရုဏာတော်ထဲ၌ သူတို့မြင်ကြရန်အတွက် ကန့်လန့်ကာကို ဆုတ်ဖြဲလိုက်သောအခါ သူတို့မှာ သူတို့၏အစဉ်အလာအားဖြင့် ရစ်ပတ်ခြင်း ခံရလျှက်ရှိပါသည်။ ... ယနေ့ထက်တိုင် သူတို့ထံမှ ဖုန်းကွယ်ခြင်းခံနေရဆဲ ဖြစ်ပါသည်။

ယခုလည်း အလားတူပင်ဖြစ်ပါသည်။ ဘုန်းတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုး၊ Shekinah ဘုန်းတော်ဖြစ်၍ ယုံကြည်သူ အပေါ် ယခုသက်ရောက်သော တန်ခိုးဖြစ်ပါသည်။ (စစ်မှန်သောယုံကြည်သူကို ကျွန်တော်ဆိုလိုခြင်း ဖြစ်ပါ သည်။) ဘုရားသခင်၏အလုပ်များကို ဖြစ်ပေါ်စေ၍ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ယုံကြည်လာစေရန် ယုံကြည်ခြင်း ရှိလာစေရန်ပင် ဖြစ်ပါသည်။ သူတို့၏မျက်လုံးများက မမြင်ရဘဲ သူတို့က "ထိုအရာများအားလုံး ကျော်ဖြတ်သွားပြီ" ဟုဆိုပါသည်။ သူတို့သည် ကန့်လန့်ကာနောက်ကွယ်တွင် ရှိနေဆဲဖြစ်ပါသည်။ သင်သည် ထိုကန့်လန့်ကာနောက်ကွယ်တွင် မဟုတ်တော့ပါ။ ကလေးငယ်တို့ ဘုရားသခင်သည် သင်တို့မြင်ကွင်းတည့်တည့်တွင် ပြည့်ပြည့်ဝဝ ပေါ်လွင်လျှက် ရှိနေပါ သည်။

118 ၁၁၈။ တနေ့က Brother Fred Sothmann နှင့် Brother Tom Simpson (သူဒီနေရာကို ရောက်ခဲ့ဘူးခြင်းရှိမရှိ ကျွန်တော် မသိပါ။) ကျွန်တော်တို့အများစုမှာ နှစ်ခြင်းအသင်းတော်သို့ရောက်နေကြပါသည်။ တရားဟောဆရာကလည်း အလွန် ကောင်းမွန်သော တရားဟောချက်ကို ကျွန်တော်တို့အားလုံးအား ဟောပြောပါသည်။" အာမင်၊ ဘုရားကျောင်းထဲတွင် ရှိသူများအားလုံး လည်ပင်းဆန့်၍ လှည့်ပတ်ကြည့်ရှု ကြပါသည်။ Shekinah ဘုန်းတော်၏နောက်ကွယ်မှ အသေး အဖွဲ့က လေးကို ကျွန်တော်တို့တွေ့ကြရပါသည်။ ကျွန်တော်တို့ ရရှိသည့်အတွက်လည်း ဝမ်းသာပါသည်။ တနည်းအားဖြင့်ဆိုသော် "ကျေးဇူးတင်ပါတယ် ကိုယ်တော်" ဟုကျွန်တော်တို့ဆိုကြပါသည်။ ဤသူများက ကျွန်တော်တို့အား ကန့်လန့်ကာဖြင့် ဖုံးကွယ်၍ ကျွန်တော်တို့ကိုကြည့်၍ ရယ်မောကြပါသည်။ ထိုအရာများ အားလုံးမှာ ဘာဖြစ်ကြောင်း သူတို့မသိကြပါ။ သူတို့မှာ ဖုံးအုပ်ခြင်းခံနေရဆဲ ဖြစ်ပါသည်။ အချို့မှာ အတွင်း၌ဖြစ်ပြီး အချို့မှာအပြင်၌ ရပ်နေကြပါသည်။ ထို့နောက် ....

119 ၁၁၉။ သို့သော်လည်း ဘုရားသခင်မှာ ကျွန်ုပ်တို့၏မြင်ကွင်း အပြည့်အစုံတွင် ပုန်းကွယ်လျှက်ရှိပါသည်။ ယခုလည်း ထိုနည်းငှင်းပင်ဖြစ်ပါသည်။ ဘုရားသခင် သည် သူ၏ဂရုဏာတော်၌ ကန့်လန့်ကာကို ဆုတ်ဖြဲလိုက်သောအခါ သူအား ထင်ရှားစွာ မြင်ရပါတော့သည်။ သူတို့မှာ သူတို့၏အစဉ်အလာများဖြင့် ကြီးမားစွာ ရစ်ပတ်နှောင်ဖွဲ့လျှက် ရှိပါသည်။ ကိုယ်တော်ရှင်သည် သူတို့ထံမှ ဖုံးကွယ်ခံ နေရဆဲဖြစ်ပါသည်။ ထိုဘုန်းတော်များအားလုံးမှာ ဖုံးကွယ်နေလျှက်ရှိပြီး ခရစ် တော်၌ ဖုံးကွယ်ခံနေရခြင်း၊ နှုတ်ကပတ်တော်မှ ဖုံးကွယ်ခံနေရခြင်းဖြစ်၍ ကျွန်ုပ်တို့၏ဗိမာန်တော်ထဲ၌ ရှိနေသူဘုရားသခင်ပင် ဖြစ်ပါသည်။

ဤအတွင်းထဲသို့ကျွန်တော်အနည်းငယ် တူးသွားရပါသည်။ ယနေ့မနက် ကျွန်တော်၏စိတ်လှုပ်ရှားမှုများအတွက် ခွင့်လွှတ် တော်မူပါ။ ဤအကြောင်းကို ပြောပြရန်အတွက် ကျွန်တော်ဆန္ဒရှိနေသည်မှာ ကြာပြီဖြစ်ပါသည်။... ကျွန်တော်ကို အတွင်း ထဲမှ ချည်နှောင်ထားသကဲ့သို့ ဖြစ်နေပါသည်။

120 ၁၂၀။ ဘုရားသခင်အတွင်း၌ရှိသော ဘုန်းတော်အားလုံးတို့သည် နှုတ်ကပတ်တော်ထဲ၌ ရှိပါသည်။ ဘုရားသခင်အတွင်း၌ ရှိသော ကောင်းကြီးများအားလုံး သည် နှုတ်ကပတ်တော်ထဲ၌ ရှိပါသည်။ သို့သော်လည်း ၎င်းတို့အားလုံးမှာ ခရစ်တော်ထဲ၌ ရှိပါသည်။ ဘုရားသခင်ဖြစ်သမျှအားလုံးသည် မိမိကိုယ်မိမိ ငြင်းပယ်တော်မူ၍ (kenos) ခရစ်တော်အတွင်းသို့ဝင်ရောက်လာ ပါသည်။ ကျွန်ုပ်တို့မှာလည်း ခရစ်တော်အထဲသို့ဝင်ရောက်ခြင်း (သို့) ကန့်လန့်ကာ နောက်ကွယ်သို့ရောက်သွားရပါတော့ သည်။

"ငါသည် ခရစ်တော်အထဲသို့ဝင်ရမည်" ဟုသင်က ဆိုပါသည်။ ၎င်းနောက် ဘုရား(၃)ပါးရှိသည်ဟု ယုံကြည်ကြပါမည်လား? ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်နာမတော်မြတ်၌ ဗတ္တိဇံခံမည်လော? ဤအစဉ်အလာများကို ဆက်လက်၍ ယုံကြည်ကြပါမည်လား? သင်သည် ကန့်လန့်ကာ နောက်ကွယ်တွင် ရှိနေဆဲဖြစ်ပါသည်။ ကန့်လန့်ကာထဲသို့ဝင်လာပါ။ ခရစ်တော်သည် နှုတ်ကပတ်တော်ဖြစ်ပါသည်။ မည်သို့ဖြစ်ပါသနည်း?

"ဘုရားသခင်၏ အနာရောဂါငြိမ်းစေခြင်းကို ကျွန်တော် အယုံအကြည်မရှိပါ။ အံ့သြဘွယ် နိမိတ်လက္ခဏာများနှင့် ထိုကဲ့သို့ သောအရာများကို ကျွန်တော် အယုံအကြည်မရှိပါ။"

သင်သည် အတွင်းထဲ၌မရှိပါ။ ကန့်လန့်ကာအတွင်း၌ မရှိပါ။ သင်သည် ၎င်းနှင့်ပတ်သက်သည့် အကြောင်းအရာကို ဘာမှမသိ ပါ။ ခရစ်တော်သည် နှုတ်ကပတ်တော်ပင် ဖြစ်ပါသည်။ ကျွန်တော်တို့သည် နှုတ်ကပတ်တော်ထဲ၌ရှိလျှင် ခရစ်တော်ထဲ၌ လည်း ရှိပါသည်။ ခရစ်တော်ကိုငြင်းပယ်ပြီး ကျွန်တော် တို့မှာ မည်သို့ခရစ်တော်ထဲ၌ ရှိနိုင်ပါမည်နည်း။ ကိုယ်တော်ရှင်ကပင် "သမ္မာကျမ်းစာကို အက္ခရာဗိန္ဒုတစ်လုံးမှ ထပ်မံပေါင်းထည့်ခြင်း၊ ထုတ်ယူခြင်းကိုမပြုလုပ်ရ" ဟု ဆိုထားပါသည်။ သင်မည်ကဲ့ သို့ နှုတ်ယူခြင်း၊ ပေါင်းထည့်ခြင်းကို ပြုလုပ်မည်နည်း? ဘာကန့်လန့်ကာမျိုးက သင့်အားဖုံးကွယ်ထားကြောင်း၊ သင့်အားပြသ ရန်ပင် ဖြစ်ပါသည်။

121 ၁၂၁။ ကျွန်ုပ်တို့သည် ကိုယ်တော်ရှင်၌ရှိပါသည်။ ကိုယ်တော်ရှင်၌ ကျွန်ုပ်တို့ရှိ သောကြောင့် ကျွန်ုပ်တို့မှာ ဘာသာရေးဆရာ များနှင့် ကမ္ဘာ့ပါမောက္ခကြီးများ၏ ဖုံးကွယ်ခြင်းကို ခံနေကြရဆဲဖြစ်ပါသည်။ ကျွန်ုပ်တို့၌ရှိသော ဘုန်းတော်နှင့် ခံစားနေရသော အရာများမှာ ပြင်ပရှိလူများအတွက် ကန့်လန့်ဖုံးကွယ်ခြင်းခံ နေရဆဲပင် ဖြစ်ပါသည်။ သူတို့၏ထင်မြင်ယူဆချက်များမှာ "ငကြောင်များ၊ ဦးနှောက်ချောင်နေသူများ" ဟု ကျွန်ုပ်တို့အား ထင်မြင်ယူဆကြပါသည်။ မှန်ပါသည်။ သို့သော်လည်း ဤနေရာမှာရှိသော ကျွန်ုပ်တို့မှာ ခရစ်တော်၌ရှိလျှင် ကိုယ်တော်ရှင်အထဲသို့ဗတ္တိဇံခံထားခြင်းဖြစ်သည်။ (၁ကော ၁၂) ဤဘုန်း တော်ကို ကျွန်ုပ်တို့အတူတကွ ခံစားခွင့်ရှိပါသည်။ သို့သော်လည်း အပြင်ပိုင်းတွင် မဟုတ်ဘဲ သင်သည် အတွင်း ပိုင်းသို့ကြည့်နေဆဲပင် ဖြစ်ပါသည်။ ငြင်းပယ် နေဆဲပင်ဖြစ်ပါသည်။

ယခုအခါတွင် ကျွန်ုပ်တို့မှာ ကိုယ်တော်ရှင်အထဲသို့ဖိတ်ခေါ်ခြင်းခံရပါသည်။ ကိုယ်တော်ရှင်အထဲ၌ ရှိသမျှအားလုံးကို မျှဝေခံ

စားရန်အတွက်ပင် ဖြစ်ပါသည်။ လူသားဇာတိဖြင့် ဖုံးအုပ်ထားသော ကန့်လန့်ကာဖြင့် မယုံကြည်သူများအား ဖုံးကွယ်ထား သော ကန့်လန့်ကာတည်းဟူသော ကိုယ်တော်ရှင်အထဲသို့ခေါ်ဘိတ်ခြင်း ခံရပါသည်။ သူတို့သည် ထိုဘုန်းတော်ကို သိကြပါ သည်။ ဖတ်ကြရပါသည်။ နှုတ်ကပတ်တော်အတွင်း၌ဖြစ်၍ ဘုရားဘုန်းတော်ဖြစ်ပြီး သူတို့အတွက် နှုတ်ကပတ်တော်ဖြစ်ပါ သည်။ ကျွန်ုပ်တို့အတွက်မှာမူ ဖေါ်ပြခြင်းပင် ဖြစ်ပါသည်။ ၎င်းအရာသည် နှုတ်ကပတ်တော်ထက်မပိုပါ။ အမှန်အကန်ပင် ဖြစ်ပါသည်။ အာမင်၊

ဘုရားသခင်က "အလင်းဖြစ်စေ" ဟုဆိုသောအခါ ထိုသို့ပြောခြင်းမှာ နှုတ်ကပတ်တော်ပင် ဖြစ်ပါသည်။ သို့သော်လည်း အလင်းဖြစ်လာပါသည်။ နှုတ်ကပတ်တော်မဟုတ်ဘဲ အလင်းဖြစ်လာပါသည်။ ကျွန်တော် ဘာကိုဆိုလိုသည်ကို သဘော ပေါက်ပါသလား?

122 ၁၂၂။ ကျွန်တော်တို့အတွက်မူ ရေးသားထားသောနှုတ်ကပတ်တော် သက်သက်မဟုတ်ပါ။ တစ်ကယ့်အမှန်တရားပင် ဖြစ်ပါသည်။ ကျွန်တော်တို့သည် ကိုယ်တော်အထဲ၌ ရှိပါသည်။ ယခုအခါတွင် ကျွန်တော်တို့သည် ကိုယ်တော်ရှင်ကို နှစ်သက်ပါသည်။ ကိုယ်တော်ကို ချီးမြှောက်ပါသည်။ ကိုယ်တော်ကို တွေ့မြင်ကြပါသည်။ (နှုတ်ကပတ်တော်) ကိုယ်တော်ရှင် သည် မိမိကိုယ်ကို ဖေါ်ပြလျှက်ရှိပါသည်။ ၎င်းသည် ထိုနေရာတွင် ဖုံးကွယ်လျှက်ရှိပါသည်။ အကြောင်းမှာ (အဘယ်ကြောင့် နည်း?) ကိုယ်တော်ရှင်သည် လူသားဇာတိအတွင်း၌ ဖုံးကွယ် နေသောကြောင့် ဖြစ်ပါသည်။

သူတို့ကဆိုကြသည်မှာ "အဲဒီလူအုပ်စု ဘယ်မှာကျောင်းတက်ကြတာလဲ? သူတို့မှာ ဘာပညာရေးရှိပါသလဲ? သူတို့ဘယ်က လာကြပါသနည်း? သူတို့ဘယ် အုပ်စုနှင့်ဆိုင်ပါသလဲ? သူတို့မရရှိကြောင်း သိရပါသည်။"

လူတစ်ဦးက အခြားတစ်ဦးကို အခြားရက်တစ်ရက်က ပြောပါသည်။ "ခင်ဗျား ခရစ်ယာန်တစ်ဦးဖြစ်စေရန်အတွက် ဂိုဏ်းဂဏ တစ်ခုတွင် ပါဝင်ရမည်" ဟု ဆိုပါသည်။

သူက "ကျွန်တော်က ခရစ်ယာန်ဖြစ်ပါတယ်။ ကျွန်တော် ဘယ်ဂိုဏ်းဂဏမှာမှ မပါဝင်ပါဘူး။" ဟုဆိုသည်။ "ဘုရားသခင်က ဒီကင်ဆာရောဂါကို ကျွန်တော်အထဲက ထုတ်ယူပစ်ပါ။ အဲဒါနဲ့ပတ်သက်ပြီး ခင်ဗျားဘာထင်သလဲ?" ဟုမေးသည်။ ၎င်းသည် ဆရာဝန်ဖြစ်ပါသည်။ သူက "ဂိုဏ်းဂဏတွေလုပ်နေ တဲ့အကြောင်းကို ကျွန်တော့်ကိုပြပါ" ဟုဆိုသည်။

123 ၁၂၃။ ၎င်းသည် ဖုံးအုပ်ထားခြင်း ခံနေရဆဲဖြစ်ပါသည်။ ကျွန်တော်တို့မှာ ခရစ်တော်အတွင်း၌ ရောက်နေပြီဖြစ်ပါသည်။ စစ်မှန်သော ယုံကြည်သူများက ကိုယ်တော်ရှင်ကို တွေ့မြင်ကြရပါသည်။ ဤနေ့ရက်ကာလ၏ နှုတ်ကပတ်တော် ဂတိမှာ ပွင့်လင်းစွာပင် ဖေါ်ပြခြင်းခံရလျှက်ပင် ရှိပါသည်။ သင်ရရှိနိုင်ပါက ထိုစကားလုံးမှာ ကြီးမားသောစကားလုံးပင် ဖြစ်ပါသည်။ နှုတ်ကပတ် တော်၌ရှိသော ယုံကြည်သူအစစ်အမှန်များမှာ ဘုရားသခင်ကို ပေါ်လွင်စွာတွေ့ရပါသည်။ ကန့်လန့်ကာမှာ ဆုတ်ဖြဲခြင်းခံရပါ သည်။ ဘုရားသခင်က သင့်ရှေ့မှာ ထင်ရှားစွာရပ်တည်လျှက် ရှိနေပါသည်။ ဖေါ်ပြခြင်းခံနေရပါသည်။ ဘုရားသခင်မှာ ပွင့်လင်းစွာ ဖေါ်ပြခြင်း ခံရပါသည်။

ဤကဲ့သို့ပြုလုပ်နိုင်ရန်အတွက် ကျွန်ုပ်တို့၏အစဉ်အလာ ဂိုဏ်းဂဏဆိုင်ရာကန့်လန့်ကာကို တစ်ဖန်ထပ်၍ ဆုတ်ဖြဲခြင်းခံရပါ သည်။ မည်သည့်အရာဖြစ် ကြောင်း သေသေချာချာသိစေရန်အတွက် ထိုအထဲမှ ထွက်လာရပါမည်။ အချိန်တိုင်း သူတို့အား ကန့်လန့်ကာကို သင်တို့ရှေ့တွင် ဆွဲစေပါသည်။ "ထိုကိစ္စ နှင့်ပတ်သက်၍ ဘာမှမဟုတ်ပါ" သို့သော်လည်း ဤနေရာတွင် ရေးသားထား ခြင်းရှိပါသည်။ ဤနေရာတွင် ဖေါ်ပြရန်ပြုလုပ်ခြင်းပင် ဖြစ်ပါသည်။

124 ၁၂၄။ လူတစ်ဦးက နေကိုကြည့်ရန်အတွက် ငြင်းဆိုပါက "ဘုရားသခင်က အလင်းဖြစ်စေ။" ဟုဆိုကြောင်း ကျွန်တော်သိပါ သည်။ ဒါပေမဲ့ မြေကြီးအောက်ထဲ သွားတဲ့အခါမှာ ကျွန်တော်မတွေ့ရတော့ပါဘူး။" ဟုဆိုလျှင် ထိုသူမှာ ငကြောင်ပင် ဖြစ်ပါသည်။ သူသည် တစ်ခုခုဖြစ်နေသူ ဖြစ်ပါသည်။

အမျိုးသားတစ်ဦး(သို့) အမျိုးသမီးနှင့်ပတ်သက်၍ တစ်စုံတစ်ခုပြောစရာ ဖြစ်ပါသည်။ ဘုရားသခင်၏ဂတိတော်ကို တွေ့မြင် ရပြီး ဖေါ်ပြခြင်းခံရသည်ကို လည်း တွေ့ရပါသည်။ ၎င်းကို ယုံကြည်ရန်လည်း ငြင်းပယ်ခြင်း ခံရပါသည်။ အကြောင်းမှာ ဂိုဏ်းဂဏများက ကန့်လန့်ကာကိုဆွဲချလိုက်သောကြောင့် ဖြစ်ပါသည်။ ဖုံးကွယ်ခြင်းခံရသည်ကို တွေ့ရပါသည်။

125 ၁၂၅။ ဤကဲ့သို့ပြုလုပ်နိုင်ရန်အတွက် ကျွန်ုပ်တို့၏ဂိုဏ်းဂဏ အစဉ်အလာကန့် လန့်ကာများကို ချိုးဖျက်ပစ်ရပါမည်။ ဘုရားသခင်၏မီးနှင့်ဓါးတည်းဟူသော ဝိညာဉ်အားဖြင့် ဖြစ်ပါသည်။ ကိုယ်တော်ရှင်၏နှုတ်ကပတ်တော်ပင် ဖြစ်ပါသည်။ သူ၏နှုတ်ကပတ်တော်မှာ အမြဲတမ်းပင် သူ၏ဓါးပင်ဖြစ်ပါသည်။ ထိုနေ့က သူသည် သူ၏ဓါးကိုယူ၍ ထိုဓါးမှာမီးနှင့်ပြည့်လျှက် ရှိပါသည်။ ထိုကန့်လန့်ကာကို ခွဲချလိုက်ပြီး ဘုရားသခင်မှာ မြင်ကွင်းတွင် ထင်ထင်ရှားရှားပေါ်လွင် နေပါသည်။ ကိုယ်တော် ရှင်၏နှုတ်ကပတ်တော်ကို ဖေါ်ပြလျှက်ရှိပါသည်။ မည်မျှဘုန်းတော်နှင့် ထင်ရှားပြည့်ဝလျှက်ရှိသော မြင်ကွင်းဖြစ်ပါသနည်း? ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်နှင့်မီး၊ သူ၏ဒါးက ဂိုဏ်းဂဏဆိုင်ရာ ကန့်လန့်ကာကို ခွဲချလိုက်ခြင်းပင် ဖြစ်ပါသည်။

126 ၁၂၆။ "နှုတ်ကပတ်တော်" ဟုသာသင်ကဆိုပါက နှုတ်ကပတ်တော်က အလုပ်မလုပ်ပါက မည်သို့ဖြစ်ပါမည်နည်း? ဤနေရာမှာ ဓါးရှိပြီး "ထိုဓါးသည် မထိုးခွဲနိုင်ပါ။ ထိုးခွဲမည်မဟုတ်ပါ။" ဟုဆိုလျှင် ဘာကောင်းပါတော့မည်နည်း?

သို့သော်လည်း ဘုရားသခင်၏ဓါးကို တင်ထားပြီးခွဲချသည်ကို ကြည့်၍ဘိသိတ်ပေးခြင်းခံရသော လက်ကိုစေလွှတ်၍ ထိုသို့ပြုလုပ်ရန် ကိုင်ထားပါသည်။ ကွဲသွားစေရန် ခွဲချလိုက်ပါသည်။ ဘုရားသခင်ကို မြင်ကွင်းတွင်ရှင်းရှင်းလင်း လင်း ပြသထားခြင်းပင် ဖြစ်ပါသည်။ ကြီးမြတ်တော်မူသော ယေဟောဝါပင် ဖြစ်ပါသည်။ ကိုယ်တော်ရှင်၏နှုတ်ကပတ်တော်ကို ဖေါ်ပြခြင်းပင် ဖြစ်ပါသည်။ ထိုနေ့ရက်အတွက် ဂတိထားတော်မူသော အစိတ်အပိုင်းပင် ဖြစ်ပါသည်။ ခင်ဗျား သဘောပေါက် ပါသလား? ယနေ့အတွက် ဂတိထားတော်မူသောဓါးမှာ

ယနေ့တွင် ဘုရားသခင်က သူ၏ဓါးကိုယူ၍ ဂိုဏ်းဂဏဆိုင်ရာ ကန့်လန့်ကာကို ခွဲချလိုက်ခြင်းဖြစ်၍ နောက်ဖက်သို့ပြန်ဆွဲလိုက်ပါသည်။ မိမိကိုယ်ကိုဖော်ပြ၍ ကိုယ်တော်ရှင်သည် ဤနေရာ မှာရှိကြောင်း ဖော်ပြပါသည်။ အလားတူမီး တိုင်ပင် ဖြစ်နေဆဲဖြစ်ပါသည်။ ယနေ့အတွက် ဂတိများကိုဖော်ပြထားသော နှုတ်က ပတ်တော်ကို သတိပြုပါ။

127 ၁၂၇။ ပေတရုကဲ့သို့ကျွန်တော်တို့ကမြင်ကြပါသည်။ သူက "ကိုယ်တော် ဤအရာကို တွေ့မြင်ပြီးနောက်ပိုင်း မည်သူ့ထံ ကျွန်တော်တို့သွားသင့်ပါသနည်း။ ကျွန်ုပ်တို့မည်သည့်နေရာသို့သွားသင့်ပါသနည်း? ကျွန်တော်တို့ဒုတိယမွေးခြင်းခံရ ပြီးနောက် မည်သည့်အသင်းတော်တွင် ကျွန်တော်တို့ပါဝင်ရပါမည်နည်း? သူတို့ငြင်းပယ်ကြပါက သိပြီးနောက်ပိုင်း မည်သည့်ဂိုဏ်းဂဏကို သင်ဝင်ရောက် ဆက်သွယ်နိုင်ပါသနည်း? သူတို့အားလုံး ဖြစ်ပါသည်။ ကျွန်တော်မှာ တစ်ခုမှ မရှိပါ။

128 ၁၂၈။ ဤခရီးစဉ်များကို ကျွန်တော်စတင်၍ အသင်းတော်(၄၂)သင်းက ကျွန်တော်ကို ပံ့ပိုးကူညီခဲ့ပါသည်။ ထိုနေရာသို့ကျွန်တော် ရောက်သောအခါ ကျွန်တော့်ထံမှာ ဘာမှမရှိပါ။ လူတိုင်းက ပြောပါသည်။ "သူကထာဝရ လုံခြုံမှုကိုယုံကြည် ပါတယ်။" ဟူ၍ဖြစ်သည်။ Legilasts များကို နောက်ကျကျန်ရစ်စေရန် ပြုလုပ်ခြင်းပင် ဖြစ်ပါသည်။ တစ်စုံတစ်ဦးကဆိုပါ သည်။ "ယေရှုနာမ၌ ကိုယ်တော်ရှင်က ဗတ္တိဇံပေးပါသည်။" ကျန်လူများအားလုံးကို နောက်တွင် ကျန်စေခဲ့ပါသည်။ သူတို့ထဲတွင် အားလုံးကျန်ခဲ့ရပါသည်။ သူတို့ထဲတွင် တစ်ဦးကဆိုပါ သည်။ "သူက မြွေ၏မျိုးစေ့ကို ယုံကြည်ပါသည်။ မြွေမှာ မျိုးစေ့မရှိပါ။

သမ္မာကျမ်းစာအဆိုအရ "သူမ၏မျိုးစေ့နှင့် မြွေ၏မျိုးစေ့အကြားတွင် ကျွန်ုပ်က ရန်ဖြစ်စေခြင်းငှာ ပြုလုပ်မည်။" ဖြစ်ပါသည်။

ကန့်လန့်ကာကို နှုတ်ကပတ်တော်မှ ဖယ်ရှားခြင်းခံရပါသည်။ ကလေးသူငယ်များကို ဖော်ပြခြင်းခံရပါသည်။ မြောက်ထားခြင်း ခံရပါသည်။ သူတို့တွေ့မြင် ကြရပါသည်။ တစ်ချိန်က ပြောခဲ့သကဲ့သို့"ကန့်လန့်ကာကို နှုတ်ကပတ်တော်မှ ဖယ်ရှားလိုက် သောအခါ အစဉ်အလာများ နှုတ်ကပတ်တော်မှ ဖယ်ရှားခြင်း ခံရပါသည်။ တစ်ချိန်က သခင်ယေရှုပြောခဲ့သကဲ့သို့"ငါ့ကိုမြင်သောသူသည် ခမည်းတော်ကို မြင်ရသည်။" ဟုဆိုပါသည်။ ဘုရားသခင်နှင့် သူ၏နှုတ်ကပတ်တော်မှာ တစ်လုံး တစ်ဝတည်း ဖြစ်ပါသည်။ သင်နားလည်ပါသလား? နှုတ်ကပတ်တော်ကို ဖော်ပြပါကမည်ကဲ့သို့ဖြစ်ပါမည်နည်း?

129 ၁၂၉။ သခင်ယေရှုက ပြောပါသည်။ "သမ္မာကျမ်းစာကို ရှာဖွေပါ။ သင်ရှာဖွေသည်ဟု သင်ထင်မြင် ယူဆပေလိမ့်မည်။ သင်သည် ဘုရားသခင်ကိုယုံကြည်ပါ သည်။ ငါ့ကိုလည်း ယုံကြည်ပါ။ ငါ့ခမည်းတော်၏ အလုပ်များကို ငါမလုပ်ပါက ငါ့ကိုမ ယုံကြည်ပါနှင့်။ သို့သော်လည်း ငါကအလုပ်များကိုလုပ်ပါက ငါနှင့် ငါ့ခမည်းတော်သည် တစ်လုံးတစ်ဝတည်း ဖြစ်တော်မူပါ သည်။ သင်သည် ငါ့ကိုတွေ့ပါက ငါ့ခမည်းတော်ကို တွေ့သကဲ့သို့ပင် ဖြစ်ပါသည်။

နှုတ်ကပတ်တော်ကို ဖော်ပြသည့်အကြောင်း သင်တွေ့မြင်ပါက သင်သည် ခမည်းတော်ဘုရားကို တွေ့မြင်ရပါသည်။ အ ကြောင်းမှာ နှုတ်ကပတ်တော်သည် ခမည်းတော်ဖြစ်သည်။ နှုတ်ကပတ်တော်သည် ဘုရားဖြစ်ပါသည်။ နှုတ်ကပတ်တော်ကို ဖော်ပြခြင်းမှာ ဘုရားသခင် ကိုယ်တော်တိုင်ဖြစ်၍ သူ၏နှုတ်ကပတ်တော်ကို ရယူခြင်းဖြစ်ပါသည်။ ယုံကြည်သူများအကြား တွင် ဖော်ပြခြင်းဖြစ်သည်။ ယုံကြည်သူများမှလွဲ၍ မည်သူကမှ ၎င်းကို အသက်ရှင်စေနိုင်မည် မဟုတ်ပါ။ ယုံကြည်သူများ သာဖြစ်ပါသည်။

130 ၁၃၀။ သင်သည်ဂျုံပင်ကိုယူ၍ အခြားမြေအမျိုးအစားတွင် စိုက်ပျိုးနိုင်ပါသည်။ သို့သော်လည်း ၎င်းသည် အပင်ပေါက် လာမည်မဟုတ်ပါ။ ထိုဂျုံပင် ကြီးထွားလာရန်အတွက် မြေကြီးကိုမြေသြဇာတွင် အပင်ကြီးထွားမှုမဖြစ်ပေါ်လာပါက အပင် ပေါက်လာမည် မဟုတ်ပါ။ ဘယ်နေရာတွင်ဖြစ်ဖြစ် နှုတ်ကပတ်တော် ကျရောက်ပါက မှန်ကန်သောနှလုံးသားမျိုးတွင် ကျ ရောက်ခြင်းမရှိပါက ...

သခင်ယေရှုကလည်း မိန့်တော်မူပါသည်။ "အချို့တို့မှာ ကျောက်ပေါ်များ သောနေရာတွင် ကျရောက်၍ မိုးကောင်းကင်မှ ငှက်များလာရောက်၍ စား သွားကြပါသည်။ အချို့တို့မှာ ဆူးပင်များသည့်နေရာတွင် ကျရောက်ပြီးဆူးပင် များ ကြီးထွားလာ၍ မျိုးစေ့များကို ဖုံးအုပ်သွားပါသည်။" အစဉ်အလာများ ဂိုဏ်းဂဏများနှင့် လောကတပ်မက်မှုများက ၎င်းတို့ကိုဝါးမြိုသွား ပါသည်။ သို့သော်လည်း ကောင်းသောမြေပေါ်တွင် ကျသောမျိုးစေ့မှာ အပင်ပေါက်၍ အဆ(၁၀၀)ပွားများလာပါသည်။ ထိုအရာမှာ ဘုရားသခင်၏နိုင်ငံတော်ပင် ဖြစ်ပါသည်။ ၎င်းသည်အလားတူပင် ဖြစ်ပါသည်။ အချို့သောသူများကလုံးဝ ယုံကြည်ကြမည်မဟုတ်ပါ။

တပည့်တော်များကဲ့သို့လူအချို့တို့မှာ အချိန်အနည်းငယ်အတွင်းမှာ ယုံကြည် ကြပါလိမ့်မည်။ သူတို့မြောက်မြားစွာတို့မှာ ကိုယ်တော်ရှင်နောက် လိုက်ကြပါလိမ့်မည်။ လူ(၇၀)ခန့်မှာ နှစ်ပေါင်းမြောက်မြားစွာ ကြာသည့်တိုင်အောင် ကိုယ်တော်ရှင် နောက်လိုက်ကြပါသည်။ တစ်နှစ်၊ တစ်နှစ်ခွဲ၊ နှစ်နှစ်ခန့်ကြာအောင် ကိုယ်တော်ရှင် နောက်လိုက်၍ ကိုယ်တော်ရှင်အထဲ၌ မည်သည့်အရာကို ရှာဖွေတွေ့နိုင်မည်အကြောင်း .... ဤအရာများ ပြုလုပ်နိုင်ရန်အတွက် ကိုယ်တော်ရှင် ဘာကိုလုပ် နိုင်ကြောင်း မျက်လှည့်ကဲ့သို့ အံ့ဖွယ်ရာပြုလုပ်နိုင်ခြင်း၊ လူတို့၏စိတ်နှလုံးအကြံအစည်ကို မည်သို့သိမြင်နိုင်ကြောင်း၊ သူတို့ဘာကို စဉ်းစားနေကြောင်း စသည်တို့ကို သိလို၍ကိုယ်တော်နောက် လိုက်ကြပါသည်။ နောက်ဆုံး သူတို့သိကြသည့်အ ရာမှာ "ကိုယ်တော်ရှင်သည် ကောင်းကင်ဘုံမှ ဆင်းသက်ကြောင်းပင် ဖြစ်ပါသည်။" ကိုယ်တော်ရှင် ကိုယ်တော်တိုင်သည် နှုတ်ကပတ်တော်ပင် ဖြစ်ပါသည်။ ထိုသို့ပြုလုပ်သောအခါ သူတို့အတွက် အလွန်ပင် ခံယူရန်နက်နဲလှသဖြင့် "မည်သူမှနားမ လည်နိုင်ကြောင်း" သူတို့က ပြောပါသည်။ ကိုယ်တော်ရှင်ထံတော်မှ သူတို့ရှောင်ဖယ်သွားကြပါသည်။ ထိုသူတို့မှာ ဆူးပေါ်သို့ကျသောသူများ ဖြစ်ကြပါသည်။

131 ၁၃၁။ အလားတူအရာသို့ပြန်လည်ယူဆောင်လာခြင်းပင် ဖြစ်ပါသည်။ ဘုရားကျောင်းတိုင်းတွင် သင့်အတွက် ယုံကြည်ဟန် ဆောင်သူများ၊ မယုံကြည်သူများနှင့် ယုံကြည်သူများရှိပါသည်။ ဘုရားကျောင်းတိုင်းတွင် ဖြစ်ပါသည်။ သင်သည် တစ်ချိန်လုံး သူတို့ကိုတွေ့နေရပါသည်။ အချို့သောသူများမှာ သူတို့သည် ယုံကြည်သူများကဲ့သို့ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။ ၎င်းအရာမှာ အဆိုးဝါးဆုံး ပုံစံပင် ဖြစ်ပါသည်။ တစ်ကယ်ပင် မယုံကြည်သူများလည်း ရှိပါသည်။ သူသည် သင့်ကိုဂရုမစိုက်ပါ။ သူ၏ခေါင်းကိုခါပြီး ရှောင်ထွက်သွားမည်

ဖြစ်ပါသည်။ သို့သော်လည်း ယုံကြည်ယောင်ဆောင်သူမှာ သူတို့သည် ယုံကြည် သူများဖြစ်သည် ဟု ဆိုကြပေမည်။ ထိုသို့သောအမျိုးအစားမှာ သင်လေ့လာကြည့်ရှုရမည့် အမျိုးအစားပင် ဖြစ်ပါသည်။ ယုံကြည်ယောင်ဆောင်သူများပင် ဖြစ်ပါသည်။ အမှန်တစ်ကယ်ယုံကြည်သူများလည်း ရှိပါသည်။ သုံးမျိုးသုံးစားရှိသည်ကို သတိပြုမိ ပါသလား?

မယုံကြည်သူများ ရှိပါသည်။ ကိုယ်တော်ရှင်က ပြောလိုက်သည်နှင့် တပြိုင်နက် "လူသား၏အသားတော်ကို စားသည်" ဟုဆိုသောအခါ ဘာများပါလိမ့်ဟု ဆိုကြပါမည်။

နောက်တစ်ဦးမှာ ယုံကြည်ယောင်ဆောင်သူဖြစ်ပါသည်။ သူတို့သည် နောက်ဆုံးအချိန်အထိရှိနေကြပါသည်။ (ယုဒရှကာ ယုတ်ကဲ့သို့ပင် ဖြစ်ပါသည်)

သို့သော်လည်း စစ်မှန်သောယုံကြည်သူများမှာ ရှင်းမပြတတ်ကြပါ။ သို့သော်လည်း မည်သို့ပင်ဖြစ်စေကာမူ သူတို့ ယုံကြည်ကြပါသည်။ ၎င်းနောက်သူ တို့က ဆက်၍ ပြောကြပါသည်။ ကန့်လန့်ကာ .....

132 ၁၃၂။ မယုံကြည်သူများ၏ အစဉ်အလာကို ဖယ်ထုတ်လိုက်သောအခါ သင်သည် ဘုရားသခင်ကို တွေ့ရပါမည်။ အစဉ်အလာကန့်လန့်ကာကို ဖယ်ထုတ်လိုက်သောအခါ ဘုရားသခင်သည် သူ၏နှုတ်ကပတ်တော်ဖြစ်သော ဘုရားပင်ဖြစ်မြဲ ဖြစ်နေပါ သည်။ သူ၏နှုတ်ကပတ်တော်ကို သူကဆက်လက်၍ ထိမ်းသိမ်းထား ဆဲပင်ဖြစ်ပါသည်။ သူသည် ဘုရားဖြစ်ပါသည်။ သူ၏နှုတ်ကပတ်တော်၏ ရေးသားသူပင်ဖြစ်၍ အခြားသောသူများထံမှ ဖုံးကွယ်ခြင်းခံရခြင်းဖြစ်ပါသည်။ သားရေကန့် လန့်ကာဖြင့် ဖုံးကွယ်ထားခြင်း ခံရပါသည်။ မှန်ပါသည်။ ထိုကန့်လန့်ကာ နောက်ကွယ်သို့ဝင်မသွားနိုင်သူများအတွက် သားရေကန့်လန့်ကာ နောက်ကွယ်တွင် ရှိနေဆဲဖြစ်ပါသည်။

133 ၁၃၃။ ကျွန်ုပ်တို့သည် ကိုယ်တော်ရှင်၏အစိတ်အပိုင်း တစ်ခုဖြစ်ပါသည်။ သင်သည် ကိုယ်တော်ရှင်ကို ကွယ်ကာထားသော ကန့်လန့်ကာပင် ဖြစ်ပါသည်။ သင်သည် ကိုယ်တော်၏တစ်စိတ်တစ်ဒေသဖြစ်၍ ခရစ်တော်သည် ဘုရားသခင်၏ တစ်စိတ် တစ်ဒေသပင် ဖြစ်ပါသည်။ (ခရစ်တော် သင့်အထဲ၌ကျိန်းဝပ် နေသမျှ ကာလပတ်လုံးပင် ဖြစ်ပါသည်။) ဘုရားသခင်သည် ကိုယ်တော်ရှင်အထဲ၌ ရှိနေတော်မူသကဲ့သို့ကိုယ်တော်အား ဘုရားဖြစ်စေပါသည်။ ခရစ်တော်သည် သင့်အထဲ၌ ရှိနေသကဲ့သို့မြော်လင့်ခြင်း ဘုန်းတော်အားဖြင့် သင်သည် ခရစ်တော်၏တစ်စိတ်တစ်ဒေသ ဖြစ်လာပါသည်။ "ငါ့ကိုယုံကြည် သောသူသည် ငါပြုသောအမှုတို့ကို ပြုကြလိမ့်မည်။ ခရစ်တော်သည် သင့်အထဲ၌ ကျိန်းဝပ် တော်မူသမျှကာ လပတ်လုံး သင်သည်ခရစ်တော်၏ တစ်စိတ်တစ်ဒေသ ဖြစ်လာပါသည်။ မယုံကြည်သူကို ကန့်လန့်ကာဖြင့် ကာထားသကဲ့သို့ဖြစ်ပါသည်။ သို့သော်လည်း ကိုယ်တော်ရှင်သည် သင့်အထဲတွင် ရှိတော်မူကြောင်း သင်သိပါသည်။ ကန့်လန့်ကာ တည်းဟူသော သားရေ၏နောက်ကွယ်တွင်ရှိသော ခရစ်တော်ကို သင်ကနှောက်ယှက်နေသကဲ့သို့ဖြစ်ပါသည်။ ဤကန့်လန့်ကာကြောင့် ကျွန်တော်တို့မှာ ..... ဖြစ်လာရပါသည်။ ကန့်လန့်ကာမှာ တစ်ဖန်လူသား ဇာတိဖြင့် ဘုရားသခင် (နှုတ်ကပတ်တော်) ကိုမယုံကြည်သူထံမှ ဖုံးကွယ်ထားပါသည်။

134 ၁၃၄။ "သင်တို့သည် ရေးသားထားခြင်းခံရသော ဩဝါဒစာများ ဖြစ်ကြပါသည်" ဟု သမ္မာကျမ်းစာက ဆိုထားပါသည်။ ဩဝါဒစာဆိုသည်မှာ အဘယ်နည်း? "ရေးသားထားသော နှုတ်ကပတ်တော်ပင် ဖြစ်ပါသည်။ တနည်းအားဖြင့်ဆိုသော် သင်သည် ဤသို့ဖတ်ရှုနိုင်ပါသည်။ "သင်တို့သည် ရေးသားထားသော ဩဝါဒစာများဖြစ်ကြပါသည်။" သင်တို့သည် ရေးသားခြင်းခံရသော နှုတ်ကပတ်တော်များပင် ဖြစ်ပါသည်။ သင်သည်ရေးသားခြင်းခံရသော နှုတ်ကပတ်တော်ပင်ဖြစ်ပါ သည်။ ဖော်ပြခြင်းခံရသော နှုတ်ကပတ်တော်ဖြစ်ပါသည်။ ဘာကိုမှ ပေါင်းထည့်၍ မရပါ။ "ငါသည်ရေးသားခြင်းခံရသော ဩဝါဒစာဖြစ်သည်ဟု သင်မဆိုနိုင်ပါ။ တစ်စုံတစ်ခု၏ အခြားအမျိုးအစားဖြင့် အသက်ရှင် နေခြင်း ဖြစ်ပါသည်။ သို့သော်လည်း ဤကဲ့သို့ရေးသားခဲ့ခြင်းမှာ ထပ်မံ၍ ပေါင်းထည့်မရခြင်း၊ သို့မဟုတ် နှုတ်ယူ၍မရခြင်းကြောင့်ပင် ဖြစ်ပါသည်။

135 ၁၃၅။ Doctor Lee Vayle သည် ဤကျော်ကြားသောစာအုပ်ကို ရေးသားနေသကဲ့သို့ခင်ဗျားတို့ကိုလည်း ကျွန်တော်တွေ့မြင်စေလိုပါသည်။ Bro. Vayle ဤနေရာမှာ ရောက်နေပါပြီ။ အပြင်ဖက်မှာ ကျွန်တော်သူ့ကို တွေ့မြင်ခဲ့ရပါသည်။ သူ အထဲဝင်နိုင်မည် မထင်ပါ။ သို့သော်လည်း သူကစာအုပ်ကို ရေးသားနေပါသည်။ လောဒိကိအသင်းတော်နှင့် ပတ်သက်၍ အလွန်ပင်ကောင်းသော စာအုပ်ဖြစ်ပါသည်။ မကြာမီ ပုံနှိပ်ထုတ်ဝေ ပြီးစီးပါမည်။ ကျွန်တော်တို့ယခုအခါ နောက်ဆုံးဖတ်ရှု လေ့လာ ထားပြီးဖြစ်ပါသည်။ ရေးသားနေခြင်းဖြစ်သည်သာမက ဆွေးနွေးနေကြပါသည်။

136 ၁၃၆။ လူတိုင်း ကျွန်တော်တို့ထံသို့အမြဲတမ်းရောက်လာကြပြီး ပြောပြကြပါသည်။ "ဘရာသာဘရမ်ဟမ် မိုးချုန်းသံ(၇) ချက်ကြားရပြီး ကိုယ်တော်ရှင်က ပြောပါသည်။ "ရေးမထားပါနှင့်။ တံဆိပ်ခတ်ထားပါ။" ဟုဆိုသည်။ နောက်ဆုံး သောနေ့ရက်များသို့ရောက်မှသာလျှင် မိုးချုန်းသံ(၇)ချက်ကို ဖွင့်ပြပါမည်လား? ထိုအချိန်ကျမှ မိုးချုန်းသံ(၇)ချက်ကို ကျွန်ုပ်တို့အား ပြောပြပါမည်လား? ထိုသို့သောအသံကို ကြားရသည်မှာ အမှန်တစ်ကယ်ပင် မကောင်းပေဘူးလား? သင်ထိုသို့ပြောဆိုသောအခါ သင်ဘာအကြောင်းကို ပြောဆိုနေကြောင်း သတိပြုပါ။ ကိုယ်တော်ရှင်က သင်ရေးသားခြင်း မဟုတ်ပါဟု ဆိုနေပါသလား? ဤမိုးချုန်းသံ(၇)ချက်က မိမိတို့၏အသံများကို ပြောဆိုကြပါသည်။ "သင်သည် သမ္မာကျမ်းစာ ကို မိမိဖာသာရေးသားရန်အတွက် သင့်တော်သူဖြစ် ပါသည်။ ဘုရားသခင်က နှုတ်ကပတ်တော်ကို သင့်အားဖော်ပြခဲ့ပါသည်။

137 ၁၃၇။ ယခုတချို့လည်းပြောကြတယ်။ မြောက်များစွာသောပုဂ္ဂိုလ်များနှင့် ဓမ္မပညာရှင်များက ညီအစ်ကို ဘရန်ဟမ် အကယ်၍ဘုရားသခင်က .... မိန့်တော်မူသည်။ အကယ်၍ - အကယ်၍ သင်၏အတွေ့အကြုံများသည် ဘုရားသခင်ဟာ သူလူများအတွက် မိန့်မှာလျှင် သင်သည်နှိမ့်ချစွာဖြင့် ကိုယ်၏ကိုယ်ပိုင်ကျမ်းစာရေးပါလား။ သင်ရေးသောစကားလုံးများကို ဘုရားသခင်က ထင်ရှားစေပါမည်။

ကျွန်တော်က ပြန်ပြောလိုက်ပါသည်။ ထိုအကြောင်းအရာများသည် မှန်ပါသည်။ သူသည်ကျွန်တော်၏အားနည်းချက်ကို

ဖမ်းဘိုကြိုးစားပါသည်။ ကျွန်တော် ပြန်ပြောလိုက်ပါသည်။ သို့သော်သင်ပြောသည့်အတိုင်း ကျွန်တော် မလုပ်ပါ။

သူကျွန်တော်ကိုပြန်ပြောပါသည်။ ဘာကြောင့်မရေးသလဲ။ သင်ဟာအရေအချင်းများနှင့် ပြည့်စုံသူတစ်ဦးဖြစ်ပါသည်။

ကျွန်တော်က "သင်ကြည့်ပါ။ စကားလုံးတစ်လုံးမှပေါင်းထည့်ခြင်း သို့မဟုတ် နုတ်ယူခြင်းကို မပြုလုပ်နိုင်ပါ" ဟုဆိုထားပါ သည်။

သူကပြောပါသည်။ "မိုးချုန်းသံ(၇)ချက်ကို တွေ့ရပါသည်။ မိုးချုန်းသံ(၇)ချက် ပေါ်ထွက်လာပါသည်။ လူအချို့ကို ပေးအပ်သော ဗျာဒိတ်တော်ပင် မဟုတ်ပါလား?"

ကျွန်တော်က "မဟုတ်ပါဘူး နှုတ်ကပတ်တော်မှ နုတ်ယူခြင်း သို့မဟုတ် ပေါင်းထည့်ခြင်းပင် ဖြစ်ပါသည်။" အားလုံးကို ဖော်ပြထားခြင်းဖြစ်၍ တံဆိပ် (၇)ခုမှာလည်း ဗျာဒိတ်တော်ကို ဖွင့်ပြခြင်းပင် ဖြစ်ပါသည်။

ကိုယ်တော်ရှင်သည် နှုတ်ကပတ်တော် ဖြစ်နေဆဲပင် ဖြစ်ပါသည်။ ထိုနှုတ် ကပတ်တော်ထဲမှ သင်ထွက်ပေါက်ရှာ၍ မရပါ။ နှုတ်ကပတ်တော်ကို လက်မခံဘဲ နေ၍မရပါ။ ဘုရားသခင်၏ဝိညာဉ်တော်က ထိုနှုတ်ကပတ်တော်ကို ဘယ်တော့မှစွန့်ပစ် မည်မဟုတ်ပါ။ နှုတ်ကပတ်တော်နှင့် ရှိနေပါမည်။ အချို့သောသူများကို မျက်စိကွယ်စေ၍ အချို့တို့၏မျက်လုံးများကို ပွင့်စေပါ မည်။ အမြဲတမ်း ထိုသို့ ပြုလုပ်မည် ဖြစ်ပါသည်။

138 ၁၃၈။ "သင်တို့သည် ရေးသားထားသော ဩဝါဒစာများဖြစ်ပါသည်။ လူတိုင်းက ဖတ်ရှုလေ့လာရပါမည်။ ဘာသာပြန်ကြည့် ပါ။ ဤနည်းဖြင့် ပြန်၍လှည့်လိုက်ပါက "သင်တို့သည် ရေးသားထားခြင်းခံရသော ဩဝါဒစာများပင် ဖြစ်ပါသည်။" ဟုဆိုပါ သည်။ အကြောင်းမှာ ၎င်းကိုသင်က ထပ်မံ၍ပေါင်းထည့်၍ မရသောကြောင့် ဖြစ်ပါသည်။ "လူသားတိုင်းက ဖတ်ရှုလေ့လာရ ပါသည်။ တစ်နည်းအားဖြင့် ပြောရမည်ဆိုလျှင် "ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဖော်ပြထားခြင်းပင် ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ပြောဆိုခြင်းဖြစ်ပါသည်။ ပေတရုနှင့်ယောဟန်က အပေါ်သို့တက်သွားသောအခါ သူတို့သည် ဘာမှမသိ ဘဲ ဘာမှမတတ်ဘဲ ဖြစ်ရပါသည်။ သူတို့သည် ပညာမတတ်ပါ။ သို့သော်လည်း သူတို့မှာ ရေးသားထားသော ဩဝါဒစာ များဖြစ်ကြ၍ သခင်ယေရှုနှင့်အတူရှိ ခဲ့ကြပါသည်။ သခင်ယေရှုမှာ မိမိကိုယ်ကို သူတို့အားဖြင့် ဖော်ပြထားခြင်းပင် ဖြစ်ပါ သည်။ ခရစ်တော်မှာ သူတို့၏ဇာတိအားဖြင့် ဖုန်းကွယ်ခြင်းခံရလျှက် ရှိပါသည်။ ဖော်ပြခြင်းခံရ၍ အသက်ရှင်ခွင့်ရပါသည်။ မောရှေအတွင်းမှာကဲ့သို့ဖြစ်ပါသည်။

139 ၁၃၉။ နှုတ်ကပတ်တော်မှာ မောရှေ၌ရှိလျှင် သူသည်ဘုရားဖြစ်၍ လူဇာတိခံယူ ထားခြင်းပင် ဖြစ်ပါသည်။ သခင်ယေရှု၌ရှိ လျှင် လူဇာတိ၌ရှိသောဘုရားပင် ဖြစ်ပါသည်။ သူပြုလုပ်သော တစ်ခုတည်းသောအရာမှာ သူ၏မျက်နှာဖုံးကို ပြောင်းလဲပစ် ရန်ပင် ဖြစ်ပါသည်။ သူ၏နှုတ်ကပတ်မဟုတ်ဘဲ သူ၏သဘော သဘာဝလည်း မဟုတ်ပါ။ သူသည် မနေ့၊ ယနေ့နှင့်ထာဝရ ကာလ အတူတူပင် ဖြစ်ပါသည်။ သူသည် သူ၏ပုံသဏ္ဍာန်ကိုသာ ပြောင်းလဲပစ်ခြင်း ဖြစ်ပါသည်။ နောဓမှမောရှေသို့သူကပြောင်းလဲပစ်ပါသည်။ ကိုယ်ခန္ဓာအားဖြင့် ကိုယ်တော်ရှင်သည် ပြည့်ဝစုံလင်ခြင်းသို့ရောက်ပါသည်။

၎င်းသည် အလားတူဘုရားသခင်ပင် ဖြစ်ပါသည်။ အာမင်၊ အာမင်၊ ဘုရားသခင်မှာ အတူတူပင် ဖြစ်ပါသည်။ သို့သော်လည်း သူကအခြားကန့်လန့် ကာဖြင့် ဖုံးကွယ်ထားပါသည်။ အခြားကန့်လန့်ကာတစ်ခုကို သူကထည့်ထား ခြင်း ဖြစ်ပါသည်။

140 ၁၄၀။ ပြန်လည်ပြုပြင်ရေးသမား လက်ထက်တွင်လည်း ကန့်လန့်ကာကို ဆောင်ယူပါသည်။ ဖုံးကွယ်ထားပါသည်။ နောက်ဆုံး လူသား၏ခေတ်ကာလတိုင်အောင် ရောက်လာပါသည်။ နောက်ဆုံး ပြည့်စုံသည်အထိ ဖြစ်ပေါ်လာပါသည်။ ကိုယ်တော်ရှင်ကြွလာတော်မမူမှီတိုင် ပရောဖက်တစ်ပါး ပေါ်ထွက်လာပါသည်။ ထိုသို့ပေါ်ပေါက်လာသောအခါ ၎င်းသည် နှုတ်ကပတ်တော်ကို ဖော်ဆောင်သည်။ ဘာလုပ်ခဲ့သည်ကို ဖော်ပြပါသည်။ ၎င်းအရာသည် မှေးမှိန်သွားပါက ယောဟန် ပြောဆိုသကဲ့သို့ "ငါသည်လျော့နည်းသွားရမည်။ ကိုယ်တော် ရှင်သာလျှင် ကြီးထွားလာရမည်" ဟုဆိုပါသည်။ အားလုံးသည် ကိုယ်တော်ရှင် အထဲသို့ ရောက်လာပါသည်။ ကိုယ်တော်ရှင်သည် လူသား၊ ဝက်စလီနှင့်ပင်တေကုတ္တေခေတ်ကာလ တလျှောက်လုံး အပြည့်အဝပင် ဖော်ပြခြင်းခံရပါသည်။ ယ နေ့သူတို့ဖြစ်ခဲ့သကဲ့သို့ပင် သူ၏ဂတိတော်များမှာ ပြည့်စုံခြင်းသို့ရောက်ရပါသည်။

141 ၁၄၁။ မောရှေသည် ထိုနေ့ရက်အတွက် နှုတ်ကပတ်တော်ဖြစ်ပါသည်။ အကြောင်းမှာ နှုတ်ကပတ်တော်ကို ထိုနေ့အတွက် ဘုရားသခင်က သူ့အားပေးခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ ယောသပ်မှာလည်း သူ၏ခေတ်ကာလအတွက် နှုတ် ကပတ်တော်ပင် ဖြစ်ပါသည်။ ခရစ်တော်ကို အတိအကျပင် သရုပ်ဖော်ထား ခြင်းဖြစ်ပါသည်။ သူတို့တစ်ဦးစီမှာ နှုတ်ကပတ်တော်ပင် ဖြစ်ပါသည်။

သခင်ယေရှုကြွလာတော်မူသောအခါ သူသည်နှုတ်ကပတ်တော်ဖြစ်၍ ပြည့်စုံမှု ရှိပါသည်။ အကြောင်းမှာ ကယ်တင်ခြင်း စီမံကိန်းတစ်ခုလုံးသည် မောရှေ၌ ကျရောက်ခြင်းမဟုတ်။ ယောသပ်၌ ကျရောက်ခြင်းမဟုတ်။ ဧလိယ၌ကျရောက်ခြင်း မဟုတ်။ သူတို့သည် နှုတ်ကပတ်တော်၌ တစ်စိတ်တစ်ဒေသသာဖြစ်၍ ၎င်းကိုပြည့်ဝွန်နေခြင်းပင် ဖြစ်ပါသည်။ (ယခုသတိပြုပါ။ သင်၏အတွေးများကို ထိမ်းသိမ်းထားပါ။ ယခုရောက်လာပါပြီ။ ကျွန်တော်ပြောဆိုသကဲ့ သို့ပင် ဖြစ်ပါသည်။) စီမံကိန်းတစ်ခု လုံးသည် ၎င်းတို့အထဲ၌ မရှိပါ။ သူတို့က ပြည့်ဝွန်နေခြင်းပင် ဖြစ်ပါသည်။

142 ၁၄၂။ ထို့ကြောင့် ကိုယ်တော်ရှင်၏နောက်ကွယ်တွင် ပြည့်စုံခြင်းရှိ၍ အခြားတစ်စုံတစ်ရာကို ကျွန်တော်တို့မည့်ွန်ပြနိုင်ပါ။ ကိုယ်တော်ရှင်ကို ပြန်လည်၍ပြည့်ဝွန် ခြင်းပင် ဖြစ်ပါသည်။ နှုတ်ကပတ်တော်ပင် ဖြစ်ပါသည်။ ဤအရာသည် လုံးဝ ပြည့်စုံသော ဗျာဒိတ်တော်ပင် ဖြစ်ပါသည်။ ကိုယ်တော်ရှင်၏အရိပ်တော် သက်ရောက်လာပါမည်။ သို့သော်လည်း ကိုယ်တော် ရှင်ကြွလာတော်မူသောအခါ ကိုယ်တော်သည် လုံးဝပြည့်စုံတော်မူပါသည်။ ဟေဗြဲ(၁) "ဘုရားသခင်က ရှေးပရောဖက်များ အားဖြင့် ဘိုးဘေးများကို စကားပြောခဲ့ပါသည်။

ဘုရားသခင်က ကန့်လန့်ကာများတည်းဟူသော ပရောဖက်များအားဖြင့် စကားပြော ခဲ့ပါသည်။ သို့သော်လည်း ယခုနောက်ဆုံးသောကာလတွင် သူ၏သားတော် ယေရှုခရစ်အားဖြင့် ဖြစ်သည်။ ကားတိုင်ပေါ်တွင် ဘုရားသားတော်မှာ ဖွင့်ပြခြင်းခံရပါသည်။

143 ၁၄၃။ သတိပြုရမည့်အချက်မှာ "အသက်ရှင်စေရန် ပြုလုပ်သည်" ဖြစ်၍ ယ နေ့နှုတ်ကပတ်တော်ကို လူသားအသွေးအ သားများအားဖြင့် ဖော်ပြခြင်းဖြစ်၍ နှုတ်ကပတ်တော်မှာ ထိုနေရက်မှာပင် အတိအကျပြည့်စုံ စေတော်မူပါသည်။ ဘုရားသခင် ထံသို့ပြန်၍ ရောက်လာပါသည်။ ကိုယ်တော်ရှင်အထဲ၌ ဗတ္တိဇံခံရခြင်းမှာ (၁ကော ၁၂)အားဖြင့်ဖြစ်၍ ကိုယ်တော်နှင့်အတူ ထပ်တူထပ်မျှဖြစ်ခွင့် ရပါသည်။ အာမင်၊

144 ၁၄၄။ နာရီဝက်ဟု ကျွန်တော်ခန့်မှန်းပါသည်။ သို့သော်လည်း အနည်းငယ်အချိန် ယူနိုင်ပါသလား? (ပရိသတ်က အာမင်ဟု ဆိုပါသည်။ အယ်ဒီတာ) ကျွန်တော်သည် ဤအရာကို ဤနေရာမှာ ထားခဲ့၍မရပါ။ ကိုယ်တော်ရှင်နှင့် ထပ်တူ ထပ်မျှဖြစ် ကြောင်း သတိပြုပါ။

145 ၁၄၅။ ယခုသတိပြုပါ။ အမေရိကန်နိုင်ငံသားဘယ်နှစ်ယောက် ဤနေရာမှာရှိသနည်း? လက်ထောင်ပြပါ။ သင်သည် အမေရိကန်နိုင်ငံသားဖြစ်ပါက ဤနိုင်ငံဖြင့် ထပ်တူထပ်မျှဖြစ်ပါသည်။ ဤနိုင်ငံက ဘာဘဲဖြစ်ဖြစ် သင်လည်းဖြစ်ရပါမည်။ နိုင်ငံတော်၏ဂုဏ်ရောင်နှင့် နိုင်ငံတော်၏ကျက်သရေဖြစ်သကဲ့သို့နိုင်ငံတော်၏ အရှက်တကွဲဖြစ်မည့်အရာကိုလည်း ဝေမျှ ခံစားရပါမည်။ နိုင်ငံတော် နှင့်ထပ်တူထပ်မျှ ဖြစ်ရပါသည်။ သင်သည် အမေရိကန်ဖြစ်သကဲ့သို့အမေရိကန်၏အပြစ်ကို ယူတင်ဝတ်ဆောင်ပါ။ ဟာလေလုယာ၊

ကျွန်တော်သည် ဂျော့(ချ်)ဝါရှင်တန်နှင့်အတူ ရှိနေစဉ်က သူသည် Delaware ကိုကျော်ဖြတ်စဉ်က ဖြစ်ပါသည်။ သူနှင့်ထပ် တူထပ်မျှ ဖြစ်ရပါသည်။ Gellys burg Adress တွင် ကျွန်တော်သည် အာဗြဟံလင်ကွန်းနှင့်အတူ ရှိခဲ့ပါသည်။ ကျွန်တော် ထိုနေရာမှာ ရပ်နေခဲ့ရပါသည်။ Guam ရှိစစ်သားများနှင့်အတူ ကျွန် တော်ရှိခဲ့ပါသည်။ ကျွန်တော်သည် အမေရိကန်ဖြစ်၍ ကျွန်တော်သည် ၎င်းနှင့် ထပ်တူဖြစ်ပါသည်။ အာမင်? အမေရိကန်တစ်ဦးအနေနှင့် သူမသည် တော်လှန်ရေးတွင် ရင်ဆိုင်ခဲ့ရ သမျှ အရှက်တကွဲဖြစ်ရခြင်းကို ကျွန်တော်ခံစား ရပါသည်။ အကြောင်းမှာ ကျွန်တော်သည် အမေရိကန်ဖြစ်သောကြောင့် ဖြစ်ပါသည်။

146 ၁၄၆။ ခရစ်ယာန်တစ်ဦးအနေနှင့် ကျွန်တော်သည် ကိုယ်တော်နှင့်ထပ်တူထပ်မျှ ဖြစ်ခွင့်ရပါသည်။ အာမင်၊ ကျွန်တော်သည် နောသေဘော်ကြီးထဲဝင်သောအခါ သူနှင့်အတူ ရှိတော်မူပါသည်။ အီဂျစ်ပြည်မှ ထွက်ခွာလာသောအခါ ကျွန်တော်သည် မောရှေနှင့်အတူ ရှိတော်မူပါသည်။ အာမင်၊ ကျွန်တော်သည် ကာလ် မဲလ်တောင်ပေါ်တွင် ဧလိယနှင့်အတူ ရှိတော်မူပါသည်။ မှန်ပါသည်။ ဘုရားဘုန်းတော် ထင်ရှားပါစေ။ သူထိုသို့ပြုလုပ်သောအခါ ကျွန်တော်သူနှင့်အတူ ရှိတော်မူပါသည်။ ကျွန်တော်သည် ကိုယ်တော်နှင့်အမှန်တစ်ကယ် ရှိတော်မူပါသည်။ ကိုယ်တော်ရှင် အသေခံတော်မူခြင်း၌ ကျွန်ုပ်ကိုယ်ကို ကျွန်ုပ်အမှတ်အသားပြုလုပ်၍ လောကဆိုင်ရာများ၌ ကျွန်တော်သည် အသေခံတော်မူခြင်း ဖြစ်ပါသည်။ မိမိကိုယ်နှင့် အစဉ်အလာများအားလုံးအတွက် အသေခံတော်မူပါသည်။ ကျွန်တော်သည် ကိုယ်တော်ရှင်၌ ထပ်တူထပ်မျှ ဖြစ်ပါသည်။ အီစတာ နံနက်ခင်းတွင်လည်း ကိုယ်တော်ရှင်နှင့်အတူ ထပ်တူထပ်မျှဖြစ်၍ ပင်တေကုတ္တေနေ့တွင်လည်း သန့်ရှင်းသော ဝိညာဉ်တော် ဆင်းသက်လာသောအခါ ကြီးမားစွာ တိုက်ခတ်လာသော လေပြင်းမုန်တိုင်းကဲ့သို့ဖြစ်ရပါသည်။ ကျွန်တော် သည် ကိုယ်တော်နှင့်ထပ်တူထပ်မျှ ဖြစ်ရပါသည်။ ကိုယ်တော်ရှင်ဖြစ်သမျှသည် ကျွန်တော်ဖြစ်၍ ကျွန်တော်ဖြစ်သမျှ သည်လည်း ကိုယ်တော်ရှင် ဖြစ်တော်မူပါသည်။ အာမင်။ ကိုယ်တော်ရှင်၌အသေဖြစ်၍ ကိုယ်တော်ရှင်နှင့်အတူ ထပ်တူ ဖြစ်ရပါသည်။ ကိုယ်တော်ရှင်ဖြစ်တော်မူသည့်အတိုင်း ကိုယ်တော်ဖြစ်တော်မူ ပါသည်။ အာမင်၊

147 ၁၄၇။ ဤနိုင်ငံသည် ကျွန်ုပ်၏နိုင်ငံပင် ဖြစ်ပါသည်။ ကျွန်ုပ်ပင် ဖြစ်ပါသည်။ ထိုသို့ဖြစ်ရသည်ကို ကျွန်တော်ဂုဏ်ယူပါသည်။ သူမ၏အရှက်တကွဲ ဖြစ်ရခြင်းအမှုကို ကျွန်တော်ခံယူရန် အဆင်သင့်ဖြစ်ပြီး အမေရိကန်ဖြစ်ရခြင်း၏ အားနဲချက်များကို ခံယူရန် ကျွန်တော်အဆင်သင့် ဖြစ်လျှက်ရှိပါသည်။ သခင်ယေရှုနှင့် ပတ်သက်လျှင် ကျွန်တော်က နှစ်ဆပို၍ ခံစားရရန် ရှိပါသည်။ ကိုယ်တော် ရှင်ဖြစ်ပျက်ခဲ့သမျှမှာ ကျွန်တော်ပင်ဖြစ်ပါသည်။ ကိုယ်တော်ရှင်နှင့် ထပ်တူ ထပ်မျှ ဖြစ်ရန်အတွက် ကျွန်တော်လိုလားပါသည်။

ထိုတမန်တော်များက ပြန်လာကြသောအခါ သူတို့စဉ်းစားမိကြပါသည်။ ဟာသပြုလုပ်ခြင်းခံရပြီး အမျိုးစုံခေါ်ဆိုခြင်း ခံရပါသည်။ သူတို့စဉ်းစားမိသည့် အရာမှာ ကိုယ်တော်ရှင်၏ နာမတော်နှင့်ပတ်သက်၍ ဝမ်းနည်းစရာများကို ခံယူရန်အတွက် ကြီးမြတ်စွာဂုဏ်ယူရန် ဖြစ်သည်ဟု သူတို့ကစဉ်းစားကြပါ သည်။

ယနေ့ကျွန်တော်သည် သူတို့နှင့်အတူ တစ်ဦးအပါအဝင် ဖြစ်ရသည်ကို ဝမ်းသာပါသည်။ နှုတ်ကပတ်တော်နှင့် ထပ်တူဖြစ်ရ သောအခွင့်ကို ရသဖြင့်သော်၎င်း၊ ကိုယ်တော်ရှင်နှင့် ဗတ္တိဇံခံရသောအခွင့်ကို ရသဖြင့်သော်၎င်း၊ ကိုယ်တော်ရှင်ကဲ့သို့ပုံသဏ္ဍာန်တော်၌ ကိုယ်တော်ရှင်၏နှုတ်ကပတ်တော်၌ ထပ်တူ ဖြစ်ခွင့်ရပါသည်။ ကိုယ်တော်ရှင်အထဲ၌ ဖြစ်ပါသည်။ ငါသည် ခရစ် တော်၌ရှိလျှင် ငါသည်ကိုယ်တော်ရှင်၏ နှုတ်ကပတ်တော်ပင် ဖြစ်ပါသည်။ ကိုယ်တော်ရှင် ဖြစ်တော်မူသည်အတိုင်း ကျွန်တော်လည်း ဖြစ်ခွင့်ရပါသည်။ အာမင်၊ သင်သဘောပေါက်ပါသလား? ကောင်းပါပြီ။

148 ၁၄၈။ ဖော်ပြခြင်းခံရသော နှုတ်ကပတ်တော်(သို့) ဗျာဒိတ်ကျမ်းတွင် ဖော်ပြထားသော အကြောင်းအရာမှာ ရှိနေပါသည်။ သို့ဆိုလျှင် ကျွန်တော်ကိုဘယ်နေရာမှာ ထားပါသနည်း။? ကိုယ်တော်ရှင်သည် Shekinah ဘုန်းတော်ဖြစ်ပါက ကျွန် တော်သည်လည်း တစ်စိတ်တစ်ဒေသ ဖြစ်ခွင့်ရပါသည်။ အာမင်၊ အို ၊ အာမင်၊ မှန်ပါသည်။ နှုတ်ကပတ်တော်ကိုယ်တိုင်က မိမိကိုယ်ကို ဖော်ပြခြင်း ဖြစ်ပါ သည်။ စဉ်းစားကြည့်ပါ။ ဘုရားသခင်၏ နက်နဲရာများကို ဤနေရက်တွင် ကောင်းကင်ဆိုင်ရာ သတင်းစကားပြောဆိုသူက သိခွင့်ပေးပါသည်။ မောရှေကို စေလွှတ်တော်မူသော အလားတူမီးတိုင်က သမ္မာကျမ်းစာကို ရေးသားခြင်းဖြစ် ပါသည်။ ဒမသက်မြို့သို့သွားရာလမ်းတွင် ပေါလုရင်ဆိုင်ခဲ့ရသောအလားတူမီး တိုင်မှာ ဓမ္မသစ်ကျမ်းတွင် ပေါလုရေးသားသော အကြောင်းအရာပင် ဖြစ်ပါသည်။

မဿဲ၊ မာကု၊ လုကာနှင့်ယောဟန်ကို သတိရပါ။ သူတို့မြင်သောအရာကို သာ သူတို့ရေးသားခြင်းဖြစ်ပါသည်။ သို့သော်လည်း ပေါလုက ဗျာဒိတ်ရပါ သည်။ သူကဆွဲထုတ်လိုက်ပါသည်။ မီးတိုင်နှင့်သူကိုယ်တိုင်ရင်ဆိုင်ရပါသည်။

149 ၁၄၉။ ယောသပ်မှာ သူတို့၏နေ့ရက်ကာလများက အကြောင်းအရာများကို ပြန် လည်၍ ပြောကြားခဲ့ပါသည်။ မောရှေသည် မြင်ကွင်းပေါ်တွင် ပေါ်လာသောအခါ သူသည်ဗျာဒိတ်တော်ကို ရပါသည်။ သူသည် မီးတိုင်နှင့်ရင်ဆိုင်ခဲ့ရသည်။ မောရှေအား ဖော်ပြခြင်းခံရ၍ သမ္မာကျမ်းစာ၏ ပထမဆုံးစာစောင်(၄)စောင်ကို ရေးသားခဲ့ပါသည်။ ကမ္ဘာဦးကျမ်းမှ စတင်၍ရေးသား ခဲ့ခြင်းပင် ဖြစ်ပါသည်။ အကြောင်းမှာ သူသည်ဘုရားသခင်ကို မီးတိုင်ပုံသဏ္ဌာန်ဖြင့် တွေ့ဆုံ ခဲ့ရခြင်းကြောင့်ပင် ဖြစ်ပါသည်။ မီးတိုင်အားဖြင့် ဖုံးကွယ်ခြင်းခံရပါသည်။

ပေါလုက ကိုယ်တော်ရှင်အား လမ်းမပေါ်တွင်တွေ့ဆုံရသောအခါ .... တပည့်တော်များက ကိုယ်တော်ရှင်ဘာလုပ်သည်ကို တွေ့မြင်၍ ရေးသားပါ သည်။ သို့သော်လည်း မောရှေထံမှာ ဗျာဒိတ်တော်ရှိပါသည်။ အီဂျစ်နိုင်ငံသို့(၃)နှစ်ခန့်က ဆင်းသွား၍ လေ့လာကြည့်ရှုပြီးနောက် ဓမ္မဟောင်းကျမ်းမှ ဘုရားသခင်က ဓမ္မသစ်ကျမ်း၏ယေရှုဖြစ်ကြောင်း သိရပါသည်။ “ကောင်းကင် ဆိုင်ရာ ရူပါရုံကို ကျွန်တော်ကနာခံမှုမရှိခြင်းပင် ဖြစ်ပါသည်။” မှန်ပါသည်။

၎င်းအရာကို စဉ်းစားကြည့်ပါ။ အလားတူမီးတိုင်သည် သမ္မာကျမ်းစာကို ရေးသားသူများအပေါ်သို့သက်ရောက်သည်။ ထိုမီးတိုင်က ယနေ့သမ္မာကျမ်းစာကို အနက်ဖွင့်ပေးလျှက် ရှိပါသည်။ အာမင်၊ ကိုယ်တော်ကို ထိုအရာအတွက် ကျွန်တော်တို့ကျေးဇူးတင်ပါသည်။ ထိုနည်းတူပင် ဖြစ်ပါသည်။ မည်မျှနှစ် သက်ဘွယ်ကောင်းပါသနည်း? ထပ်တူထပ်မျှပင် ဖြစ်ပါသည်။ ထိုသို့ထပ်တူထပ်မျှဖြစ်ခြင်းအတွက် ကျွန်တော်အလွန်ဝမ်းသာပါသည်။ ကျွန်တော်ဘာလုပ်ရမှန်း မသိပါ။ နှစ်ခြင်း၊ မက်သ ဒစ်၊ ပရက်ဘီတေးရီးယန်း၊ လူသာရင်နှင့်၎င်းတို့တွင် ကျန်လူများအားလုံးကို ကျွန်တော်က ထပ်တူထပ်မျှပင် ခံစားရပါ သည်။ ထိုနှုတ်ကပတ်တော်ထဲတွင် ထပ်တူထပ်မျှ ဖြစ်၍ Shekinah ဘုန်းတော်နှင့်ဗျာ ဒိတ်တော်က ကျရောက်လျှက်ရှိ ပါသည်။

150 ၁၅၀။ မီးတိုင်ကို ကျွန်တော်တို့အကြားတွင် တွေ့ရပါသည်။ သိနာတောင်ပေါ်တွင် ပြုလုပ်သကဲ့သို့သတင်းစကားသည် မှန်ကန်ကြောင်း ထပ်တူထပ်မျှ ပြောဆိုပါသည်။ စစ်မှန်သောသတင်းစကား မပေါ်ထွက်လာမီ မောရှေကတရားဟော၍ သူတို့အား အီဂျစ်ပြည်မှ ထွက်ခွာစေပါသည်။ တစ်ကယ်စစ်မှန်သောနှုတ်က ပတ်တော်များကို မချမှတ်မီ (တံဆိပ်များကို ယူဆောင်လာပါသည်။) ဘုရားသခင်က လူအများရှေ့တွင် ဆင်းသက်ကြွလာတော်မူပြီး မောရှေမှာ ဘုရား သခင်ထံမှ စေလွှတ်ခြင်းခံရသောသူ ဖြစ်ပါသည်။ မောရှေစကားပြောသော မီးတိုင်ထဲမှ သူသည်ခြုံကိုတွေ့မြင်ခဲ့၍ ကိုယ်တော်ရှင်အ ကြောင်း ပြောဆိုခဲ့ပါ သည်။

ဤနောက်ဆုံးသောကာလတွင် ထိုမီးတိုင်ကို ကျွန်ုပ်တို့အလယ်တွင်တွေ့မြင် နိုင်ရန်အတွက် အလားတူနှုတ်ကပတ်တော်ကို သာ ပြောဆိုရပါမည်။ ထိုအရာ တစ်ခုတည်းသာမကဘဲ ၎င်းကိုဖော်ပြခြင်းအားဖြင့် အနက်ဖွင့်ဆိုရန်အတွက် ဖြစ်ပြီး ၎င်းသည် သမ္မာတရားဖြစ်ကြောင်း သက်သေပြရပါမည်။ ထို့ကြောင့် လူအများသည် စိတ်နှလုံးဆန္ဒရှိပါက မယုံကြည်ရန်အတွက် တစ်လမ်းတည်းသာ မရှိတော့ပါ။ “သမ္မာတရားနှင့်သက်ဆိုင်သော အသိတရားရှိလျှက်နှင့် တမင်သက်သက် အပြစ်ပြု လုပ်ပါက အပြစ်အတွက် ပူဇော်ရန်မလိုအပ်တော့ပါ။”

151 ၁၅၁။ မောရှေထံသို့အလားတူမီးတိုင်ကိုစေလွှတ်၍ သမ္မာကျမ်းစာရေးသူ ပေါလုထံသို့လည်း ထပ်မံ၍ဖော်ပြရန်အတွက် စေလွှတ်ခြင်းခံရပါသည်။ ဘုရားသခင် ၏ကျေးဇူးတော်၊ (မဿဲ ၂၈)၏ဂတိတော်များကို ပြည့်စုံစေသော မပြောင်းလဲသည့် ဘုရားသခင်သည် “ငါသည် သင်တို့နှင့်အတူ ကပ်ကမ္ဘာကုန်ဆုံးသည့်တိုင်အောင် အတူရှိတော်မူသည်။” ဟုဆိုထားပါသည်။ (ယောဟန် ၁၄း၁၂)ကိုပြည့် စုံစေပါသည်။ “ငါပြုသောအမှုတို့ကို ပြုကြလိမ့်မည်။” ဟု (ယောဟန် ၁၄း၁၂) ကိုလည်း ပြည့်စုံစေပါသည်။ (လုကာ ၁၇း၂၈-၂၉)ကိုလည်း ပြည့်စုံစေပါမည်။ “နောက်ဆုံးသောနေ့ရက်များတွင် လူသားကို ဖော်ပြတော်မူမည်။” (မာလခိ ၄) တွင် ဖော်ပြသကဲ့သို့ပရောဖက်ဧလိယကို စေလွှတ်၍မူလနှုတ်ကပတ်တော် သို့ပြန်လည်၍ လူတို့၏ယုံကြည်ခြင်းကို ရှိစေမည်ဟု ဆိုထားပါသည်။

152 ၁၅၂။ မိမိကိုယ်ကို ကျွန်ုပ်တို့အားဖော်ပြရန်အတွက် ကိုယ်တော်ရှင်က အသေခံ တော်မူပါသည်။ “အခြားသောသူများကို ဖော်ပြရန်အတွက် ကျွန်ုပ်တို့သည် မိမိကိုယ်ကို ငြင်းပယ်ရပါမည်။ အစဉ်အလာများနှင့် စသည်တို့အတွက် အသေ ဖြစ်ခြင်းအားဖြင့် အခြားသောသူများကို ကိုယ်တော်ရှင်အား ဖော်ပြတော်မူကြပါစို့။ ဂိုဏ်းဂဏများအတွက် အသေဖြစ်၍ အခြားသောသူများအတွက် ကိုယ်တော် ကိုဖွင့်ပြကြပါစို့။

153 ၁၅၃။ ရှေးဟောင်းဗိမာန်တော်ထဲတွင် Shekinah ဘုန်းတော်ရှိ၍ Shekinah အလင်း သည် နှုတ်ကပတ်တော်အပေါ်သို့ သက်ရောက်ပါသည်။ နှုတ်ကပတ်တော်သည် မျိုးစေ့ဖြစ်ပါသည်။ ၎င်းသည် ယုံကြည်သူများအတွက်သာ ရှေ့တော်မုန့်ကိုယူ ဆောင်ဆက်သခြင်း ဖြစ်သည်။ အသွေးတော်သည်လည်း ပဋိညာဉ်အပေါ်သို့သက်ရောက်ပါသည်။ ရေသည်အသွေးတော် ဖြစ်ပါသည်။ မျိုးစေ့၊ ဂျုံ၊ အစေ့တို့ သည် အသက်ရှင်စေသောရေ ဖြစ်ပါသည်။ ၎င်းတို့သည် နှုတ်ကပတ်တော်ဖြစ် ပါသည်။

သခင်ယေရှုပြောသကဲ့သို့ပင် ဖြစ်ပါသည်။ “မောရှေသည် ကြေးဝါမြွေရုပ် ကိုမြှောက်ထားသကဲ့သို့ ဖြစ်ပါသည်။ “ဘုရားသခင်သည် မိမိ၌တပါးတည်း သောသားတော်ကို စွန့်တော်မူသည့်တိုင် လောကီသားတို့ကို ချစ်တော်မူသည်” ဟုဆိုထားပါသည်။ မောရှေသည် တောထဲတွင်ကျောက်ကို ရိုက်၍ပျောက်ဆုံး နေသောသူများကို ကယ်တင်ရန်အတွက် ရေကိုထွက်စေပါသည်။ ဘုရားသခင်က သခင်ယေရှုကို ထိုးနှက်တော်မူ၍ ကိုယ်တော်အထဲမှ ဝိညာဉ်ကိုထွက်လာစေ ရန်အတွက် ပျောက်ဆုံးသောသူများကို ကယ်တင်ခဲ့ပါသည်။ အသွေးတော်သည် ကိုယ်တော်ရှင်အထဲမှ လာခြင်းဖြစ်၍ “နှုတ်ကပတ်တော်အားဖြင့် ဆေးကြောသောရေ” ဖြစ်ပါသည်။ (ရေသည် မျိုးစေ့အတွက် အသက်ကိုဖြစ်စေပါသည်။) Shekinah ဘုန်းတော်ယူဆောင်လာ၍ နှုတ်ကပတ်တော်အပေါ်တွင် ထွန်းတောက် တော်မူပါသည်။ ရှေ့တော်မုန့်ကိုလည်း ဆောင်ယူလာပါသည်။ ရှေ့တော်မုန့်မှာလည်း ရွေးချယ်ထားသောသူများအတွက်ပင် ဖြစ်ပါသည်။

154 ၁၅၄။ ယခုအခါတွင် ကန့်လန့်ကာထဲသို့ဖြတ်ဝင်သွားသောအခါ ကိုယ်တော်ရှင် ရှေ့တော်သို့နူတ်ကပတ်တော်ရှိသည့် နေရာသို့ ရောက်ပါသည်။ (ယုံကြည်ချက် ရှိသည့်နေရာ မဟုတ်ပါ။) နူတ်ကပတ်တော်၌ရှိ၍ Shekinah ဘုန်းတော်ကိုတွေ့ရ ပြီး ဘုန်းတန်ခိုးတော်ကိုလည်း တွေ့ရပါသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် နူတ်ကပတ်တော်အပေါ်တွင် ထွန်းလင်းတောက်ပတော်မူ၍ ဂတိတော်ကို ဆောင်ယူလာပါသည်။ သင်သည် ကန့်လန့်ကာနောက်ကွယ်တွင် ရှိနေတော်မူ ကြောင်း ပြသတော်မူပါသည်။ အာမင်၊ ကျွန်တော်သည် ကန့်လန့်ကာများဖုံး အုပ်လျှက် ဘုန်းတော်ကျရောက်ခြင်းမရှိသည့် မြစ်ကြီးများကို ဖြတ်ခဲ့ရပါသည်။

ဟာလေလုယာ၊ ဟာလေလုယာ၊ (ကျွန်ုပ်သည် ဘုရင်၏ရှေ့တော်တွင် အသက် ရှင်နေထိုင်ခွင့်ရပါသည်။)

ကျွန်တော်သည် ကန့်လန့်ကာများ ဖုံးအုပ်လျှက်ဘုန်းတော်ကျရောက်ခြင်း မရှိ သည့်မြစ်ကြီးများကို ဖြတ်ခဲ့ရပါသည်။

ကျွန်ုပ်သည် ဘုရင်၏ရှေ့တော်တွင် အသက်ရှင်နေထိုင်ခွင့်ရပါသည်။

155 ၁၅၅။ ဟောင်းနွမ်းနေသော သားရေတည်းဟူသော ဂိုဏ်းဂဏများ ပျောက်ကွယ် သွားရပါသည်။ ရှီတီနာ ဘုန်းတော်အ တွင်းသို့ ကျွန်တော်ချိုးဖောက်၍ ဝင် ရောက်နိုင်ခဲ့ပါသည်။ နူတ်ကပတ်တော်ကို ကျွန်တော်တွေ့မြင်ရပါသည်။ မီးတိုင် ရွှေ့လျားသွားသည်ကို ကျွန်တော်တွေ့ရသည်။ နူတ်ကပတ်တော်ဖေါ်ပြခြင်း ခံရသည်ကို ကျွန်တော်တွေ့ရပါသည်။ ဤနောက် ဆုံးသောကာလတွင် သူပြုလုပ်မည်ဟု ပြောသည့်အရာကို ကြီးထွားလာကြောင်း ကျွန်တော်တွေ့ရပါသည်။ နူတ်ကပတ်တော် မှည့်ဝင်း၍ ရောက်လာခြင်းဖြစ်ပါသည်။ အာမင်၊ မည်မျှနှစ်သက်ဘွယ်ကောင်းသော အချိန်နာရီ ဖြစ်ပါသနည်း? ရှီတီနာမှာ နူတ်ကပတ်တော်အပေါ်တွင် သက်ရောက်နေပါသည်။ ထိုအောက်တွင် မုန့်ရှိပါသည်။ သွေးတော်ဖြင့် ပက်ဖျန်းထားခြင်းကို တွေ့ရပြီး ၎င်းကိုရေပေးသကဲ့သို့ဖြစ်ပါသည်။ နူတ်ကပတ်တော်ကို ဝိညာဉ်တော်က အသက်ပေးခြင်း ဖြစ်ပါသည်။ .....(ဘယ်နှစ်ဦး ဖတ်ရပါသနည်း? သို့မဟုတ် အခွေနားထောင်ရပါသလား? The Prial စစ်ဆေးခြင်းနှင့်ပတ်သက်သော အခွေဖြစ်ပါသည်။ ခင်ဗျား တို့ ဘယ်နှစ်ဦးထံမှာ ရှိပါသနည်း¿).... ထိုနူတ်ကပတ်တော်သည် ကြီးထွား လာရပါမည်။ ကြီးထွားလာရန်အတွက် မှန်ကန်သောမြေပေါ်တွင် ကျရောက် ရပါမည်။ ဘုရားသခင်ဂတိပေးတော်မူ၍ ထိုနှလုံးသားကို ထိုခိုက်မည်ဖြစ် သည်။ ပျက်စီးခြင်းမရှိနိုင်ပါ။

156 ၁၅၆။ နောသည် နှစ်ပေါင်း(၁၂၀)စောင့်စားခဲ့ပါသည်။ အာဗြဟံသည် ကလေး ငယ်ကို (၂၅)နှစ်ကြာ စောင့်စားခဲ့ပါသည်။ ဘုရားသခင်ကလည်း ကြိုတင်ပြော ပြထားသည်အတိုင်း ဖြစ်ပါသည်။ နူတ်ကပတ်တော်သည် ထိုနေရာတွင်ရှိ၍ ယုံကြည်ခြင်း အားဖြင့် ရေလောင်းထားပြီးသား ဖြစ်ပါသည်။ ယုံကြည်လျှက် ရှိသဖြင့် ၎င်းအရာက ရလဒ်များကို ဖြစ်ပေါ်လာစေပါသည်။ သားယောက်ျားကို ဖွားမြင်စေပါသည်။ မိုးရွာစေပါသည်။ ရေလွှမ်းမိုးမှုကို ဖြစ်ပေါ်စေပါသည်။ ပဋိသန္ဓေကိုဆောင်ယူသော အပျိုကညာကို ဖြစ်ပေါ်လာစေပါသည်။

ပရောဖက်ဆိုသောစကားမှာ "သတိုသမီးကညာသည် ပဋိသန္ဓေစွဲယူမည်" ဟုဆိုပါသည်။ ပရောဖက်ဟေရှာယမှာ ထင်ရှား သောပရောဖက်ဖြစ်၍ ဘုရားသခင်၏ဖေါ်ပြချက်ကို ရရှိထားသူဖြစ်ပါသည်။ ကိုယ်တော်ရှင်မိန့်တော်မူသည်မှာ "အပျိုကညာ သည် ပဋိသန္ဓေစွဲယူ၍ သဘာဝထက်လွန်ကဲသော နိမိတ် လက္ခဏာကို သူတို့အား ငါပြသမည်။ ကြီးမားသောနိမိတ်လက္ခ ဏာဖြစ်၍ အပျိုကညာ ပဋိသန္ဓေစွဲယူမည် ဖြစ်ပါသည်။

157 ၁၅၇။ သူတို့အားလုံး ယုံကြည်သူများအားလုံး သင်တို့အားလုံးကဲ့သို့ပင် ဖြစ်ပါသည်။ ထိုပရောဖက်ပြောသည်ကို သူ တို့ကြားကြရပါသည်။ ထိုမျိုးဆက်ကွယ် ပျောက်သွားပြီဟု သူတို့ထင်မြင်ယူဆကြပါသည်။ "ထိုပရောဖက်မှာ ဘုရားသခင်ဖေါ် ပြထားသော ပရောဖက်ဖြစ်၍ တစ်စုံတစ်ခုမှားယွင်းနေကြောင်း သူမည်သို့ပြောကြားနိုင်ပါသနည်း? ထိုသို့ပင် ဖြစ်ရပါမည်။

နောက်နှစ်ပေါင်း(၂၀၀)ကြာသောအခါ သူမသည်သားယောက်ျားကို ဖွားမြင်ပါသည်။ "ကောင်းကင်နှင့်မြေကြီး မတည်သော် လည်း ငါ့စကားတည် လိမ့်မည်" ဟုဆိုထားပါသည်။

158 ၁၅၈။ "နောက်ဆုံးသောနေ့ရက်များတွင် ဖြစ်ပေါ်လာမည်ဟု ဘုရားရှင်ကမိန့် တော်မူသည်။" သဘောပေါက်ပါသလား? အလင်းသည် နူတ်ကပတ်တော်အပေါ် သက်ရောက်ပါသည်။ နေ၏အလင်းသည် မျိုးစေ့ကို ဘုန်းတော်တစ်ခုမှ တစ်ခုသို့ ပြောင်းလဲစေသကဲ့သို့ ကျွန်ုပ်တို့မှာလည်း ပို၍ပို၍ ကိုယ်တော်ရှင်နှင့်တူ လာပါသည်။ ကိုယ်တော်ရှင်၏ရှေ့တော်မှောက်တွင် ကျွန်တော်တို့အသက်ရှင် နေကြစဉ်အချိန်တွင် ကိုယ်တော်ရှင်ကဲ့သို့ဖြစ်ပေါ်လာပြီး သူ၏ကောင်းချီးခံရသော ပုံရိပ်အတိုင်း ပြောင်းလဲ၍ကိုယ်တော်ရှင်နှင့်အတူ လျှောက်လှမ်းရသော အခွင့်ကို ရရှိကြပါသည်။

နေကဘာလုပ်သည်ကိုကြည့်ပါ။ သင်သည် မျိုးစေ့ကိုချလိုက်လျှင် ဘာဖြစ် လာပါမည်နည်း။? ထိုအစေ့မှာ ပုပ်သွားပါသည်။ အစေ့ထဲတွင် အသက်ရှိပါသည်။ အသက်ပေါ်ထွက်လာပြီး အညှောင့်ပေါက်လာပါသည်။ ၎င်းသည်ပထမ ဆုံးအရာနှင့် မတူညီပါ။ လူသာသည် အညှောက်ဖြစ်ပါသည်။ အညှောက်မှာ ဆက်လက်၍ ကြီးထွားလာပြီး သင်တို့သိထားသည့်အတိုင်း ပထမဆုံးဖြစ်ပေါ် လာသည့်အရာမှာ ပန်းပွားပင်ဖြစ်ပါသည်။ ဝက်စလီယန်တို့၏ နိုးထမှုမှာ ၎င်းနှင့်မတူညီပါ။ ၎င်းနောက် ပင်တေကုတ္တေနိုးထမှု ပေါ်ပေါက်လာပါသည်။ သန့်ရှင်းသောဝိညာဉ်တော်ဗတ္တိဇံကို ပေါ်ထွက်လာစေပါသည်။ ကောင်းပြီ။ ဘာဖြစ်လာပါသနည်း? နားရွက်ထဲတွင် မှိုစွဲစေခြင်းဖြစ်ပါသည်။ မှားယွင်းပုံ ပေါ်ပါသည်။ ဤအရာ၊ ထိုအရာ၊ နူတ်ကပတ် တော်နှင့်မတူပါ။ ကျန်သောအရာများကဲ့သို့မဟုတ်ပါ။ မူလမျိုးစေ့ဝင်ရောက်သွားသကဲ့သို့မဟုတ်ပါ။ သို့သော်လည်း ဘုရားသခင်မှာ ထိုနေရာတွင် ရှိနေဆဲဖြစ်၍ ထိုသို့ပြုလုပ်ရန်ပင်ဖြစ် ပါသည်။ အလားတူပင်ဖြစ်ပါသည်။

159 ၁၅၉။ ၎င်းသည် ဘာလုပ်နေပါသနည်း? သတိပြုကြည့်ပါ။ နောက်ဆုံးမူရင်းမျိုး စေ့သို့ တစ်ဖန်ပြန်လည်ရောက်သွားပါသည်။ သူသည် မာတင်လူသာ၏ ပုံစံဖြင့်သော်၎င်း၊ ပင်တေကုတ္တေများ၏ ပုံစံဖြင့်သော်၎င်း၊ ဂျွန်ဝက်စလီ၏ပုံစံဖြင့်သော် ၎င်း၊ ပင်တေကုတ္တေများ၏

ပုံစံဖြင့်သော်ငြား၊ ရောက်လာပါက သူသည်မိမိ ကိုယ်ကို ဘုရားသားတော်အဖြစ်ဖော်ပြပြီး အညောက်ကာလတစ်လျှောက်နှင့် တောက်လျှောက် ဤနောက်ဆုံးသောကာလအထိ ဖြစ်ပါသည်။ သူသည်မိမိ ကိုယ်ကို လူသားအဖြစ်ထပ်မံ၍ ဖော်ပြရဦးမည်။

အစအဦးမှာကဲ့သို့ပုံသွင်းခံရခြင်းဖြစ်ပါသည်။

160 ထိုရိုးတံသည် ဘာကိုပေါ် ပေါက်လာစေပါသနည်း¿ တချိန်လုံးကြီးထွားနေပါ မည်။ ထိုရိုးတံကလေးမှာ ကြီးထွားလာပြီး မူရင်းမျိုးစေ့ကဲ့သို့မဟုတ်ပါ။ လူသာ၏သတင်းစကားမှာလည်း မဟုတ်ပါ။ ၎င်းတို့နှင့်အတူ အခြားသတင်းစကားမှာလည်း ရောက်လာပါသည်။ Finney, Sankey, Knox, Calvin နှင့်တောက် လျှောက်ဖြစ်သည်။ သူတို့သည် သတင်းစကားဖြစ်သည်။ သို့သော်လည်း ဗျာဒိတ်အပြည့် အဝကိုရရှိခြင်း မဟုတ်ပါ။ အကြောင်းမှာ ၎င်းသည် အချိန်အခါ မဟုတ်သောကြောင့် ဖြစ်ပါသည်။ သင် သည် အချိန်မရောက်သေးဘဲနှင့် ပြောင်းဖူးကို အခွံတပ်၍မရပါ။ နောက်ဆုံး မူရင်းမျိုးစေ့သည် တစ်ဖန်ပြန်လည်၍ရောက်လာပြီး မြေကြီးထဲ ဝင်သွားပါသည်။

161 ၁၆၁။ ဘုရားသခင်သည် သဘာဝကိုအတိအကျ လိုက်နာပါသည်။ သူသည်သိုးသူ ငယ်အဖြစ် မွေးဖွားလာသည်။ နွားစား ခွက်ထဲမှ မွေးဖွားရခြင်း အကြောင်းရင်းပင် ဖြစ်ပါသည်။ သိုးများမှာ အိပ်ယာပေါ်တွင် မွေးဖွားခြင်းမဟုတ်ပါ။ သူ့အား ကားတိုင်တော်သို့ ကိုယ်တော်ရှင်က ပို့ဆောင်ခဲ့ပါသည်။ သိုးများကိုလည်း ထိုသို့ပင်သတ်ရန် ခေါ်သွားခြင်းခံရပါသည်။ ဆိတ်များက သူတို့ကိုသတ်သည့် နေရာသို့ ဦးဆောင်၍ခေါ်သွားပါသည်။ သားသတ်ရုံပင် ဖြစ်ပါသည်။ ကိုယ်တော်ရှင် ကိုလည်း သားသတ်ရုံသို့ခေါ်ဆောင်သွားခြင်း ခံရပါသည်။ သူသည် သိုးဖြစ်သောကြောင့် ဖြစ်ပါသည်။

သဘာဝတွင် ကိုယ်တော်ရှင်အား အရာခပ်သိမ်းက အသိအမှတ်ပြုပါသည်။ ထိုအကြောင်းကြောင့် ကိုယ်တော်ရှင်သည် မတ်လ(သို့)ဧပြီလတွင် မွေးဖွားရခြင်း ဖြစ်ပါသည်။ ဒီဇင်ဘာလတွင် မွေးဖွားခြင်းမဟုတ်ပါ။ ဖြစ်လည်း မဖြစ်နိုင်ပါ။ ထိုအချိန်မှာ နှင်းကျသဖြင့် မြေပေါ်မှပေ(၂၀)ခန့်အထိ နှင်းများဖုံး အုပ်လျှက် ရှိပါသည်။ ကိုယ်တော်သည် နေဘုရားမဟုတ်ပါ။ ဘုရားသားတော် ဖြစ်ပါသည်။ ရောမနေဘုရားသည် ဒီဇင်ဘာလ(၂၅)ရက်တွင် မွေးဖွား၍ရောမ အသိုင်းအဝိုင်းတွင် နေဘုရား၏မွေးနေ့ကျင်းပကြသည်။ သူတို့က ဘုရားသားတော်ပြုလုပ်ကြသည်။ ကိုယ်တော်ရှင်သည် ဘုရားသားတော်ဖြစ်ပါ သည်။ သူ၏ မွေးနေ့မှာ ကျန်သောသဘာဝအရာများနှင့်သာ ဆိုင်ပါသည်။ အချိန်အနည်း ငယ်ကျန်သဖြင့် ဆက်လက်၍ ပြောပါဦးမည်။

162 ၁၆၂။ ယခုအခါမှာ အပြစ်ကင်းစင်ခြင်းအတွက်ပင် ဖြစ်ပါသည်။ ရိုးတံကိုပုံဖော် လိုက်ပြီးနောက် ပန်းပွားဖြစ်ပေါ်လာပါသည်။ ဂျုံစေ့သည် ပြည့်တက်လာသောအခါ ၎င်းသည်ပြည့်ဝစုံလင်ခြင်းသို့ရောက်လာပါသည်။ ပုံမှန်ဂျုံစေ့သို့တစ်ဖန်ပြန်လည်၍ ရောက်ရှိပါသည်။ မျိုးစေ့သည် အောင်မြင်၍ အပင်ပေါက်ရပါမည်။ အပင်မပေါက်ပါက အသက်ရှင်မည်မဟုတ်ပါ။ မျိုးစေ့ပေါက်ပွားလာရန် လိုအပ်ပါသည်။ ရိုးတံထဲတွင်ရှိသော အလားတူအသက်မှာ မျိုးစေ့ထဲတွင်လည်း ရှိပါသည်။ မိမိဖာသာ ရင့်ကျက်မှုရှိလာခြင်း ဖြစ်ပါသည်။ သူသည်မိမိ ကိုယ်ကိုမိမိဖော်ပြခြင်းပင်ဖြစ်ပါသည်။ မိမိကိုယ်ကို ဘာဖော်ပြခြင်းဖြစ်ပါသနည်း? လူသားဖြစ်သည်။ မြေကြီးထဲသို့ဝင်သွားသော မျိုးစေ့ဖြစ်ပါသည်။ သတင်းစကားကို သိပါသလား?

ဂရိများက ကိုယ်တော်ရှင်ကို ပြောပြပါသည်။ "ကျွန်ုပ်တို့ယေရှုကို မြင်ရပါမည်" ဟူ၍ ဖြစ်သည်။

ဂရိများက ကိုယ်တော်ရှင်ကို ပြောပါသည်။ "ကျွန်ုပ်တို့ယေရှုကိုမြင်ရပါလိမ့်မည်" ဟုဆိုသည်။

ကိုယ်တော်ရှင်ကဆိုပါသည်။ "မြေကြီးထဲသို့မျိုးစေ့ကျရောက်ခြင်းမရှိပါက" ဟုဆိုသည်။

163 ၁၆၃။ သူသည် သူ့ကိုယ်သူ နောက်ထပ်ဘာဖော်ပြပါသနည်း? မတူညီသောပုံစံမျိုး ဖြင့်ဖြစ်၍ ရိုးတံနှင့်ပန်းပွား စသည် တို့ဖြစ်ပါသည်။ အရွက်များအားလုံးနှင့် အရာခပ်သိမ်းပင် ဖြစ်ပါသည်။ သူသည် သူ့ကိုယ်သူဖော်ပြပြီးနောက် ဘာဖြစ်မည် နည်း? တူညီသောဝိညာဉ်တော်ဖြစ်သော်လည်း ပုံစံကွာခြားပါသည်။ ထိုပြောင်းဖူး၏ နောက်ဆုံး အခြေအနေမှာ မည်သို့ဖြစ်ပါ သနည်း? မူရင်းမျိုးစေ့သို့ပြန်ရောက်သွားပါသည်။ မှန်ပါသလား?

သူ၏သာသနာတော်မှာ မူရင်းနှုတ်ကပတ်တော်သို့တစ်ဖန်ပြန်သွားခြင်း ဖြစ်၍ ပြန်လည်ပြုပြင်ရေးအချိန်သို့ရောက်ပါသည်။ ပရောဖက်ထံသို့နှုတ်က ပတ်တော်ရောက်လာပြီး မာလခိ(၄)တွင် သူ၏ဂတိတော်ရှိပါသည်။ မူရင်းမျိုး စေ့သို့ပြန်လည်၍ လူသားများ၏ယုံကြည်ခြင်းကို ပြန်လည်၍ရောက်ရှိစေခြင်း ဖြစ်ပါသည်။ မျိုးစေ့သည် အထက်သို့တက်လာပါသည်။ ဘုရားသားတော်အဖြစ် တက်လာခြင်း ဖြစ်ပါသည်။ ဤနေရာတွင် လူသားအဖြစ် မိမိကိုယ်ကိုဖော်ပြ ခြင်း ဖြစ်ပါသည်။ ၎င်းနောက် မိမိကိုယ်ကို ဒါဝိဒ်၏သားတော်အဖြစ် ပလ္လင်ပေါ်တွင် ဖော်ပြခြင်းဖြစ်ပါသည်။ သူတို့သည် သား(၃)ဦးပင်ဖြစ်ပါ သည်။ မူရင်းကဲ့သို့ပင် ဖြစ်ပါသည်။

164 ၁၆၄။ သူ၏အပြစ်ကင်းစင်သော သာသနာတော်အတွက် သူ့ကိုယ်တိုင်ပင် ဖြစ်ပါသည်။ လူအချို့မဟုတ်ပါ။ ဂိုဏ်းဂဏအချို့ မဟုတ်ပါ။ (ထိုခေတ်ကာလတလျှောက် သူတို့လုပ်ကိုင်ဆောင်ရွက်သွားခြင်းပင် ဖြစ်ပါသည်။) သို့သော်လည်း မိမိကိုယ်တိုင် ဖော်ပြခြင်း ခံရပါသည်။ ဂတိတော်အတွက် မိမိကိုယ်ကို ဖော်ပြ ခြင်းဖြစ်ပါသည်။ (လုကာ ၁၇း၂၈၊ မာလခိ ၄၊ ဟေဗြဲ ၁၃း၈)တို့ကို အတိအကျ မှန်ကန်စေရန် ပြုလုပ်ခြင်းဖြစ်ပါသည်။ ထိုအချိန်တွင် မည်သို့သောအချိန်ဖြစ် သင့်ပါသနည်း? အာဗြဟံ၏တော်ဝင်မျိုးစေ့သည် ဂတိထားတော်မူရာသား တော်ကို ရှာဖွေနေသောအခါ ပုံစံအားလုံးသည် ပြည့်စုံရပါမည်။ ဘုရားသခင်သည် လူသား၏ပုံသဏ္ဍာန်ဖြင့် မိမိကိုယ်တိုင်ထင်ရှားပေါ်ထွက်လာပြီး အာဗြဟံ၏သဘာဝမျိုးစေ့ဖြစ်၍ ပျက်စီးခြင်းမတိုင်မီ သခင်ယေရှုက ဤတော်ဝင်မျိုးစေ့သည် ဂတိထားတော်မူရာ သားတော်ပြန်မလာမီတိုင်အောင် အလားတူ ပင် ဖြစ်မည်ဟု ဆိုထားပါသည်။

165 ၁၆၅။ ဘုန်းတော်ကို ဖုံးကွယ်ထားသော ကန့်လန့်ကာအဟောင်းကို သတိပြုပါ။ သားရေအဟောင်းများ ဖြစ်ကြပါသည်။ နှစ်သက်စရာ အလှအပမရှိပါ။ သူ၏အသားလည်း မဟုတ်ပါ။ ထိုအကြောင်းကြောင့် လူများကပြောကြပါသည်။ "အနည်း ငယ်အသက်ကြီးသော ခါးကုန်းသည့် ထိုသို့သောသူဖြစ်ပါသည်။" အသက်(၃၀)အရွယ်ရှိ၍ မုတ်ဆိတ်မွေးများပင် ဖြူလျှက်ရှိ သည်။ သမ္မာကျမ်းစာအဆိုအရ "သူ့ကိုနှစ်သက်ရလောက်အောင် အလှအပမရှိပါ" ဟုဆိုသည်။ သူသည် ဘုရင်နှင့်မတူပါ။ သားရေဝတ်စုံအဟောင်း ဖြစ်ပါသည်။ အထဲမှာ ဘာရှိပါသနည်း?

ဤကဲ့သို့ပုပြင်းသော အဆောက်အဦကလေးထဲတွင် အတူတကွနေထိုင်ကြသော "သန့်ရှင်းသူများ" အနည်းစုရှိကြပါသည်။ သူတို့က သူ့အားနှစ်သက်စရာ အလှအပများစွာ မရှိပါဟု ဆိုထားပါသည်။ အတွင်းပိုင်းတွင် ဘာဖြစ်နေပါသနည်း? နှလုံးသားများစွာတို့မှ ဖုံးကွယ်နေလျှက်ရှိကြသည်ကို တွေ့ရပါသည်။

166 ၁၆၆။ အပြင်ပိုင်းအရ ကြည့်မည်ဆိုလျှင် ဘာမှမဟုတ်ပါ။ အားလုံးမှာ အတွင်း ပိုင်းတွင် ရှိနေပါသည်။ တခါက ၎င်း၏အ တွင်းတွင်ရှိနေပြီး သင်မြင်တွေ့ရပါသည်။ သင်အထဲသို့ မည်သို့ရောက်ရပါသနည်း? လက်ဆွဲနှုတ်ဆက်၍ ပူးပေါင်း ဆောင်ရွက်နေပါသည်။ ဟုတ်ပါသလား? မဟုတ်ပါ။ ၎င်းအထဲသို့ မွေးဖွားခြင်းပင် ဖြစ်ပါသည်။ သေဆုံးခြင်းဖြစ်သည်။ သင်၏ သားရေအဟောင်းမှ ထွက်လာရန်ဖြစ်သည်။ သင်၏အတ္တအဟောင်းမှ ထွက်လာရန်ဖြစ်သည်။ အသစ်အထဲသို့ဝင်ရောက် စေရန် ဖြစ်ပါသည်။ သားရေဝတ်စုံအဟောင်းကို ဖယ်ထုတ်လိုက်ပါ။

ရှတီနာအလင်းက မပြုလုပ်ပါ။ .... နားထောင်ပါ။ သာသနာပြုဆရာများ ဤအရာကို သင့်အားနားထောင်စေလိုပါသည်။ တချိန်က အတွင်း၌ရှိခဲ့ ပါသည်။ ... ယခုအခါ ကျွန်တော်သည် အမှန်တစ်ကယ်လွယ်ကူသည့်အရာ ကို ရယူပါသည်။ သင်ရရှိ စေရန်အတွက် သေချာပါသည်။ တခါက ကန့်လန့်ကာအတွင်း၌ ရှီတီနာဘုန်းတော်၏အောက်တွင် ရှီတီနာအလင်းသည် နှုတ်ကပတ်တော်ကို ယူဆောင်ခြင်း မရှိပါ။ သခင်ယေရှုကို ဗေဒင်ဆရာအဖြစ်ဖော်ပြ ခြင်း မဟုတ်ပါ။ ယနေ့ဂိုဏ်းဂဏများ ပြုလုပ်သကဲ့သို့"ဦးနှောက်ပိုင်းဆိုင်ရာ တယ်လီပသီ၊ သန့်ရှင်းသောကခုန်သူများ၊ ဗေလဇေဗုလ" စသည်တို့ဖြစ်ပါသည်။ ရှီတီနာဘုန်းတော်သည် ထိုကဲ့သို့ကိုယ်တော်အား ဖော်ပြမည်မဟုတ်ပါ။

ရှီတီနာဘုန်းတော်သည် မျိုးစေ့ဂတိထားတော်မူသည့် အချိန်နာရီအတွက် မျိုးစေ့ကို မှည့်ဝင်းစေပါသည်။ နှုတ်ကပတ်တော်၏ အချိန်နာရီဖြစ်ပါသည်။ ကိုယ်တော်ရှင်သည် လီလီပန်းကလေး ဖြစ်နေဆဲဖြစ်ပါသည်။ ထိုမျိုးစေ့ကို ဖြစ်ပေါ်လာစေပါသည်။ လီလီပန်း၊ အသက်မုန့်၊ အာလဖနှင့်ဩမေဃ၊ မနေ့၊ ယနေ့နှင့်ထာဝရကာလအတူတူပင် ဖြစ်ပါသည်။ ကိုယ်တော်ရှင်သည် ယုံကြည်သူ၏ ကဏ္ဍဖြစ်ပါသည်။ ယုံကြည်သူကို ရှီတီနာဘုန်းတော်ကို ဖော်ပြပါသည်။ ကိုယ်တော်သည် မနေ့၊ ယနေ့နှင့်ထာဝရကာလ အတူတူပင် ဖြစ်ပါ သည်။

167 ၁၆၇။ "ကိုယ်တော်ရှင်သည် အတိတ်ကဖြစ်ခဲ့သည်။ သေဆုံးခဲ့သည်။ အားလုံးပြီး ဆုံးသွားပြီ ဖြစ်ပါသည်။ မိတ်ဆွေ သင်သည် ထိုအရာကို ယုံကြည်ပါက ရှီတီနာ ဘုန်းတော်ကို လုံးဝထိခိုက်မည်မဟုတ်ပါ။ ရှီတီနာဘုန်းတော်သည် သူ့အား ပုဂ္ဂိုလ်(၃)ပါးအဖြစ် မည်သို့ဖော်ပြနိုင်ပါမည်နည်း? ရှီတီနာဘုန်းတော်သည် ကိုယ်တော်ရှင်အား မည်သို့ဖော်ပြ၍ ဗတ္တိဇံခံခြင်း "ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသောဝိညာဉ်တော်" ၏နာမ၌ ဗတ္တိဇံခံခဲ့ပါသည်။ သမ္မာကျမ်းစာထဲတွင် ထိုကဲ့သို့ဗတ္တိဇံခံခြင်းမျိုး ရှိခဲ့ပါသလား? ရှီတီနာမှာ ဘုန်းတော်မည်ကဲ့သို့ကိုယ်တော်ရှင်အား ကန့်သတ်ထားနိုင်ပါမည်နည်း? ကိုယ်တော်ရှင်သည် မနေ့၊ ယနေ့နှင့်ထာဝရကာလ အတူတူပင် ဖြစ်ပါသည်။ ကိုယ်တော်ရှင်အား တမန်တော်အဖြစ် ကန့် သတ်ထားခြင်း ဖြစ်ပါသလား?

ရှီတီနာဘုန်းတော်သည် ကိုယ်တော်ရှင်အား နှုတ်ကပတ်တော်ဂတိတော်ကို သင့်အထဲမှ ပေါ်ထွက်လာစေသည်။ ထိုအ ကြောင်းကြောင့် မောရှေ၏မျက်နှာကို အုပ်ထားရခြင်း ဖြစ်ပါသည်။ အကြောင်းမှာ သူ့အထဲ၌နှုတ်ကပတ်တော် ရှိနေသော ကြောင့် ဖြစ်ပါသည်။ သူသည်သခင်ယေရှုကို နှိမ့်ချသောလူသားတစ် ဦးအနေနှင့် ဖုန်းကွယ်ထားပါသည်။ ယေဟောဝါ ဘုရားကို တွေ့မြင်ခြင်းမှကာ ကွယ်ထားပါသည်။ သူသည် မိမိကိုယ်ကို ဖုံးကွယ်ထားပါသည်။ မြေအိုးထဲတွင် ရှီတီနာဘုန်း တော်နှင့် ဖုန်းကွယ်ထားခြင်း ဖြစ်ပါသည်။ အပြင်ပိုင်းသည် သန့်ရှင်းစွာ ကခုန်သူများ၊ ဟောင်းနွမ်းသော အသေကောင် သားရေနှင့်တူပါသည်။ သို့သော်လည်း အတွင်းပိုင်းမှာ ရှီတီနာဘုန်းတော်ဖြင့် ဖုန်းကွယ်ထား၍ ရှေ့တော်မုန့်ကို မှည့်ဝင်းစေ သည်။ နယ်မြေကို မိုင်ရာပေါင်းများစွာ ကားမောင်း ၍ ဖြတ်ကျော်သွားရပါသည်။ ၎င်းသည် ယုံကြည်သူ၏အစာ ဖြစ်ပါသည်။ ယုံကြည်သူတစ်ဦးအတွက်သာ ဖြစ်ပါသည်။ ရှေ့တော်မုန့်မှာ ယုံကြည်သူများအ တွက်သာ ဖြစ်ပါသည်။ ရှေ့တော်မုန့်မှာ ယုံကြည်သူများအတွက်သာ ဖြစ်ပါသည်။ ရှေ့တော်မုန့် မျိုးစေ့ဖြစ်ပါသည်။ ၎င်းဘာလုပ်ပါသနည်း? ထိုရှတီနာ ဘုန်းတော် သည် ရှေ့တော်မုန့်အပေါ်သက်ရောက်၍ ပျက်စီးခြင်းမှကာကွယ် ပါသည်။

168 ၁၆၈။ ကောင်းကင်မှလာသော မန္နမုန့်သည် ခေတ်အဆက်ဆက် ရှတီနာဘုန်းတော်၌ ရှိနေပါသည်။ ၎င်းသည် ပုပ်သိုးပျက် စီးနိုင်ပါသည်။

ရှီတီနာဘုန်းတော်၏ အပြင်ဖက်တွင် "အံ့ဘွယ်နိမိတ်လက္ခဏာများ၏နေရက် ကုန်ဆုံးပြီ ဖြစ်ပါသည်။ အားလုံးမှာ အယူသည်းနေကြခြင်းပင် ဖြစ်ပါသည်။" သို့သော်လည်း အတွင်း၌......

169 ၁၆၉။ အီဂျစ်နိုင်ငံတွင် သူတို့ထံ၌ နေကြာပန်းမျိုးစေ့ရှိ၍ ယောသပ်၏နေရက် များတွင် ထည့်သွင်းထားခြင်း ဖြစ်ပါသည်။ နှစ်ပေါင်း(၄၀၀)နီးပါး လွန်ခဲ့သော ကာလက ယောသပ်က သူတို့အားထည့်သွင်းထားခဲ့ခြင်း ဖြစ်ပါသည်။ သူ တို့ အားသူက ပြုစုပျိုးထောင်ခြင်း ဖြစ်ပါသည်။ သူတို့အသက်ရှင် ခဲ့ကြပါသည်။ အဘယ်ကြောင့်နည်း? သူတို့ထံမှာ အသက်ရှိသောကြောင့် ဖြစ်ပါသည်။

170 ၁၇၀။ ယနေ့တွင် ရှတီနာဘုန်းတော်မှာ မည်သို့ဖြစ်ပါသနည်း? ကန့်လန့်ကာကို ဖြတ်ကျော်၍ သင့်ရှေ့တွင်မည်သူရပ် နေကြောင်း ကြည့်ရန်ပင် ဖြစ်ပါသလား? မီးတိုင်ပင် ဖြစ်ပါသည်။ သူ့အား လူအသွေးအသားဖြင့် ဖုံးကွယ်ထားခြင်း ဖြစ်ပါ သည်။ ၎င်းကဘာလုပ်ပါသနည်း? ရှေ့တော်မုန့်၏မျိုးစေ့ ဖြစ်ပါသည်။ နှုတ်ကပတ်တော်ဖြစ်၍ ဤဂတိတော်များအားဖြင့် ကျွန်ုပ်တို့

အသက်ရှင်ကြရပါမည်။ ရှီတီနာဘုန်းတော်သည် ထိုရှေ့တော်မုန့်ကို မှည့်ဝင်းစေပါသည်။ ယုံကြည်သူအတွက် စားစရာမုန့်ဖြစ် စေပါသည်။ သမ္မာကျမ်းစာ၏ စာမျက်နှာများထဲတွင် နှစ်စဉ်ဖြစ်ပေါ်စေ၍ ဤခေတ်ကာလအတွက် နှုတ်ကပတ် တော် ဖြစ်စေပါသည်။

ဂိုဏ်းဂဏများအတွက် ၎င်းသည် ထိမိ၍လဲစရာဖြစ်ပါသည်။ ဂိုဏ်းဂဏများက သူ့အားထိမိ၍လဲကြသည်။ လူသား၊ ဝက်စလီ၊ မာတင်လူသာနှင့်အားလုံး၊ စန်ကီ၊ ဖင်နီ၊ ဂ္ဂနိစမစ်နော(စ) တို့အားလုံး ထိမိကြသည်။

171 ၁၇၁။ နောက်ဆုံးသောနေ့ရက်များတွင် ဘာလုပ်ရပါမည်နည်း? ဘာကိုဖော်ပြရပါမည်နည်း? "ယူဆောင်လာပါ" မာလခိ(၄) က ဘာလုပ်ရပါမည်နည်း? ထိုထိမိ၍ လဲစရာမှ လှည့်ထွက်ရန်ပင် ဖြစ်ပါသည်။ အစဉ်အလာများကို ချိုးဖျက်ရန်ပင် ဖြစ်ပါသည်။ ရှီတီနာဘုန်းတော်နှင့် ရှေ့တော်မုန့်ကို ဖော်ပြရန်ပင်ဖြစ်ပါသည်။ ၎င်းသည်မှည့်ဝင်းလာပြီး ၎င်းကအတိအကျ ပြောဆိုသည့်အတိုင်း အတိအကျဖြစ်ပေါ်လာမည့်အရာကို ကြည့်ပါ။ ဤခေတ်ကာလ၏ ရှေ့တော်မုန့်ဖြစ်ပါသည်။ ဂိုဏ်းဂဏ များအတွက်မူ ထိမိ၍လဲစရာ "အယူသည်းအဖွဲ့" ပင်ဖြစ်ပါသည်။ သို့သော်လည်း ကိုယ်တော်ကိုယုံကြည်သူ ကျွန်ုပ် တို့မှာ ....

172 ၁၇၂။ (ဗျာဒိတ် ၁၀)တွင် ဂတိတော်ရှိသည့်အတိုင်း ဘုရားသခင်၏နက်နဲရာများကို လို့ဝှက်ထားသည်မှာ နှစ်ပေါင်းများစွာ ကြာမှသာလျှင် မှည့်ဝင်းလာပါမည်။ သတ္တမမြောက် ကောင်းကင်တမန်၏ ခေတ်ကာလတွင် ပေါ်ထွက်လာပါမည်။ ၎င်းသည်မှန်ကန်ပါသလား¿ လွန်ခဲ့သောတနှစ်နှင့် ခြောက်လခန့်အလွန်က ယခုဆိုလျှင် (၂)နှစ်ခန့်ရှိသည့်အချိန်တွင် ကိုယ်တော်ရှင်ဘာပြောပါသနည်း¿ Tucson သို့ထွက်သွားပါ။ Tucson ၏မြောက်ပိုင်းတွင် ဖြစ်ပါစေ။ ကြီးမားသော ပေါက်ကွဲမှု ဖြစ်ပါသည်။ ၎င်းနောက် ဘာဖြစ်လာပါမည်နည်း? တံဆိပ်များကို ခွာလိုက်ပါမည်။ ဤအရာများကို ဖော်ပြမည့် တံဆိပ်ဖြစ်ပါသည်။ သူပြောသကဲ့ သို့ ပြန်လာပါ။ ၎င်းသည် ဘာဖြစ်ပါသနည်း? လူသားမဖြစ်နိုင်ကြောင်း ဖော်ပြထားပါသည်။ တချိန်စီတွင် ဖြောင့်မှန်နိုင်သလောက် ဖြောင့်မှန် စွာအတိအကျ ထိမှန်ပါသည်။ သူသည် မိမိကိုယ်ကို ကလေးငယ်များ အတွက် ဖော်ပြနေခြင်း ဖြစ်ပါသည်။

173 ၁၇၃။ သမ္မာကျမ်းစာထဲတွင် ပါဝင်သောပုံပြင်တစ်ခုစီကို ကြည့်ပါ။ သမ္မာကျမ်းစာ၏ပုံစံတိုင်းကို ကြည့်ပါ။ ကျွန်တော်တို့ရှေ့တွင် ပေါ်လွင်စေရန် ပြုလုပ်ပါသည်။ အလားတူဘုရားသခင်ဖြစ်၍ (မီးတိုင်ထဲတွင်) သမ္မာကျမ်းစာကို ရေးသားသူ ဖြစ်သည်။ ဓမ္မသစ်နှင့်ဓမ္မဟောင်း နှစ်မျိုးစလုံးတွင် ပါဝင်ပြီး မိမိကိုယ်ကိုဖော်ပြ ထားခြင်း ဖြစ်ပါသည်။ ၎င်းသည် ဘာဖြစ်ကြောင်း အတိအကျ ဖော်ပြထားပြီး အနက်အဓိပ္ပါယ်ဖွင့်ဆိုထားခြင်း ဖြစ်ပါသည်။ အနက်အဓိပ္ပါယ်ဖွင့်ဆိုထားခြင်း ဖြစ်ကြောင်း သေချာစေပါသည်။

"ကျွန်ုပ်တို့သည် အနက်အဓိပ္ပါယ်ဖွင့်ဆိုခြင်းကို ရရှိပါသည်။ ဘာဖြစ်သည်ကို ကြည့်ကြပါစို့။ ဖော်ပြခြင်းခံရသည်ကို ကြည့်ကြပါစို့။"

ဖော်ပြခြင်းဖြစ်ပါသည်။ သခင်ယေရှုမိန့်တော်မူသည်မှာ "ငါ့ခမည်းတော် ၏အလုပ်များကိုငါမလုပ်ပါက ငါ့ကိုမယုံကြည်ပါနှင့်" သက်သေပြရန်လို ကြောင်း သဘောပေါက်ပါသလား?

သခင်ယေရှုကဲ့သို့သက်သေပြခြင်း မခံရပါက သူ၏ခေါင်းပေါ်တွင် အ ဝတ်စုတ်ပတ်၍ ခေါင်းကိုရိုက်နက်ခြင်း ခံကြရပါသည်။ "သင်သည်ပရောဖက် ဖြစ်ပါက သင့်ကိုမည်သူရိုက်ကြောင်း ကျွန်ုပ်တို့ကိုပြောပါ။ သင်သည် ဘုရားသားတော်ဖြစ်ပါက ဤမုန့်ကိုပြောင်းလဲစေပါ။" ထိုအရာသည် နတ်ဆိုးဖြစ်သည်။ "သင်သည် ဘုရားသားတော်ဖြစ်ပါက ထွက်လာခဲ့ပါ။ ..." သူပြုလုပ် ရန်ရည်ရွယ်သည့် ဗျာဒိတ်တော်ကို ကျွန်တော်ဆိုလိုခြင်း ဖြစ်ပါသည်။

174 ၁၇၄။ ဗျာဒိတ်(၁၀)တွင် ဖော်ပြထားသကဲ့သို့ဘုရားသခင်၏နက်နဲအရာများကို ဖော်ပြထားခြင်း ဖြစ်ပါသည်။ တံဆိပ်(၇)ခုပါ သော ဂတိထားတော်မူရာ စာအုပ်ကဲ့သို့ဖြစ်ပါသည်။

နှုတ်ကပတ်တော်တည်းဟူသော ကိုယ်တော်ကိုသင်ယုံကြည်ပါ။ ဗျာဒိတ် (၁၀) တွင်...သို့မဟုတ် ဗျာဒိတ်(၁၉)တွင် ....ဖော်ပြထားသည်မှာ ကိုယ်တော်ရှင် ကြွလာတော်မူသောအခါ "ဘုရားသခင်၏နှုတ်ကပတ်တော်" ဟုခေါ် ဆိုပါမည်။ မြင်းဖြူကြီးကိုစီး၍ ကိုယ်တော်ရှင်၏နောက်တော်တွင် ကောင်းကင်၏ နောက်လိုက်များ ရှိကြပါသည်။

ပညာရေးဆိုင်ရာ ဂိုဏ်းဂဏဆိုင်ရာ ကန့်လန့်ကာကို ဖြိုဖျက်ပစ်လိုက်ပါ၊ အစဉ်အလာဆိုင်ရာ ဂိုဏ်းဂဏကန့်လန့်ကာကို ဖြိုဖျက်ပစ်လိုက်ပါ။ သင့်ထံမှ ဖုံးကွယ်နေသော ကန့်လန့်ကာများကို ချိုးဖဲ့ပစ်လိုက်ပါ။ အမျိုးသမီးများ မာန်မာနကန့်လန့်ကာ များကို ချိုးဖဲ့ပစ်လိုက်ပါ။ သင်တို့သည် ဘုရင်ကြီး၏သမီးတော်များ ဖြစ်ကြပါသည်။ သမီးတော်များကဲ့သို့ပြုမူကြပါ။ အသက်ရှင်ကြပါ။ ကန့်လန့်ကာအားလုံးကို ချိုးဖဲ့ပစ်လိုက်ပါ။ Ph.D. နှင့် L.L.D များဘာပြောပြော ဂရုမစိုက်ပါနှင့်။ "၎င်းသည် သမ္မာကျမ်းစာနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။" ထိုဖုံးကွယ်မှုကို ချိုးဖဲ့ပစ်လိုက်ပါ။ ကျွန်တော်တို့သည် ထိုကန့်လန့်ကာကို ဖြတ် ကျော်ခဲ့ပြီး ဖြစ်ပါသည်။ ကျွန်တော်တို့မှာ ယခုအခါတွင် အခြားတစ်ဖက်သို့ရောက်နေပါပြီ။ ထိုအစဉ်အလာ ဟောင်းများ ကိုပစ်ပယ်၍ ကိုယ်တော်ရှင်ထံ တော်ပါးသို့ တိုးဝင်ချဉ်းကပ်ပါ။ ကိုယ်တော်ရှင်ရပ်လျှက်နေသည်ကို သင်တွေ့ရပါမည်။ ကြီးမြတ်တော်မူသော အောင်မြင်သူ ဤခေတ်ကာလအတွက် ဖော်ပြ တော်မူသော နှုတ်ကပတ်တော်ဂတိ ဖြစ်ပါသည်။ ကြီးမြတ်တော်မူသော ဘုရားသခင်ကို ကန့်လန့်ကာဖွင့်လျှက် သင်တွေ့ရပေမည်။ ကျွန်တော်တို့အခြားကန့် လန့်ကာဖွင့် လျှက် ကြီးမြတ်တော်မူသော ဘုရားသခင်ကို အစဉ်အလာများအား ဖြင့် မအောင်မြင်ဘဲ ရှိနေပါသည်။

175 ၁၇၅။ သူတို့က သူ့အားထိုနေရာတွင် ဖုန်းကွယ်ထားပါသည်။ နှစ်ပေါင်းများ စွာကြာစေရန် သူတို့ကပြုလုပ်ခဲ့ကြခြင်း ဖြစ်ပါ သည်။ သို့သော်လည်း ဂတိတော် အချိန် ရောက်လုနီးပါပြီ။ တချိန်က ဘုရားသခင်သည် မောရှေကိုပေါ်ထွက် လာစေပြီး ကလေးများကိုလည်း လွတ်မြောက်စေခြင်း ဖြစ်ပါသည်။ သူ့အားအနိုင်ယူ၍မရပါ။ "ကောင်းကင်နှင့်မြေကြီး မတည်သော် လည်း ငါ့စကားတည် လိမ့်မည်" ဟု ဆိုထားပါသည်။ ကိုယ်တော်ရှင်သည် မနေ့၊ ယနေ့နှင့်ထာဝရကာ လအတူတူပင် ဖြစ်ပါသည်။

သူတို့၏အဆိုအရ "မပြုလုပ်နိုင်ပါ" ဟုဆိုသည်။ သို့သော်လည်း ပြုလုပ်ခဲ့ပြီး ဖြစ်ပါသည်။ ၎င်းသည် ပြီးစီးပါက "နတ်ဆိုး နှင့်ဆိုင်သည်" ဟုသူတို့ကဆိုကြ ပါသည်။

သို့သော်လည်း ဘုရားသခင်၏နှုတ်ကပတ်တော်ကို လုံးဝမပြောင်းလဲစေပါ။ ယုံကြည်သူအတွက် ၎င်းသည် "ဘုရား" ဖြစ်မြဲပင် ဖြစ်ပါသည်။ ကြီးမားသော အောင်မြင်သူ၊ မနေ့၊ ယနေ့နှင့်ထာဝရကာလ အတူတူပင် ဖြစ်ပါသည်။ သူ၏ သဘာဝအ တိုင်း သူ၏နှုတ်ကပတ်တော်အားဖြင့် ဖြစ်ပါသည်။ (ဟေဗြဲ ၁၃း၈)

176 ၁၇၆။ ဤအရာကို ပြောဆိုရန်အတွက် ကျွန်တော်ကနိဂုံးချုပ်ပါမည်။ "(၁၂)နာရီထိုးရန် (၁၅)မိနစ်ရှိသောကြောင့် ဖြစ်ပါ သည်။ ကျွန်တော့်အတွက်(၁၀-၁၂)နှင့် ထိုထက်ပို၍ ရှိပါသည်။ အခြားအချိန်တစ်ချိန်တွင် ကျွန်တော်ရအောင် ကြိုးစား ပါမည်။ ယနေ့ည ဖြစ်နိုင်ပါသည်။

တချိန်က ပစ္စည်းအဟောင်းများ ရောင်းသည့်အချိန်တွင် တယောတစ်လက် ရှိပါသည်။ ရောင်းသူက "ဘယ်လောက်ပေး ရမှာလဲ?" ဟုမေးသည်။ နှစ်ပေါင်းများစွာ ကြာပြီဖြစ်ပါသည်။ သူတို့သည် တယောအိုကြီးကို ကောက် ကြည့်၍ နောက်ဆုံး တစ်ဒေါ်လာ ထုတ်ပေးပါသည်။

177 ၁၇၇။ ထိုအနားတွင်ထိုင်နေသူတစ်ဦးက တယောကိုရောင်းရန်ဟု မထင်မြင်ယူဆဘဲ ကောက်ယူ၍ တီးကြည့်ပါသည်။ လက်ဖြင့်ခတ်ကြည့်ပြီး တယောတံဖြင့် ထိုး၍ ကြည့်သည်။ ဂီတသံစဉ်တပုဒ် ပေါ်ထွက်လာသည်။ သူထိုကဲ့သို့တီးခတ် လိုက်သောအခါ လူတိုင်းအော်ဟစ်၍ အားပေးကြပါသည်။ ဤကဲ့သို့သော ဂီတမျိုး သူတို့တစ်သက်မကြားဘူးကြပါ။ လေလံတင်ရောင်းချသူက "ငါ့ကိုပေး တဲ့ဈေးက နည်းလှချည်လား?"

"(၂၀၀၀၊ ၅၀၀၀၊ ၁၀၀၀၀)" စသည်ဖြင့် ဈေးတက်လာပါတော့သည်။ ထိုသို့ ဘာကြောင့်ဖြစ်ရပါသနည်း? တူရိယာပစ္စည်း အိုကြီးထဲတွင် ဖုန်းကွယ်နေသော သခင်၏လက်ရာတော် ပေါ်လွင်လာပါသည်။

ယခုလည်း ထိုနည်းတူပင် ဖြစ်ပါသည်၊ စာအုပ်ဟောင်းကြီးဖြစ်ပြီး စုတ်ပြဲနေပါသည်။ ပြက်ယယ်ပြုခြင်းခံရ၍ မီးရှို့ဖျက်ဆီးခြင်း ခံရပါသည်။ သရော်လှောင်ပြောင်ခြင်း ခံရပါသည်။ အချိန်ကျရောက်လာသောအခါ သူတို့မှာ ဂိုဏ်းဂဏ ဆိုင်ရာလေလံတင်ပွဲ ဖြစ်ပေါ်လာပါသည်။ ကမ္ဘာ့အသင်းတော်များ ကောင်စီ ဖြစ်ပါသည်။ သူတို့သည် ဘယ်သူနှင့်မှမဆိုင်သော လုပ်ငန်းကဲ့သို့ရောင်းချခြင်း ပြုလုပ်ပါသည်။ ဂိုဏ်းဂဏဆိုင်ရာ လေလံတင်ပွဲ ရောက်လာပါ သည်။

178 ၁၇၈။ သို့သော်လည်း စာအုပ်ဟောင်းကြီးထဲတွင် ဂတိပေးထားသကဲ့သို့ကြိုတင် ပြင်ဆင်ထားသော ဘိသိတ်ပေးထား သည့်လက်သည် တနေ့ရောက်လာမည်။ ၎င်းကို ကောက်ယူ၍ ဤစာအုပ်၏ နှုတ်ကပတ်တော်ကို ၎င်းအထဲတွင်ရှိသော ဂတိတော်များကို ဖော်ပြရန်ပင် ဖြစ်ပါသည်။ (ကြိုတင်ခွဲခန့်ထားသော နှလုံးသားအတွက်၊ ကြိုတင်ပြင်ဆင်ထားသော တာဝန်အတွက်) သန့်ရှင်းစွာ ကခုန် သူများကဲ့သို့ ဖြစ်နေသော်လည်း ကိုယ်တော်ရှင်၏လက်တော်၊ နှုတ်ကပတ်တော် သည် ၎င်းအပေါ်တွင် ရှိစေပါသည်။ ထိုနှုတ်ကပတ်တော်ကို ဖော်ပြရန်အတွက် သန့်ရှင်းစွာ ကခုန်သူထက်ပိုပါသည်။ ကျွန်ုပ်တို့တစ်ဦးစီအတွက် မိတ်ဆွေများ မဟုတ်ပါလား¿ အယူသည်းသူ အုပ်စုမဟုတ်ပါ။ တယောထိုးတံသည် မည်သူ့လက်ထဲတွင် ရှိနေသည့်အပေါ်တွင်သာ မူတည်ပါသည်။ ဆုတောင်းကြပါစို့။

179 ၁၇၉။ ကောင်းကင်ဘုံရှင်အဖ၊ ယုံကြည်ခြင်းအားဖြင့် ယနေ့ကျွန်တော်သည် စာအုပ်ဟောင်းကြီး၏ သခင်ကိုတွေ့မြင်ရပါ သည်။ သူတို့သည် အစဉ်အလာ များအတွက် ဂိုဏ်းဂဏများအတွက် ခံယူချက်ကိုရောင်းစားကြသည်။ ယခုအခါ သူတို့ သည် ကမ္ဘာ့အသင်းတော်များကောင်စီ၊ လူသားများကောင်စီ၊ ကွန်မြူနစ်၊ ဘုရားမဲ့ဝါဒီများအတွက် ခံယူချက်ကို ရောင်းစားကြသည်။ ကိုယ်တော်ရှင်ကို လေလံတင်ကြခြင်း ဖြစ်သည်။

ဘုရားရှင် ရှေ့သို့တဆင့်တိုးလာပါ။ ကိုယ်တော်အမှန်တကယ်ပင် ကျွန်ုပ်တို့အား ပရောဖက်ကို စေလွှတ်ပါမည်။ ကိုယ်တော် ရှင် ထိုလေးကိုကောက်ယူ၍ ဤနှုတ်ကပတ်တော်ကိုကောက်ယူပြီး သခင်ယေရှုသည် မနေ့၊ ယနေ့နှင့်ထာဝရ အတူတူပင် ဖြစ်ကြောင်း သက်သေပြတော်မူပါသည်။ ကိုယ်တော်ရှင်များစွာ သောသူတို့မှာ သူတို့၏ဘဝများကို ရောင်းစားမည်။ သူတို့၏အစဉ်အလာများကို ပစ်ပယ်လိုက်မည်။ ကန့်လန့်ကာများကို ချိုးဖဲ့ပစ်မည်။ သူတို့လုပ်လိုပါသည်။ သူတို့ဘာ ဘဲဖြစ်ဖြစ်ပေးမည်။ သူတို့ကို ယေရှုပေးပါ။

ကိုယ်တော်ယခုပင် သူတို့အား ကိုယ်တော်သည် သက်သေပြပြီဟု ကျွန်တော် ယူဆပါသည်။ သူတို့နေရာတိုင်းမှ လာပါသည်။ သူတို့အလုပ်လုပ်၍ရ သောငွေများကို အသုံးပြုကြသည်။ သူတို့အားလုံး ဘာဖြစ်ဖြစ်လုပ်ကြသည်။ စည်းဝေးပွဲသို့ရောက်ရန် ကြိုးစားကြသည်။ သူတို့လုပ်နိုင်သမျှအားလုံးကို လုပ်၍ အကြောင်းတန်ဘိုးကြီးလှသော ပုလဲလုံးကို သူတို့တွေ့ကြသော ကြောင့် ဖြစ်သည်။ အခြားအရာများမှာ နည်းပါးလှပါသည်။ သူတို့ကို ကောင်းချီးပေးပါ အဖ။

180 ၁၈၀။ ယနေ့မနက် ဤတရားဟောစင်ပေါ်တွင် လက်ကိုင်ပုဝါများ တင်ထားပါသည်။ ကိုယ်တော် အချို့တို့မှာ ယနေ့အနာ ရောဂါငြိမ်းစေခြင်း စည်းဝေးမတိုင်မီ သူတို့ပြန်ကြရပါမည်။ အိုထာဝရဘုရားသခင် အောက်သို့ငုံ့ကြည့်တော်မူပါ။ ကိုယ်တော် ရှင် ဤနေရာမှာရှိကြောင်း ကျွန်တော်သိပါသည်။ ကိုယ်တော်ရှင်မှာ ဖုံးကွယ်ခြင်း ခံနေရပါသည်။ ဤကန့်လန့်ကာကလေးများ လက်ကိုင်ပုဝါကလေးများနှင့် ကလေးငယ်ကလေးများအတွက် အနီးကလေးများကို ကျွန်တော်ပို့လိုက်ပါသည်။ ကန့်လန့်ကာ တံုကင်အဖြစ် ပေးပို့ခြင်းဖြစ်ပါသည်။ ကိုယ်တော်ရှင်၏ နှုတ်ကပတ်တော်ကို ယနေ့မနက်ဟောပြောပါမည်။ ယုံကြည်သူတစ်ဦး အနေနှင့် ကျွန်တော်၏လက်များကို တင်၍ကျွန်တော်ယုံကြည်ကြောင်း အထောက်အ ထားပြုလုပ်ခြင်း ဖြစ်ပါသည်။ ယုံကြည် ခြင်းအားဖြင့် ဤအဆောက်အဦထဲရှိ အရာတစ်ခုစီမှာ အလားတူပြုလုပ်လျှက် ရှိပါသည်။ ကိုယ်တော် ဖျားနာသူများ ကျန်းမာကြပါစေ။

181 ၁၈၁။ တယောဆရာအိုကြီးက တယောကိုခတ်သကဲ့သို့ကိုယ်တော်ရှင်သည် နှုတ်ကပတ်တော်ကို ခတ်နိုင်ပါသည်။ ကိုယ်တော်ရှင်မှန်ကန်သော တီးလုံးကိုတီးစေ ပါ။ ကိုယ်တော်ရှင်၏လက်တော်ထဲတွင် တယောတံရှိပါသည်။ ကျွန်တော်တို့မှာ ကိုယ်တော်ရှင်ကို မြင်ကွင်းတွင် ပြည့်ပြည့်ဝဝ တွေ့ရပါမည်။

တယောအိုကြီးအတွက် သူတို့ဘာမှ မပေးလိုကြပါ။ သူတို့က တယောအိုကြီးကို မလိုလားကြပါ။ သူတို့အိမ်ထဲတွင် ထားရန်မ လိုလားကြပါ။ သို့သော်လည်း တီးခတ်တတ်သူက ကောက်ယူ၍တီးခတ်လိုက်သောအခါ ထိုတယောအို ကြီးကိုရရန် အရာခပ် သိမ်းကို သူတို့ရောင်းချကြပါသည်။ သူတို့မှာ တယောအိုကြီးကို အလုအယက် ဖြစ်နေကြပါသည်။ အလွန်နောက်ကျသွား ပါပြီ။

182 ၁၈၂။ ကိုယ်တော်ရှင်၏ တံပိုးသံကြားရမည့်အချိန် ရောက်လာပါမည်လား? အချိန် မရှိတော့ပါ။ ကြည့်ခြင်းခံရပြီး ဟာသပြု ခြင်းခံရသူများ ဖွင့်ထားသော ကန့်လန့်ကာရှေ့ရပ်နေသူများ ဘုရားသခင်၏နှုတ်ကပတ်တော်ကို တွေ့မြင်ရပြီး ဖော်ပြခြင်းခံ ရသူများ .... အခြားသောသူများက ထိုအတွက် အော်ဟစ်ကြပါမည်။ သင်က “သိပ်နောက်ကျသွားပြီ” ဟုဆိုပါသည်။ (သူတို့မင်္ဂလာဆောင်ပွဲ သို့ ဝင်ရောက်သွားကြပါပြီ) သူတို့မှာ အံသွားကြိတ်ခြင်း၊ ငိုကြွေးခြင်းနေရာတွင် ကျန်နေကြရပါသည်။

ကိုယ်တော်ရှင်အဖ၊ ယနေ့မနက်အားလုံးကို ယုံကြည်နိုင်ရန် မစတော်မူပါ။ အတ္တဆန်သော အတားအဆီးများ မယုံကြည် သောအတားအဆီးများနှင့် ကြီး မြတ်တော်မူသော အောင်မြင်သူက ယုံကြည်သူများအတွက် အတားအဆီးကို ဖယ်ရှားစေပါ။ “ကပ်ကမ္ဘာကုန်ဆုံးသည့်တိုင် သင်တို့နှင့်အတူ ငါရှိမည်။ ကမ္ဘာလောကကြီးက ငါ့ကိုတွေ့ရတော့မည်မဟုတ်သော်လည်း သင်တို့ကသာ တွေ့ရပါမည်။ ”ကိုယ်တော်ရှင် ကျွန်ုပ်တို့အလယ်တွင် မိမိကိုယ်ကိုဖော်ပြတော်မူပါ။ ထိုနည်းတူ ကျွန်ုပ်တို့နှင့် အတူ အမြဲရှိတော်မူပြီး en morphe ကပြောင်းလဲသွား သောအခါ ကိုယ်တော်ရှင်သည် လူသားတော်နှင့်ဒါဝိဒ်၏ သား တော်ဖြစ်သည့်တိုင် ရှိတော်မူပါ။ ချပေးတော်မူပါကိုယ်တော်။ သခင်ယေရှု၏နာမတော်မြတ်၌ တောင်းလျှောက်ပါသည်။

ကျွန်တော်တို့ခေါင်းငုံ့လျှက်နေကြစဉ်အခါ အားလုံးဆုတောင်းကြပါ။

183 ၁၈၃။ ဤနေရာမှာ ခေါ်ဘိတ်၍ရှေ့သို့ထွက်လာစေရန် နေရာမရှိပါ။ ဤအရာမှာ အမှန်တရားဖြစ်ကြောင်း သင်ယုံကြည်ပါ သလား? ယနေ့ကျွန်တော်တို့အသက်ရှင်နေကြသော နေ့ရက်ကာလတွင် ရှုပ်ထွေးလျှက် သိပ္ပံခေတ်ဖြစ်ပြီး နောဧခေတ် ကာလကကဲ့သို့ မောရှေခေတ်ကာလကဲ့သို့ခရစ်တော်၏နေ့ရက်များကဲ့သို့ဘုရားသခင်သည် ကြီးမြတ်တော်မူသော ခမည်းတော်ဖြစ်၍ ကျွန်တော်တို့ အားလုံးမှာ ကိုယ်တော်ရှင်အထဲသို့ဖွားမြင်ခြင်းကို ခံကြရသည်။ ကိုယ်တော်သည် ယနေ့ကျွန်ုပ်တို့အလယ်တွင် ရပ်လျှက်နေပါသည်ဟု သင်ယုံ ကြည်ပါသလား?

184 ၁၈၄။ သိပ္ပံနည်းကျ သက်သေပြထားလျှက်ရှိသော ဤမြင်တွေ့ရသည့် မီးတိုင်မှာ လွန်ခဲ့သော နှစ်ပေါင်းများစွာက ကျွန် တော်သည် ကလေးငယ်ဘဝက ကြုံတွေ့ခဲ့ရပါသည်။ ကျွန်တော်ဤနေရာတွင် နေမည့်အကြောင်း ပြောဆိုခဲ့ပါသည်။ ဤနေရာတွင် ဘာဖြစ်မည်ကိုလည်း ပြောဆိုခဲ့ပါသည်။ တနေ့သောအခါ မြစ် ထဲတွင် သာသနာလုပ်ငန်းကို မစတင်မှီက ပထမဆုံးနိုးထမှု မစတင်မှီက ကိုယ်တော်သည် ကောင်းကင်တွင် ပေါ်ထွက်လာ၍ မိမိကိုယ်ကိုထင်ရှားစွာ ပြသပြီး မဟာအမှုတော်မြတ်ကြီးကို ပေးအပ်ခဲ့ပါသည်။ ဤနှစ်များအတွင်း ကျွန်တော်က နှလုံးသားထဲတွင် သိုဝှက်ထားခဲ့ပါသည်။ ခရစ်တော်ကို ဖုံးကွယ်ထားပြီး ထိုမီးတိုင်ကပင် ထိုနှုတ်ကပတ်တော်ကို အနက်ဖွင့်ဆိုခြင်း ဖြစ်သည်။ ဂတိတော်အတိုင်း ပင်ဖြစ်ပါသည်။ ကျွန်တော်တို့သည် နောက်ဆုံးသောနေ့ရက် ကာလသို့ ရောက်နေပြီဖြစ်သည်။ ကိုယ်တော်ရှင် ကြွလာတော်မူ တော့မည်ဖြစ်ပါသည်။ သင်သည်

သင့်ကိုယ်သင်ထိုကန့်လန့်ကာ၏ပြင်ပတွင် တွေ့မြင်ရပါက (ပြင်ပတွင်နေခြင်းက သေခြင်းပင်ဖြစ်သည်။) ယုံကြည်ခြင်းအားဖြင့် ယနေ့မနက် “ဘုရားရှင်၏အကူအညီဖြင့်၊ သင်၏အကူအညီဖြင့် ကိုယ်တော်ရှင် ကျွန်တော်သည် ထိုကန့်လန့်ကာကို ဖောက်ထွက်သွားလိုပါသည်။ သင်ရှိနေသောနေ ရာသို့ ကျွန်ုပ်ဝင်ရောက်လိုပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော် အပြည့် အဝကို ကြည့်ရှုရန်ပင် ဖြစ်ပါသည်။”

185 ၁၈၅။ မောရှေဖြစ်စေရန် မကြိုးစားပါနှင့်။ အာရုံဖြစ်စေရန်လည်း မကြိုးစားပါ နှင့်။ လုံးဝမကြိုးစားပါနှင့်။ သင့်ကိုယ်သင်သာ ဖြစ်စေပါ။ ခရစ်ယာန်သာဖြစ်ပါ။

ခေါင်းငုံ့လျှက် လက်များကိုမြှောက်ထားပြီး ဘုရားသခင်ထံတော်တွင်ပြောပါ။ “ဘုရားသခင် ကန့်လန့်ကာအထဲတွင် ကျွန်ုပ်အားကူညီမစတော်မူပါ။” ဘုရားသခင် ကောင်းချီးပေးပါစေ။ ကောင်းမွန်ပုံပေါ်ပါသည်။

အပြင်ဘက်မှ လက်ထောင်သည်ကို ကျွန်တော်မတွေ့ရပါ။ ကျွန်တော်တွေ့ ရန်လည်းမလိုပါ။ ဘုရားသခင်တွေ့ရန်သာ လိုအပ်ပါသည်။ ကျွန်တော်တွေ့စေ ရန်မျိုးစေ့မှာ တနေရာတွင်ကျသွားပါပြီ။ ဘုရားသခင်က မှန်ကန်သောနှလုံး သားကို တွေ့မြင်ပါသည်။

လက်မထောင်ထားသော အခြားသူများရှိပါက ယခုလက်ထောင်လိုက လက်ထောင်လိုက ထောင်နိုင်ပါသည်။ လက်ထောင် ထားပါ။ ဆုတောင်းသည့်အခါ သတိရပါ။ လက်ထောင်ထားပါ။ ဘုရားသခင် ကောင်းချီးပေးပါစေ။ ကောင်းပါသည်။ ဘုရားရှင် ကောင်းချီးပေးပါစေ။

186 ၁၈၆။ အဖဘုရား ယနေ့ဤသူများအတွက် ကျွန်တော်တို့ဆုတောင်းပေးပါသည်။ ကိုယ်တော် ကန့်လန့်ကာနောက်ကွယ်မှ မထွက်သေးသောသူများအတွက် ဆုတောင်းပေးပါသည်။ ဣသရေလကဲ့သို့သူတို့ပြင်ပတွင် ရပ်လျှက်ရှိပါသည်။ သူတို့ကြည့် နေကြပါသည်။ သူတို့ယုံကြည်ကြပါသည်။ သို့သော်လည်း သူတို့ဘယ် သောအခါမှ ချိုးဖဲ့ပစ်မည်မဟုတ်ပါ။ ထိုကြီးမားသော Shekinah အလင်းကိုတွေ့ မြင်နိုင်ရန်အတွက် ဝိညာဉ်ရေးနှင့်ရုပ်ပိုင်းဆိုင်ရာ အသက်ပိုင်းဆိုင်ရာ မျက်စိကင်မရာက ဤရုပ်ပုံကို ရိုက်ကူးလျှက်ရှိပါသည်။

လွန်ခဲ့သောနှစ်ပတ်ခန့်က တဖန်ပြန်လည်၍ ဖမ်းယူရရှိပါသည်။ သင်သည် မိမိကိုယ်ကို ဖော်ပြလျှက်ရှိ ပါသည်။ ကြီးမြတ်တော်မူသော ဘုရားသခင်က ယုံကြည်သူအတွက် ကန့်လန့် ကာကို ဖွင့်ပြလျှက်ရှိပါသည်။ မယုံကြည်သူကို ဖုံးကွယ်လျှက်ပင် ရှိနေဆဲဖြစ်ပါသည်။ ယုံကြည်သူကိုမူ ဖုံးကွယ်နေဆဲဖြစ်ပါသည်။ ယ နေ့ငင်းတို့ချိုးဖဲ့ဝင်လာ နိုင်ပါသည်။ ကိုယ်တော် ကိုယ်တော်၏ကြီးမြတ်တော်မူခြင်းနှင့် ဘုန်းတော်ကို ကြည့်ပါ။ ယနေ့ည ဤဘုရားကျောင်းသို့ကျွန်တော်တို့ပြန်မရောက်မှီ သူတို့၏ နှလုံးသားများ ပြောင်းလဲပါစေ။ ကိုယ်တော်၏ဝိညာဉ်တော်ဖြင့် သူတို့အားလုံး ပြည့်ဝစေတော်မူပါ။ ကိုယ်တော်ရှင်သည် ထိုယုံကြည်ခြင်းကို ကောက်ယူတော် မူပါစေ။ နှုတ်ကပတ်တော်ကို ခြစ်ချလိုက်ပါ။ ဂီတသံစဉ် ပြန်လည်ပေါ်ထွက် လာပါစေ။ "ကမ္ဘာလောကကြီး၏ အခြေခံကိုယုံကြည်ရန် မပေါ်ထွက်လာမှီ ကိုယ်တော်ရှင် သည် ဘိသိတ်ပေးခြင်း ခံရပြီးဖြစ်ပါသည်။ ယုံကြည်ပါ။ ကယ် တင်ခြင်းရမည် ဖြစ်ပါသည်။"

187 ၁၈၇။ အဖဘုရား ကိုယ်တော်၏လက်တော်ထဲသို့သူတို့ကို ကျွန်ုပ်အပ်နှံပါသည်။ ကျွန်တော်တို့လုပ်နိုင်သည်ထက်ပို၍ ဘာမှမရှိကြောင်း သိရပါမည်။ ကိုယ်တော် နှင့်အားလုံးသက်ဆိုင်ပါသည်။ အဖဘုရား ကိုယ်တော်ကိုအပ်နှံပါသည်။ ကိုယ် တော်၏သားတော် ယေရှုခရစ်၏နာမတော်မြတ်၌ ဆုတောင်းပါသည်။ အာမင်။

ကိုယ်တော်ကိုချစ်ပါသည်။ ကိုယ်တော်ကိုချစ်ပါသည်။

ကိုယ်တော်က ကျွန်ုပ်အား ဦးစွာဖြစ်၍ ကျွန်ုပ်၏ကယ်တင်ခြင်းကို ဝယ်ယူသောကြောင့် ကားတိုင်ပေါ်တွင် ကယ်တင်တော်မူပါ သည်။ ကိုယ်တော်ကို သင်ချစ်ပါသလား?

နှစ်သက်ဖွယ်၊ နှစ်သက်ဖွယ်၊

ကျွန်ုပ်တွက် ယေရှုတိုင်ပင်ဖော်၊ ငြိမ်သက်ခြင်း အရှင်၊ ကြီးမြတ်တော်မူသောဘုရား၊

ကျွန်ုပ်ကို ကယ်တင်သည်။

အပြစ်နှင့်အရှက်တကွဲဖြစ်ခြင်းများမှ ကျွန်ုပ်ကို ကာကွယ်သည်။

ကျွန်ုပ်၏ကယ်တင်ရှင်မှာ နှစ်သက်ဖွယ်ဖြစ်သည်။ နာမတော်ကို ချီးမြှောက် တော်မူပါ။

တချိန်က ကျွန်ုပ်ပျောက်ဆုံးခဲ့ရသည်။ ယခုလမ်းပြန်တွေ့ပြီ။ တရားစီရင်ခြင်း နှင့်ကင်းလွတ်ပြီ။

သခင်ယေရှုက လွတ်မြောက်ခြင်းနှင့် ကယ်တင်ခြင်းအပြည့်အဝ ပေးသည်။

ကျွန်ုပ်ကိုကယ်တင်သည်။ အပြစ်နှင့်အရှက်တကွဲဖြစ်ခြင်း အားလုံးမှ ကျွန်ုပ်ကိုဝေးကွာစေသည်။

ကျွန်ုပ်၏ကယ်တင်ရှင်မှာ နှစ်သက်ဖွယ်ဖြစ်သည်။

ကိုယ်တော်၏နာမတော်မြတ်ကို ချီးမြှောက်ပါ။

နှစ်သက်ဖွယ်၊ နှစ်သက်ဖွယ်၊

ကျွန်ုပ်တွက်ယေရှုတိုင်ပင်ဖော် ငြိမ်သက်ခြင်းအ ရှင်၊ ကြီးမြတ်တော်မူသောဘုရား၊

ကျွန်ုပ်ကိုကယ်တင်သည်။

အပြစ်နှင့်အရှက်တကွဲဖြစ်ခြင်းများမှ ကျွန်ုပ်ကို ကာကွယ်သည်။

ကျွန်ုပ်၏ကယ်တင်ရှင်မှာ နှစ်သက်ဖွယ်ဖြစ်သည်။

နာမတော်ကို ချီးမြှောက် တော်မူပါ။

188 ၁၈၈။ ကိုယ်တော်ရှင်ရပ်နေတော်မူသည်ကို ဘယ်နှစ်ယောက် မြင်ကြပါသနည်း? ကြီးမြတ်တော်မူသော အောင်ပွဲခံသူ၊ နှုတ်ကပတ်တော်မှာ အသွေးအသားဖြစ်၍ ကျွန်ုပ်တို့ရှေ့တွင် ကန့်လန့်ကာကိုဖွင့်လျှက် အာလဖနှင့်ဩမေဃလည်းဖြစ် ၍ နောင်လာမည့်ဒါဝိဒ်၏ အမြစ်ဖြစ်တော်မူပါသည်။ လူ၏သား၊ ဘုရား၏သား ဖြစ်ပြီး ဒါဝိဒ်၏သားတော်လည်း ဖြစ်တော်မူပါ မည်လော? သင်စိတ်နှလုံးအကြွင်းမဲ့ ယုံကြည်ပါသလား? ခေတ်တစ်ခေတ်စီတွင် မိမိကိုယ်ကိုမိမိ ဖွင့်ပြတော်မူ၍ ယုံကြည်သူထံသို့ယူဆောင်လာပြီး မယုံကြည်သူက မိမိကိုယ်ကိုလူသား အသွေးအသားဖြင့် ဖုံးကွယ်ထားတော်မူပါသည်။ သူသည်ကန့်လန့်ကာ နောက် ကွယ်တွင် ဖုန်းကွယ်နေခြင်းခံရပါသည်။ ဘုရားသခင်က ဖုံးကွယ်ထား သမျှကို ချိုးဖဲ့၍ ကိုယ်တော်ရှင်ကို ကိုယ်တော်ရှင်အတိုင်း မြင်တော်မူပါစေ။

ယေရှုက ချည်နှောင်ထားသမျှအားလုံးကို ဖြည်လိုက်တော်မူပါသည်။

ယေရှုက ချည်နှောင်ထားသမျှအားလုံးကို ဖြည်လိုက်တော်မူပါသည်။

အိုယေရှုက ချည်နှောင်ထားသမျှအားလုံးကို ဖြည်လိုက်ပါသည်။

သင့်အားလွတ်မြောက်စေသည့်အချိန်တွင် ဖြစ်ပါသည်။

ယော်ဒန်မြစ် တစ်ဖက်ကမ်းတွင်

ဒေဝိ၏နှစ်သက်ဘွယ်ရာ ကွင်းပြင်များထဲ၌

အသက်ပင်များရှင်သန်လျှက်ရှိပြီး

ကျွန်ုပ်အတွက် နားနေရာနေရာဖြစ်ပါသည်။

ယေရှုက ချည်နှောင်ထားသမျှအားလုံးကို ဖြည်လိုက်ပါသည်။

(ယော်ဒန်မြစ်ကို သင်ယခုမဖြတ်ကျော်လို ပေဘူးလား? တောထဲတွင် ကြာရှည်သင့်သလောက်ကြာရှည်ပါပြီ။ ဂတိတော်များကို ဖြတ်ကျော်သွားကြပါစို့)

ယေရှုက ချည်နှောင်ထားသမျှအားလုံးကို ဖြည်လိုက်ပါသည်။

ယေရှုက ချည်နှောင်ထားသမျှအားလုံးကို ဖြည်လိုက်ပါသည်။

အို သင့်အားလွတ်မြောက်စေပါပြီ။

လက်ကိုမြှောက်၍ ယခုချီးမွမ်းကြပါစို့။

ကိုယ်တော်ကို ကျွန်ုပ်အမြဲချီးမွမ်းပါမည်။

ကိုယ်တော်ကို ကျွန်ုပ်အမြဲချီးမွမ်းပါမည်။

ကိုယ်တော်ကို ကျွန်ုပ်အမြဲချီးမွမ်းပါမည်။

ကျွန်ုပ်ကို လွတ်မြောက်စေသောကြောင့် ဖြစ်ပါသည်။ (အာမင်)

189 ၁၈၉။ သင့်ကိုကောင်းစွာ ခံစားရမည်ဟု ထင်ပါသလား? အိုမည်မျှနှစ်သက်ဘွယ် ကောင်းပါသနည်း? မည်မျှနှစ်သက် ဘွယ်နည်း၊ ကိုယ်တော်ရှင် ထိုစဉ်ကဟုတ် ပါသလား၊ ယခုတဦးနှင့်တဦး လက်ဆွဲနှုတ်ဆက်၍ ပြောကြပါစို့။

ယေရှုက ချည်နှောင်ထားသမျှအားလုံးကို ဖြည်လိုက်ပါသည်။

ယေရှုက ချည်နှောင်ထားသမျှအားလုံးကို ဖြည်လိုက်ပါသည်။

အို ယေရှုက ချည်နှောင်ထားသမျှအားလုံးကို ဖြည်လိုက်ပါသည်။

အို သင့်အား လွတ်မြောက်စေပါသည်။

ကျွန်ုပ်အစဉ်အမြဲ ကိုယ်တော်ကိုချီးမွမ်းပါမည်။

(ကြီးမြတ်တော်မူသောဘုရား)

ကျွန်ုပ် .... မနေ့၊ ယနေ့နှင့်ထာဝရကာလ အတူတူပင် ဖြစ်ပါသည်။

သူ၏ပုံသဏ္ဍာန်ကိုသာ ပြောင်းလဲစေခြင်း ဖြစ်ပါသည်။)

ကျွန်ုပ်အစဉ်အမြဲ ကိုယ်တော်ကို ချီးမွမ်းပါမည်။

ကိုယ်တော်က ကျွန်ုပ်ထံမှ ယုံကြည်ချက်များအားလုံးကို ယူဆောင်ခြင်းကြောင့် ဖြစ်ပါသည်။

ကိုယ်တော်ရှင်၏နှုတ်ကပတ်တော်ကို ယုံကြည်စေပါသည်။

190 ၁၉၀။ အို၊ သင်၏တယောတံသည် ဤနှုတ်ကပတ်တော်ကို ထိုးနှက်ဖြတ်သန်း သွားသည်ကို မကြားရပေဘူးလား? ကိုယ်တော်သည် မနေ့၊ ယနေ့၊ ထာဝရအ တူတူ ပင်ဖြစ်ပါသည်။

ကျွန်ုပ် ကိုယ်တော်ကိုအမြဲ ချီးမွမ်းပါမည်။

ကျွန်ုပ် ကိုယ်တော်ကိုအမြဲ ချီးမွမ်းပါမည်။

ကျွန်ုပ် .(ကိုယ်တော်တည်းဟူသော နှုတ်ကပတ်တော်၊) ..အမြဲချီးမွမ်းပါမည်။

(ကိုယ်တော် ဘာလုပ်ပါသနည်း?) ကိုယ်တော် ကျွန်ုပ်ကိုလွတ်မြောက်စေပါသည်။

(ကန်လန်ကာနောက်ကွယ်တွင် ဖြစ်ပါသည်။)

ဘုရားကို ချီးမြှောက်ကြပါစို့။

ကိုယ်တော်ကို ကျွန်ုပ်ချစ်ပါသည်။ သင်လည်း မချစ်ပေဘူးလား?

ကောင်းကင်နှင့်မဆိုင်ပေဘူးလား?

နှုတ်ကပတ်တော်၏ သဘောတရားများကို ကျွန်တော်နှစ်သက်ပါသည်။

သန့်ရှင်းသော ဝိညာဉ်တော်သည် နှစ်သက်ဘွယ်၊ နှိမ့်ချမှုရှိပါသည်။

ကျွန်ုပ်နှစ်သက်ပါသည်။ အို၊ စဉ်းစားကြည့်ပါ။

ယော်ဒန်မြစ်တစ်ဖက်ကမ်းတွင် (ကျွန်တော်လည်း ထိုနေရာသို့ရောက်ခါနီးပါပြီ။)

နှစ်သက်ဘွယ် ပျက်စီးခြင်းမရှိသည့်ဒေင်တွင်

(ထိုနေရာတွင် ကျွန်ုပ်ဘာတွေ့ပါမည်နည်း?)

(ဒေင်ဥယျာဉ်ကြီးထဲတွင်ရှိသော) အပင်သည် ဖူးပွင့်လျှက်....နားနေရာ..

ဘုန်းကြီးပါစေ၊ ချည်နှောင်ခြင်းမှန်သမျှကို ကိုယ်တော်ဖြည်လွှတ်ပါသည်။

ယေရှုက (အစဉ်အလာအားလုံး) ချည်နှောင်ခြင်းအားလုံးကို ဖြည်လွှတ်ပါသည်။

ယေရှုက ချည်နှောင်ခြင်းအားလုံးကို ဖြည်လွှတ်ပါသည်။

(ဂိုဏ်းဂဏအားလုံး၊ ယုံကြည်ချက်အားလုံး) ...ဖြည်လွှတ်ပါသည်။

အို၊ သင့်အားဖြည်လွှတ်ပေးပါသည်။

191 ၁၉၁။ ဘုရားရှင်ကို ချီးမြှောက်ကြပါ။µ ကိုယ်တော်ကို ကျွန်တော်ချစ်ပါသည်။ ဟေရှာယက ပြောသည်မှာ ပြောစရာပင် ဖြစ်ပါသည်။ သူသည်အတိုင်ပင်ခံ၊ ငြိမ်သက်ခြင်းအရှင် ကြီးမြတ်တော်မူသောဘုရား၊ ထာဝရအဖ၊ နှစ်သက်ဘွယ် ရာဖြစ် သည်။

နှစ်သက်ဘွယ်၊ နှစ်သက်ဘွယ်၊ ယေရှုမှာကျွန်ုပ်အတွက် ဖြစ်ပါသည်။

အတိုင်ပင်ခံ၊ ငြိမ်သက်ခြင်းအရှင်၊ ကြီးမြတ်တော်မူသောအရှင် ဖြစ်ပါသည်။

အို၊ ကျွန်ုပ်ကိုကယ်တင်၍ အပြစ်များနှင့်အရှက်ကွဲမှုများ အားလုံးမှကျွန်ုပ်ကို ကွယ်ကာတော်မူပါသည်။

ငါ၏ကယ်တင်ရှင်သည် နှစ်သက်ဘွယ်ဖြစ်သည့် ကိုယ်တော်ရှင်၏နာမတော်ကို ချီးမြှောက်ကြပါ။

ငါ၏နှလုံးသားကို ဝမ်းမြောက်စေပါသည်။ ကိုယ်တော်သည် မည်မျှနှစ် သက်ဘွယ်ရာ ဖြစ်ပါသနည်း? ဤအရာအတွက် အဆုံးမရှိတော့ပါ။ လွန်ခဲ့သော နှစ်ပေါင်း (၃၃)နှစ်ခန့်က ကျွန်တော်ဤနည်းအတိုင်း ခံရပါသည်။ ကိုယ်တော်ရှင် စောင့်နေပါ က တနေ့တွင် ကျွန်တော်၏မျက်လုံးများ မှိတ်လိုက်သောအခါ ထိုနည်းအတိုင်း ကျွန်တော်သွားရပါတော့မည်။ အာမင်၊

နှစ်သက်ဘွယ်၊ နှစ်သက်ဘွယ်၊ ယေရှုမှာ ကျွန်ုပ်အတွက် ဖြစ်ပါသည်။

အတိုင်ပင်ခံ၊ ငြိမ်သက်ခြင်းအရှင်၊ ကြီးမြတ်တော်မူသောဘုရား ဖြစ်သည်။

အို ကျွန်ုပ်ကို ကယ်တင်တော်မူပါ။ အရှက်ကွဲခြင်းနှင့် အပြစ်များအားလုံးမှ ကျွန်ုပ်ကို ကွယ်ကာတော်မူပါ။

ကျွန်ုပ်၏ကယ်တင်ရှင်မှာ နှစ်သက်ဘွယ်ရာဖြစ်သည်။ ကိုယ်တော်၏နာမတော် မြတ်ကို ချီးမြှောက်ပါသည်။

192 ၁၉၂။ ၎င်းအတွင်း၌ ဤနေ့ရက်ကာလတွင် ကျွန်တော်နေနိုင်ပါသည်။ ပေါလုက ပြောပါသည်။ “ကျွန်ုပ်သီချင်းဆိုပါက ဝိညာဉ်တော်၌ သီဆိုပါမည်။ ကျွန်ုပ်ဟော ပြောပါက ဝိညာဉ်တော်၌ ဟောပြောပါမည်။ ကျွန်ုပ်လမ်းလျှောက်ပါက ဝိညာဉ် တော်၌ လျှောက်ပါမည်။ ကျွန်ုပ်စကားပြောပါက ဝိညာဉ်တော်၌ စကားပြောပါမည်။” နှုတ်ကပတ်တော်နှင့် ဝိညာဉ်တော်အား ဖြင့် အရာခပ်သိမ်းကို ဖြစ်ပေါ်စေပါ။ ဟုတ်ပါသည် ဆရာ အာမင်၊ ၎င်းအရာအားလုံးမှာ ဘုရားသခင်၏သမ္မာတရားပင် ဖြစ်ပါသည်။

ကိုယ်တော်ကို ကျွန်ုပ်တွေ့ပါသည်။ ကြီးမြတ်တော်မူသောဘုရား ဖြစ်ပါသည်။ ဖုံးကွယ်ထားခြင်း မရှိတော့ပါ။ ကိုယ်တော် သည် ယုံကြည်ချက်များ၊ ဂိုဏ်းဂဏများကို ပြန်၍ဆွဲထားပါသည်။ ဘုရားကိုမယုံကြည်သူများ၊ ပညာရေး အစီအစဉ်များနှင့် အရာခပ်သိမ်းရှေ့ထွက်၍ ရပ်နေပါသည်။ ယုံကြည်ချက်များသည် ကိုယ်တော်ကိုအနိုင်ယူသည်ဟု သင်ထင်ပါသလား? ကမ္ဘာ့အသင်းတော်များ ကောင်စီက ကိုယ်တော်ကိုအနိုင်ယုနိုင်သည်ဟု သင်ထင်ပါသလား? သူကအရာခပ်သိမ်းကို အောင်မြင်နိုင်ပါသည်။ ချည်နှောင်ခြင်းမှန်သမျှကို ချိုးဖဲ့သည်။ ငရဲတံခါးကိုဖွင့်သည်။ တံဆိပ်ကိုခွာ၍ မြင့်မြတ်သန့်ရှင်းသော ဌာနတော်ထဲသို့ဝင်ပါသည်။ ကျွန်ုပ်တို့အတွက် မိမိကိုယ်ကို ဖွင့်ပြတော်မူပါသည်။ နှုတ်ကပတ်တော်သည် မနေ့၊ ယနေ့နှင့် ထာဝရကာလ အတူတူပင်ဖြစ်သည်။ အာမင်။ ကိုယ်တော်ကို ကျွန်ုပ်ချစ်ပါသည်။

193 ၁၉၃။ ယနေ့နေ့လည် ကျွန်ုပ်တို့တွေ့ဆုံကြသည်အထိ တခုပြုလုပ်လိုပါသည်။ ၎င်း အရာမှာ ယေရှု၏နာမကို သင်နှင့်အတူ ယူဆောင်ပါ။ ဝမ်းနည်းခြင်းနှင့်ကျိန် ခြင်း၏ကလေးဖြစ်သည်။ ဝမ်းမြောက်၍ နှစ်သိမ့်မှုကို သင့်အားပေးမည်။ အို သင် သွားသည့်နေရာတိုင်းသို့ယူဆောင်ပါ။

ကြီးမြတ်တော်မူ၍ တန်ဘိုးရှိသောနာမ

အိုမည်မျှ နှစ်သက်ဘွယ်ရာ ဖြစ်ပါသနည်း?

မြေကြီး၏မြော်လင့်ခြင်းနှင့် ကောင်းကင်၏ဝမ်းမြောက်ခြင်း

တန်ဘိုးရှိသောနာမ၊ အိုမည်မျှနှစ်သက်ဘွယ်ရာ ဖြစ်ပါသနည်းမ

မြေကြီး၏မြော်လင့်ခြင်းနှင့် ကောင်းကင်၏ဝမ်းမြောက်ခြင်း

စာတန်က သင့်ကိုနှောက်ယှက်ရန် ကြိုးစားပါက သင်သည်မှန်ကန်သော အရာကို ကြည့်နေခြင်းမဟုတ်ပါ။ ယေရှုကဲ့သို့ သူ့အားနှုတ်ကပတ်တော်ကို ညွှန်ပြပါ။ အာမင်၊

ယေရှု၏နာမတော်၌ ဦးညွှတ်လျှက်

ကိုယ်တော်၏ခြေတော်ရင်းတွင် ပြပ်ဝပ်ပါမည်။

ဘုရင်တကာတို့၏ဘုရင်ကို ကောင်းကင်တွင် ကျွန်ုပ်တို့သရဖူဆောင်းပေးပါမည်။

ကျွန်ုပ်တို့၏ခရီး ပြည့်စုံသည့်အချိန်တွင် ဖြစ်သည်။

တန်ဘိုးရှိသောနာမ (တန်ဘိုးရှိသောနာမ၊) အိုမည်မျှ ချစ်ဖွယ်ကောင်းပါသနည်း၊

မြေကြီး၏မြော်လင့်ခြင်းနှင့် ကောင်းကင်၏ဝမ်းမြောက်ခြင်း၊

မြတ်လှနာမ (ကြီးမြတ်လှ) အိုမည်မျှနှစ်သက်ဖွယ်၊

မြေကြီး၏မြော်လင့်ခြင်းနှင့် ကောင်းကင်၏ဝမ်းမြောက်ခြင်း

194 ၁၉၄။ ဘီလီ(၆)နာရီလောက် ပြန်ရောက်ပါမည်။ ဆုတောင်းခံလိုသူများအတွက် ဆုတောင်းကဒ်ကလေးများ ထုတ်ပေးပါ မည်။ ကျွန်တော်တို့လုပ်သင့်သည်ဟု ထင်ပါသည်။

ယခုကိုယ်တော်ကို သတိရပါ။ သင့်စိတ်နှလုံးထဲမှာ ကိုယ်တော်ကိုအမြဲထားပါ။

ဘယ်နေရာသွားသွား ကိုယ်တော်ကို စိတ်နှလုံးထဲမှာ အမြဲသိုထားပါ။

ယေရှုနာမကိုသင်နှင့်အတူ ဆောင်ယူပါ။ (ယခုနားထောင်ပါ)

နေရာတိုင်းမှ အကွယ်အကာအဖြစ်

(ဘာဖြစ်ပါသလဲ?) စုံစမ်းနှောက်ယှက်ခြင်းများ သင့်အားဝန်းရံလာသောအခါ

(သင်ဘာလုပ်ရပါမည်နည်း?) ဆုတောင်းခြင်းဖြင့် ထိုနာမတော်မြတ်ကိုသာ ရှူသွင်းပါ။

မြတ်နာမ (မြတ်နာမ) ချိုသာလှ

မြေနှင့်ကောင်းကင် ရွှင်မြူးရာ

မြတ်နာမ၊ ချိုသာလှ၊

မြေနှင့်ကောင်းကင် ရွှင်မြူးရာ။

ကျွန်ုပ်တို့၏ ခေါင်းများကိုငုံ့လျှက် ဆုတောင်းကြပါစို့။ သင်းအုပ်ဆရာကိုမေးပြီး ပရိသတ်ကို သူလာပြီး စုဝေးပါမည်။ Brother Neville ဘုရားသခင်ကောင်းချီး ပေးပါစေ။

www.messagehub.info

ဒေသနာ ဝေငှသူ

# ဝီလီယမ် မာရီယမ် ဗရမ်ဟမ်

“... နေ့ရက်များ၏ ကြွေးကြော်သံ ... ” (ဗျာဒိတ် ၁၀:၇)